# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၇၀]


**အရိယ သစ္စာန ဒဿနံ**
**တေံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# နိုင်ငံတော်သမ္မတဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



"နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး"

စာမျက်နှာ-၃

# ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေး ရာနှုန်းပြည့်ပြီးစီး၊ ရေကြီးရေလျှံမှုမှ ကင်းဝေးမည်



ရန်ကုန် ဇူလိုင် ၁

ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်းမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ရာ ဇွန်လတတိယအပတ်မှစတင်၍ ဖွင့်လှစ်လိုက်ပြီဖြစ်သောကြောင့် မြစ်ကြောင်းတစ်လျှောက် ဝန်းကျင်ရှိ ဒေသများမှာ ရေကြီးရေလျှံ နစ်မြုပ်မှုများမှ ကင်းဝေးတော့မည်ဖြစ်သည်။

ပန်းလှိုင်မြစ်ကြောင်းပြန်လည်တူးဖော်ရေးလုပ်ငန်းတွင် လှိုင်မြစ်ဝနှင့်ဆက်စပ်နေသော အဓိကကျသည့် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်းလမ်းဆုံမှ ပန်းလှိုင်မြစ်ကိုဖြတ်သန်းကာ တွံတေးမြို့နယ် ဝါးရုံဆိပ်ကျေးရွာအုပ်စု နံပါတ်(၅)ရွာအထိ ပေ ၁၂၅၀ ရှည်သော ပန်းလှိုင်မြစ်ပိတ် တမံကြီးကို ဇွန် ၂၃ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ပြီး ထိုသို့ဖွင့်လှစ်လိုက်သည့်အတွက် တက်သစ်ကျွန်း၊ ရွှေမယင်းကွင်းအတွင်းရှိ ကွင်းရေများမှာ တူးဖော်ထားသည့် ပန်းလှိုင်မြစ်မှတစ်ဆင့် လှိုင်မြစ်အတွင်း ပြန်လည်စီးဆင်းဝင်ရောက်မည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

## အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

စာမျက်နှာ-၁၂

## ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

စာမျက်နှာ-၁၂




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## စိုက်ပျိုးသီးနှံအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး အဓိကနိုင်ငံဖြစ်သည့် အလျောက် ရာသီဥတုစိန်ခေါ်မှုများရှိလင့်ကစား စိုက်ပျိုးရေး လုပ်ငန်းကို အတတ်နိုင်ဆုံးအောင်မြင်မှုများရရှိအောင် ကြိုးပမ်း အားထုတ်ကြရပါသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်မှုများရှိနိုင်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းသည် ရာသီဥတုအပေါ်တွင် မှီတွယ်လျက်ရှိပါသည်။ ရာသီဥတုမျှတလျှင် စိုက်ရေးပျိုးရေးကောင်းသည်။ ရာသီဥတု ဖောက်ပြန်ပါက စိုက်ပျိုးရေးလုပ်ငန်းများ ရုန်းကန်ကြိုးစားကြ ရသည်။ သီးနှံများစိုက်ပျိုးမှု၊ ထုတ်လုပ်မှု ကျဆင်းနိုင်သည်။

ယခုနှစ် မြန်မာနိုင်ငံ၏ရာသီဥတုသည် ထူးခြားမှုရှိနိုင်သော နှစ်တစ်နှစ် ဖြစ်ပါသည်။ မိုးဦးကာလတွင် လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေး အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ဤအခြေ အနေအပေါ်သုံးသပ်ပြီး ရာသီဥတုနှင့်လိုက်လျောညီထွေမှုရှိ သည့် စိုက်ပျိုးရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အရေး ကြီးလှပေသည်။ သို့မှသာ ရာသီဥတု၏စိန်ခေါ်မှုကို ကျော်လွှား ပြီး စိုက်ပျိုးထုတ်လုပ်မှုများမကျဆင်းအောင် ကာကွယ်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ဇွန် ၂၉ ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၌ကျင်းပသော အစည်းအဝေးတွင် ယခု ၂၀၁၅ ခုနှစ် စိုက်ပျိုးရေးရာသီတွင် အယ်လ်နီညိုရာသီဥတု၏ အကျိုး သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသပညာရှင် များက ခန့်မှန်းထားပါကြောင်း၊ ထိုအခြေအနေများကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နိုင်ပါ ကြောင်း၊ စိုက်ပျိုးရေသိုလှောင်မှုဖြင့် မိုးဦးရာသီစိုက်သီးနှံများ အောင်ရေရရှိမှုနှင့် ဆောင်းရာသီသီးနှံများ အစိုဓာတ်လုံလောက် မှုရရှိစေရန် အစီအမံများချမှတ်ဆောင်ရွက်ရန်ဖြစ်ပြီး အမျိုးသား ရေသိုလှောင်ရေးလှုပ်ရှားမှု (National Water Harvesting Campaign-NWHC) တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ သည်။

ဤသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ ဦးဆောင်မှုအပိုင်းသာမက စိုက်ပျိုးရေးပညာရှင်များ၊ ကျွမ်းကျင် သူများနှင့် တောင်သူလယ်သမားများ ဟန်ချက်ညီညီ အားထုတ် ကြိုးပမ်းလုပ်ဆောင်နိုင်မှသာ ထိရောက်အောင်မြင်မှု ရရှိနိုင် မည်ဖြစ်ပါသည်။ ရေသိုလှောင်ထိန်းသိမ်းရေး အစီအမံများ တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်သော်လည်း ရေရရှိမှုအလွန်နည်းပါး သော ဒေသများ၌ သီးနှံစိုက်ပျိုးမှုပုံစံများ ပြောင်းလဲဆောင်ရွက် ရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် စပါးစိုက်ပျိုးရန် ရေလုံလောက်စွာမရရှိခဲ့ပါက စိုက်ပျိုးရေများစွာ မလိုအပ်သည့် ပဲအမျိုးမျိုးနှင့် အခြားသီးနှံများစိုက်ပျိုးခြင်းဖြင့် သီးနှံဆုံးရှုံးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သက်ရင့်မျိုးများစိုက်ပျိုးခြင်း ထက် ရက်အနည်းငယ်နှင့် စိုက်ပျိုးနိုင်သောသီးနှံများကို ရွေးချယ် စိုက်ပျိုးသင့်ပါသည်။ သို့ဖြစ်၍ ရာသီဥတုဖောက်ပြန်စိန်ခေါ်မှု များကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက်စေရန် အစီအမံများချမှတ်ကာ အချိန်နှင့်တစ်ပြေးညီ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊ မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း




**ပဲခူး ဇူလိုင် ၁**

ပဲခူးမြို့ ဥဿာမြို့သစ်(၁) ရပ်ကွက် မြေတိုင်း(၂) နန်းဦးစေတီ ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ဇွန် ၃၀ ရက်က လေဘေးသင့်ပြည်သူများ အား ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့် ထွန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာ ကျော်ဦး၊ တိုင်း/ ခရိုင်/ မြို့နယ်ဌာန ဆိုင်ရာများ၊ အလှူရှင်များနှင့် လေဘေးသင့်ပြည်သူများ တက် ရောက်ကြသည်။

လေဘေးသင့်အိမ်ထောင်စုများ ထံသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အလှူရှင်များက ထောက်ပံ့ ငွေများနှင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း ကြကြောင်းနှင့် ဇွန် ၂၅ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်း တိုက်ခတ်၍ ပဲခူးမြို့အတွင်းရှိ မဇင်း၊ ရပ်ကွက်ကြီး(၁)၊ ရပ်ကွက်ကြီး(၃) တို့တွင် အိမ်ခြေ ၁၂၆ လုံး အိမ်ခေါင် မိုးလန်ခြင်း၊ အိမ်ပြိုခြင်း၊ သစ်သား လျှပ်စစ်တိုင်များပြိုလဲခြင်း၊ သစ်ပင် များ လဲပြိုခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**(သန့်စင်)ပဲခူး**

## လူကုန်ကူးမှုကာကွယ်ရေး သတင်းအချက်အလက် ဖြန့်ဝေရေးလှုံ့ဆော်မှုဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၁**

လူကုန်ကူးမှု တားဆီးကာကွယ် ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်း ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)နှင့် ဒိန်းမတ်လူမှုရေးအဖွဲ့ အစည်း (DRC)တို့ပူးပေါင်း၍ လူ ကုန်ကူးမှု တားဆီးကာကွယ်ရေး သတင်းအချက်အလက် ဖြန့်ဝေရေး လှုံ့ဆော်မှုဖွင့်ပွဲကို ဇွန် ၂၇ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ Palm Spring Resort ဟိုတယ်၌ ကျင်းပရာ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း တို့က အမှာစကားပြောကြားကြ သည်။

ထို့နောက် IOM မှ မြန်မာ နိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Kieran Gormen-Best နှင့် DRC မှ စီမံကိန်းမန်နေဂျာ Ms.Joyce Daiglieh တို့က လုပ်ငန်းဆိုင်ရာ များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**




## မိုးပွင့်စီမံချက်ကာလ တစ်လတိုးမြှင့်

**ဂန့်ဂေါ ဇူလိုင် ၁**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ခြောက်လတာ ကာလကို မိုးပွင့်(အထူး) စီမံချက် အဖြစ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် အိမ် ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ် ရေးကတ်ပြား ပြုလုပ်ဆောင်ရွက်ရန် ကျန်ရှိနေသူများအတွက် မိုးပွင့်အထူး စီမံချက်ကို တစ်လတာထပ်မံတိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဂန့်ဂေါခရိုင် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြား ရေးမှူးဦးတင်ဝင်းက ပြောကြားသည်။

ဂန့်ဂေါမြို့နယ်အတွင်း၌ နိုင်ငံသား စိစစ်ရေးကတ်ပြား မပြုလုပ်ရသေး သူများ ကျန်ရှိနေနိုင်ပါကြောင်း၊ ကျန်ရှိသူများကို သက်ဆိုင်ရာက စာရင်းကောက်ယူပြီး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာနသို့ အမြန်ဆုံးစာရင်း ပေးပို့ကြရန် ၄င်းက ပြောကြားခဲ့ သည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာ-စင်ကာပူ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၈ ရက်မြောက်နေ့အဖြစ် ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းတွဲများကို ကြည့်ရှုပြီး တင်ဒါတင်သွင်းကြသည်။

ယနေ့ကျင်းပသည့်ပြပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်နှင့် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တိုချီဟန်း၏ဇနီး မဒမ်ချူပို့ရင်တို့သည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှုနှင့် ကျောက်မျက်ရတနာဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယနေ့အထိ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းပြည်ပရတနာကုန်သည် ၄၄၉၅ ဦး တက်ရောက်ခဲ့ပြီး ကျောက်မျက်အတွဲပေါင်း ၁၂၆ တွဲနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၃၇၂၃ တွဲ ရောင်းချနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၄၅၀ ကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဂုဏ်ပြု သမဝါယမဈေးရောင်းပွဲတော် ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁**

(၂၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမအသင်းအချင်းချင်း၏ ထွက်ကုန်များ ဖလှယ်ရောင်းချခြင်းနှင့် ဒေသအလိုက်ထုတ်ကုန်များ၊ လက်မှုထည်များ၊ ရိုးရာအဝတ်အထည်များ ပြသရောင်းချပွဲကို ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း သမဝါယမဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ စည်ကားသိုက်မြိုက်စွာ ပြသရောင်းချသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၁**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာထားကြောင်းသိရသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ရွှေကူ၊ မိုးကောင်း |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ ခမ်းပတ် |
| ၃။ | တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ နတ်တလင်း |
| ၅။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ နတ်မောက်၊ ပေါက်၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ |
| ၇။ | မွန်ပြည်နယ် | သံဖြူဇရပ် |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ သုံးခွ |
| ၁၀။ | ရှမ်းပြည်နယ် | ပင်လောင်း၊ တန့်ယန်း၊ ကွတ်ခိုင်၊ သီပေါ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | အိမ်မဲ၊ ပန်းတနော်၊ ဖျာပုံ၊ ဇလွန် |

**(မြန်မာ့အလင်း)**

# ခရမ်းကိုင်းအလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်

**နေပြည်တော် ဇူလိုင် ၁**

လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလယ်တန်းကျောင်းဆိုင်းဘုတ်ကို နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**သန်းဦး(လေးမျက်နှာ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**၁-၇-၂၀၁၅**

တီးတိန်မြို့၌ ၂ ဒသမ ၅၆ လက်မ၊ သိပ်ဇရပ်မြို့၌ ၁ ဒသမ ၉၃ လက်မ၊ ဟသ်ာတမြို့၌ ၁ ဒသမ ၄၆ လက်မ၊ ခန္တီးမြို့၌ ၁ ဒသမ ၃၄ လက်မ၊ မြောင်းမြမြို့၌ ၁ ဒသမ ၃၀လက်မ၊ ရွှေကျင်မြို့၌ ၁ ဒသမ ၂၆ လက်မ၊ ကျောက်ဖြူမြို့နှင့် မဒေါက်မြို့တို့၌ ၁ ဒသမ ၁၀ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# လာမည့် နှစ် ၅၀ တွင် စင်ကာပူရင်ဆိုင်ရမည့် ပြဿနာကြီး သုံးခုရှိ

**စင်ကာပူ ဇူလိုင် ၁**

စီးပွားရေးတိုးတက်မှု၊ လူဦးရေမြင့်တက်လာမှုနှင့် လူမျိုးခွဲခြား အသိအမှတ်ပြုခြင်းတို့သည် လာမည့် နှစ် ၅၀ အတွင်း စင်ကာပူနိုင်ငံ၏ အဓိက ရင်ဆိုင်ကျော်လွှားရမည့် ပြဿနာကြီး သုံးခုဖြစ်ကြောင်း စင်ကာပူ ဝန်ကြီးချုပ် လီရှန်လွန်းက ဇွန် ၃၀ ရက်တွင် ပြောခဲ့သည်။

ဝန်ကြီးချုပ်လီသည် အဓိက ရင်ဆိုင်ကျော်လွှားရမည့် ပြဿနာကြီးသုံးခု သို့မဟုတ် အနာဂတ် စင်ကာပူ ရှင်သန်မှုကို စင်ကာပူစီမံခန့်ခွဲရေးတက္ကသိုလ်က စီစဉ်သော ဟောပြောပွဲတစ်ခု၌ မီးမောင်းထိုးပြခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ထုတ်လုပ်မှုစွမ်းအား တိုးတက်ရန် လိုအပ်လျက်ရှိပြီး လာမည့် ၁၀ နှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းထားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီက ပြောခဲ့သည်။

တစ်နှစ်လျှင် ထုတ်လုပ်မှုစွမ်းအား ကြီးထွားမှု နှစ်ရာခိုင်နှုန်းရရှိရန် လုပ်ဆောင်ရာတွင် ခက်ခဲမှုရှိနိုင်သော်လည်း ၎င်းသည်ပင်လျှင် စင်ကာပူနိုင်ငံကို အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည့် နည်းလမ်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောဆိုခဲ့သည်။

လာမည့် ၂၅ နှစ်အတွင်း စင်ကာပူနိုင်ငံသည် သက်ကြီးရွယ်အိုတိုးမြင့်လာမှု ပြဿနာနှင့် မွေးဖွားမှုကျဆင်းလာမှုပြဿနာကို ရင်ဆိုင်ရဖွယ်ရှိကြောင်း ဝန်ကြီးချုပ်က ထောက်ပြခဲ့သည်။

အစိုးရသည် အဆိုပါ အခက်အခဲများကိုရင်ဆိုင်ကျော်လွှားနိုင်ရန် ကောင်းမွန်စွာ စီမံခန့်ခွဲရမည်ဖြစ်ပြီး အခက်အခဲများကို ကျော်လွှားရန် ဦးဆောင်မှုကောင်းရန်လိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောခဲ့သည်။

**(ဆင်ဟွာ)**



# အမေရိကန်ပြည်တွင်းစစ်ကာလ တောင်ပိုင်းပြည်နယ်များအလံ ထောက်ခံပွဲ ကျင်းပရန် ကေသုံးလုံးအဖွဲ့ စီစဉ်

**ချာလက်စ်တန် ဇူလိုင် ၁**

ကူကလပ်စ်ကလန် (ကေသုံးလုံး)ခေါ် လူဖြူလူမျိုးကြီးဝါဒီအဖွဲ့အစည်းက ကွန်ဖက်ဒရိတ်အလံ ထောက်ခံ လှည့်လည်ဆန္ဒပြပွဲတစ်ရပ်ကို တောင်ကာရိုလိုင်းနားလွှတ်တော်အနီး၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါနေရာသည် အတိတ်ကာလကကျင့်သုံးခဲ့သည့် ကျွန်စနစ်နှင့် ဆက်နွှယ်သက်ဆိုင်သည့် အထိမ်းအမှတ်များကို စိစစ်ဝေဖန်မှုများ အထွတ်အထိပ်သို့ ရောက်နေချိန် ပြီးခဲ့သည့် အင်္ဂါနေ့က လူဖြူလူမျိုးကြီးဝါဒီ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦး၏ ရုပ်တုကိုဖျက်ဆီးခံခဲ့ရသည့် နေရာလည်း ဖြစ်သည်။

တောင်ကာရိုလိုင်းနားပြည်နယ် ချာလက်စ်တန်မြို့ရှိ သမိုင်းဝင်ဘုရားရှိခိုးကျောင်းတစ်ခုတွင် လူမည်းအမျိုးသား၊ အမျိုးသမီးကိုးဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရပြီးနောက်ပိုင်း အမေရိကန် ပြည်တွင်းစစ်ကာလအလံနှင့် အခြားဆက်နွှယ်သည့် အထိမ်းအမှတ်အရာဝတ္ထုအားလုံးတို့မှာ ရန်စမီးပွားများသဖွယ် ဖြစ်လာကြသည်။

အဆိုပါပစ်ခတ်မှု၌ သံသယရှိသူအသက် ၂၁ နှစ်အရွယ် လူဖြူအမျိုးသား ဒိုင်လန်းရုဖ်က ၎င်းအားလူမျိုးရေးဝါဒီတစ်ဦးအဖြစ် ကြေညာစာတမ်းနှင့်အတူ အမေရိကန် ပြည်တွင်းစစ်ကာလက တောင်ပိုင်းပြည်နယ်များ၏ ကွန်ဖက်ဒရိတ်အလံပုံကိုပါ ဝက်ဘ်ဆိုက်တစ်ခုတွင် တင်ထားခဲ့သည်။

မြောက်ကာရိုလိုင်းနားအခြေစိုက် ကူကလပ်စ်အလန်အဖွဲ့၏ သစ္စာတော်ခံ လူဖြူသူရဲကောင်းများအသင်းတော်က ဆန္ဒပြလှည့်လည်ပွဲကို တောင်ကာရိုလိုင်းနား လွှတ်တော်ပြင်ပတွင် ဇူလိုင် ၁၈ ရက်၌ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးနစ်ကီဟာလေက အဆိုပါအဖွဲ့အား ပြည်နယ်က ကြိုဆိုထောက်ခံမှုမရှိကြောင်း ပြောကြားသည်။

**(ရိုက်တာ)**

# အဲဘတ်စ်လေယာဉ် ၄၅ စင်း တရုတ်ဝယ်ယူမည်

**ပါရီ ဇူလိုင် ၁**

တရုတ်လေကြောင်းဦးပိုင်ကုမ္ပဏီ (စီအေအက်စ်) သည် A-330 လေယာဉ် ၄၅ စင်း ဝယ်ယူရန် အင်္ဂါနေ့တွင် နားလည်မှုစာချွန်လွှာတစ်ရပ်လက်မှတ်ရေးထိုးလိုက်ကြောင်း အဲဘတ်စ်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

"တရုတ်နိုင်ငံဟာ ကမ္ဘာမှာအကြီးမားဆုံး လေကြောင်းဈေးကွက်ကြီးဖြစ်နေပါပြီ။ တရုတ်လေကြောင်းပို့ဆောင်ရေးဟာ လျင်မြန်စွာတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်" ဟု အဲဘတ်စ်ဥက္ကဋ္ဌလည်းဖြစ်၊ စီအီးအိုလည်းဖြစ်သည့် ဖတ်ဘရစ်ဘရီဂယ်ယာက ပြောသည်။

တရုတ်နိုင်ငံသည် ခရီးသည်ပို့ဆောင်ရေးတွင်ထိပ်တန်းနိုင်ငံဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းခရီးသွားများ တိုးပွားလာမှုအပေါ် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အဲဘတ်စ် ဈေးကွက်ခန့်မှန်းရေးအဖွဲ့က သုံးသပ်ထားသည်။ တရုတ်ပြည်တွင်း လေကြောင်းပို့ဆောင်ရေးသည် လာမည့် ၁၀ နှစ်အတွင်း ကမ္ဘာ့နံပါတ်တစ်ဖြစ်လာနိုင်ကြောင်းဖြင့်လည်း အဲဘတ်စ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၂၀၁၄ မှ ၂၀၃၃ ကာလအတွင်း တရုတ်နိုင်ငံသည် ခရီးသည်ပို့ဆောင်ရေး လေယာဉ်သစ် ၅၃၀၀ အထိ လိုအပ်ချက်ရှိလာမည်ဖြစ်ကြောင်းလည်း သုံးသပ်ထားသည်။

**(ဆင်ဟွာ)**

# ဝါရှင်တန်နှင့် ဟာဗားနား သံရုံးများအပြန်အလှန်ဖွင့်လှစ်


**ဝါရှင်တန် ဇူလိုင် ၁**

အမေရိကန်နှင့်ကျူးဘားတို့အနေဖြင့် ဝါရှင်တန်နှင့်ဟာဗားနားအကြား သံရုံးများ ပြန်လည်ဖွင့်လှစ်ရန် သဘောတူညီချက်တစ်ရပ် ရရှိလိုက်ကြောင်းကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဗုဒ္ဓဟူးနေ့တွင် ကြေညာလိမ့်မည်ဟု အမေရိကန်တာဝန်ရှိသူများ၏ ကိုးကားချက်အပေါ် ဒေသမီဒီယာများက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံတို့အကြား တရားဝင် သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ပြီး မြို့တော်များ၌ အပြန်အလှန်သံရုံးများဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရတာဝန်ရှိသူက စီအင်န်အင်န်သို့ ပြောကြားသည်။

အမေရိကန်နှင့်ကျူးဘားတို့သည် ပြီးခဲ့သည့် ဒီဇင်ဘာလက သံတမန်ဆက်ဆံရေး ပြန်လည်ဆောင်ရွက်ခဲ့ပြီး သံရုံးများပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သမ္မတအိုဘားမားအစိုးရ၏ နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲကြောင့် ရာစုနှစ် တစ်ဝက်ကြာ ဆက်ဆံရေးတင်းမာမှုများ အဆုံးသတ်သွားပြီဖြစ်သည်။

**(ဆင်ဟွာ)**



# ရွှေ့ပြောင်းသွားလာသူတစ်သိန်းကျော် ဥရောပသို့ ဝင်ရောက်

**ဝါရှင်တန် ဇူလိုင် ၁**

၂၀၁၅ခုနှစ် ပထမခြောက်လပတ်အတွင်း ဒုက္ခသည်နှင့်ရွှေ့ပြောင်းသွားလာသူ ၁၃၅၀၀၀ ကျော်သည် ရေလမ်းဖြင့် ဥရောပသို့ရောက်ရှိလာကြကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီအရင်ခံစာအသစ်တစ်ရပ်၌ ဖော်ပြခဲ့သည်။

ရွှေ့ပြောင်းသွားလာသူများသည် ပိုမိုကောင်းမွန်သောဘဝကို ရှာဖွေရန်ဖြစ်ကြောင်း ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ပြီးခဲ့သော ၂၀၁၄ ခုနှစ် ပထမခြောက်လပတ်တွင် ရောက်ရှိလာသော ရွှေ့ပြောင်းသွားလာသူအရေအတွက်နှင့်နှိုင်းယှဉ်လျှင် ယခုနှစ် ရောက်ရှိလာသော ရွှေ့ပြောင်းသွားလာသူအရေအတွက်မှာ ၈၀ ရာခိုင်နှုန်း ပိုများလာကြောင်း ဒုက္ခသည်များဆိုင်ရာ ထိုအစီရင်ခံစာက ဖော်ပြသည်။

ရွှေ့ပြောင်းသွားလာသူအရေအတွက် တိုးတက်များပြားလာခြင်းကို ဖြေရှင်းရန် ဥရောပသမဂ္ဂခေါင်းဆောင်များ အဖြေရှာနေကြသည်။ ရွှေ့ပြောင်းသွားလာသူများသည် အလွန်တရာအန္တရာယ်များသော မြေထဲပင်လယ်ရေပိုင်နက်တွင် လုံခြုံစိတ်ချရမှုမရှိသော လှေငယ်များဖြင့် ဥရောပတောင်ပိုင်းသို့ အများအားဖြင့် သွားရောက်ကြကြောင်း ၎င်းအစီရင်ခံစာက ဆိုသည်။

ဂရိနိုင်ငံသည် ၂၀၁၅ ခုနှစ် ပထမခြောက်လပတ်အတွင်း ရွှေ့ပြောင်းသွားလာသူအများအပြား ဆိုက်ရောက်ရာဒေသဖြစ်လာခဲ့ပြီး စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရကာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ ချေးငွေများဖြင့် အကျပ်တွေ့လျက်ရှိသည်။

ဆိုက်ရောက်အရေအတွက် များပြားလာသောကြောင့် လက်ခံနိုင်စွမ်းနှင့် အခြားအခြေအနေများမှာ မမျှမတဖြစ်လာကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ **(ရိုက်တာ)**

# တိုင်ပေလေယာဉ်ပျက်ကျရခြင်းမှာ အင်ဂျင်အကောင်းကို စက်ပိတ်ထားမှုကြောင့်ဖြစ်

**တိုင်ပေ ဇူလိုင် ၁**

လူပေါင်း ၄၃ ဦးအသက်ဆုံးရှုံးခဲ့ရသည့် ဖေဖော်ဝါရီလက ထိုင်ဝမ်တွင် ပျက်ကျခဲ့သော ထရန်(စ်)အေးရှားလေကြောင်းမှ လေယာဉ်မှူးသည် လေယာဉ်ရှိအင်ဂျင်နှစ်ခုအနက် အင်ဂျင်တစ်ခုစက်ရပ်သွားပြီး ကျန်အင်ဂျင်ဖြင့် ဆက်လက်သွားနေစဉ် ထိုအင်ဂျင်ကိုပါ ပိတ်ထားလိုက်မှုကြောင့် ဖြစ်ကြောင်း၊ ယင်းကိစ္စကို တိုက်ရိုက်သိသော လူတစ်ဦးက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

တိုင်ပေလေယာဉ်ပျက်ကျမှု နောက်ဆုံးစုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို ကြာသပတေးနေ့တွင် ထုတ်ပြန်မည်ဖြစ်သည်။ အချက်အလက်များအရ ATR-72-600 အမျိုးအစား လေယာဉ်သည် အသစ်နီးပါးဖြစ်ကြောင်း၊ လေယာဉ်ရှိ အင်ဂျင်အကောင်းကို စက်ပိတ်လိုက်ပြီးနောက် ခဏအကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေကြောင်း လုံခြုံရေးကောင်စီမှတ်တမ်းများတွင်မူ လေကြောင်းခရီးအစီအစဉ်၊ လေယာဉ် လမ်းကြောင်းထိန်းချုပ်မှု၊ ရာသီဥတုအခြေအနေ၊ လေယာဉ်ပိုင်းဆိုင်ရာ အခြားအချက်များကို အဓိကထား စုံစမ်းမှုများပြုလုပ်ခဲ့ကြောင်း၊ ပြည်သူလူထုသို့ အဆိုပါ မှတ်တမ်းကို ချပြခြင်းမရှိသေးကြောင်း သိရသည်။ ထရန်စ်အေးရှားဘက်မှ နောက်ဆုံးတွေ့ရှိချက်ကို မှတ်ချက်တစ်စုံတစ်ရာပေးခြင်းမရှိပေ။

လေယာဉ်ပျက်ကျပြီး နောက်တစ်နေ့တွင် ကနဦးစုံစမ်းစစ်ဆေးမှုကို အသေးစိတ်ပြုလုပ်ခဲ့သော်လည်း ကောင်စီအနေဖြင့် အကြံဉာဏ်ပေးခြင်းနှင့် တာဝန်ယူဖြေရှင်းခြင်း မရှိခဲ့ပေ။

ဖေဖော်ဝါရီလ ထုတ်ပြန်မှတ်တမ်းအရ လေယာဉ်၏ အင်ဂျင်နှစ်ခုအနက် တစ်ခုသည် ချွတ်ယွင်းနေကြောင်း၊ လေယာဉ်မှူးက အခြားကောင်းသော အင်ဂျင်တစ်ခုကို ပိတ်ထားခဲ့မှုကြောင့် ပျက်ကျရခြင်းဖြစ်ကြောင်း ကောင်စီဘက်မှ ပြောသည်။

ခရီးသည် ၅၈ ဦးတင်ဆောင်လာပြီး အင်ဂျင်စက်တစ်ခုနှင့် ပျံသန်းနေသော လေယာဉ်သည် အဆောက်အအုံများအကြား ဒယီးဒယိုင်ဖြစ်နေပြီး တောင်ပံနှင့် တက္ကစီတစ်စီးတို့တိုက်မိကာ မြစ်ထဲသို့ပျက်ကျသွားခြင်းဖြစ်ပြီး လူ ၁၅ ဦးသာ အသက်ရှင်ကျန်ခဲ့သည်။ **(ရိုက်တာ)**



# ပိန္နဲတောင်၊ အောင်လံ၊ ဟိုင်းကြီးကျွန်းနှင့် ငပုတောရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒီဂျစ်တယ်စနစ် (DVB-T2) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား(နေပြည်တော်)၊ တပ်ကုန်း (နေပြည်တော်)နှင့် ရန်ကုန်တို့တွင် DVB-T2 စနစ်ဖြင့် ၁၅-၁၀-၂၀၁၃ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၂၂ ရုံဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတရုပ်သံစက်ရုံတို့တွင် DVB -T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တတိယအဆင့် ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၆၉ ရုံအနက် ပိန္နဲတောင်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၆-၅-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁-၆-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းရက်နေ့မှ စတင်၍ လွှင့်အား 3 KW၊ လှိုင်းနှုန်းချန်နယ်(E-22) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက်တွင် မအီအထိ လည်းကောင်း၊ အနောက်ဘက်တွင် ကျောက်ဖြူအထိ လည်းကောင်း၊ တောင်ဘက်တွင် မာန်အောင်မြို့ ရွာမကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် အဝပြင်ကျေးရွာအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

အောင်လံစက်ရုံ၌ DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀-၅-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၉-၆-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းရက်နေ့မှ စတင်၍လွှင့်အား 600 W၊ လှိုင်းနှုန်း (E-30)ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက် ကျောက်ပတောင်းကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် သရက်မြို့ တလပါကျေးရွာအထိ လည်းကောင်း၊ တောင်ဘက်တွင် ပြလို့ကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ဧကရာဇ်ကျေးရွာအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ဟိုင်းကြီးကျွန်းစက်ရုံ၌ DVB- T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂-၆-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၅-၆-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းရက်နေ့မှစတင်၍ လွှင့်အား 300 W၊ လှိုင်းနှုန်း (E-21) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့မြောက်ဘက် ရဲခေါင်ကြီး၊ ကျုံကူးကျေးရွာများအထိ လည်းကောင်း၊ အနောက်ဘက်တွင် ဇီးချိုင်ကျေးရွာအထိ လည်းကောင်း၊ အနောက်တောင်ဘက်တွင် သက္ကယ်သောင်ကျေးရွာအထိ လည်းကောင်း၊ တောင်ဘက်တွင် လိပ်ကျွန်း၊ မီးပြကြီးအနီး ပင်လယ်တွင်း မိုင်၂၀ အထိ လည်းကောင်း၊ မြောက်ဘက်တွင် ညောင်ဝိုင်း၊ ဖောင်တိုးကျေးရွာများအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ငပုတောစက်ရုံ၌ DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၁၆-၆-၂၀၁၅ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ရာ ၂၀-၆-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းရက်နေ့မှစတင်၍ လွှင့်အား 300 W၊ လှိုင်းနှုန်း (E-37)ဖြင့် ဒီဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက် ငရုတ်ကောင်းမြို့နယ်အစပ်အထိ လည်းကောင်း၊ အနောက်ဘက်တွင် မြောင်းမြမြို့အထိ လည်းကောင်း၊ မြောက်ဘက်တွင် ပုသိမ်မြို့အနီး ရှမ်းရွာသစ်အထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

တတိယအဆင့် စက်ရုံ ၆၉ ရုံအနက် အထက်ဖော်ပြပါ စက်ရုံလေးရုံမှ Digital စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့် စက်ရုံများ၌ လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB- T2 Set-top Box ၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြား ဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်ပါသည်။ Digital ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ ဦးတည်၍ အမြင့်တစ်နေရာ၌ ခိုင်ခံ့စွာ တပ်ဆင်ရပါမည်။ ယင်းနောက် Set- top Box၊ DVB-T2 Digital TV တို့ရှိ Remote ပါ ခလုတ်များမှ Menu ကိုနှိပ်၍ Installation သို့ သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်းရှိ အခမဲ့ထုတ်လွှင့်သော DVB-T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိပါမည်။ ယင်းနောက် Exit ခလုတ်ကို နှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

# ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီး ရှားတောမြို့မရဲတပ်ဖွဲ့အချုပ်ခန်း ကြည့်ရှု



**လွိုင်ကော် ဇူလိုင် ၁**

ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်သန်းသန်းအေးသည် လွိုင်ကော်ခရိုင် တရားသူကြီး ဒေါ်တင်တင်မာနှင့်အတူ ဇွန် ၂၇ ရက်က ရှားတောမြို့မရဲတပ်ဖွဲ့ အချုပ်ခန်းသို့ သွားရောက်စစ်ဆေးခဲ့သည်။ **(ဓါတ်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ရှားတော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်လင်းနှင့် ရှားတောမြို့မရဲတပ်ဖွဲ့ စခန်းမှူး ဒုတိယရဲမှူးရန်နိုင်ဦးတို့က ရှားတောမြို့မရဲတပ်ဖွဲ့ အချုပ်ခန်း တည်ဆောက်ထားရှိမှုအခြေအနေ၊ အချုပ်ကျသူများကို ထားရှိမှု၊ အစားအသောက်ကျွေးမွေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့်စပ်လျဉ်း၍ စီမံထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ အချုပ်ခန်းကို စစ်ဆေးသည့်အချိန်တွင် အချုပ်ကျနေသူမရှိသဖြင့် ကြည့်ရှုစစ်ဆေးမှု မှတ်တမ်းစာအုပ်တွင် လိုအပ်သော မှတ်ချက်များရေးသားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❖ ***ရှေ့ဖုံးမှ***

လက်ရှိ အနေအထားအရ ပန်းလှိုင်မြစ်ကြောင်းအတွင်း ကုက္ကိုဝမြစ်ရေ မဝင်ရောက်နိုင်ရန်အတွက် မယ်ဇလီထိပ်၌ တမံပိတ်ထားပြီး ပန်းလှိုင်မြစ်မှ ခတ္တိယရေတံခါးထိ မြစ်ရေတိမ်ကောခဲ့ကာ စပါးခင်းများ ဖြစ်ခဲ့ရကြောင်းလည်း သိရသည်။ ယခုအခါ ပန်းလှိုင်မြစ်တစ်လျှောက်ရှိတာပေါင်ဘေးမှ ရေတံခါးကြီးကိုးခုကို ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်ပြီးရေတံခါးအသေး ၂၁ ခုကို အသစ်ဖောက်လုပ်ထားရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကံချွန်က "အခုတော့ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်းဟာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်တဲ့အတွက် ရေကြီး ရေလျှံမှုမရှိတော့ပါဘူး၊ ပြီးခဲ့တဲ့နှစ် မိုးတွင်းကတော့ တော်တော်လေးမိုးရွာခဲ့ပါတယ်။ အဲ့ဒီတုန်းကဆို ပန်းလှိုင်မြစ်ဘေး ပတ်လည်က ရေထွက်ရမယ့်နေရာက ဝေးတော့ ရေဝပ်ရေကျန်ပြီး ဘေးပတ်ပတ်လည်က ရေမြင့်တက်ခဲ့ရပါတယ်။ အခုတော့ ရေတံခါးတွေပြုပြင်အသစ်ဖောက်လုပ်လိုက်တော့ ရေမဝပ်တော့ဘဲ ချက်ချင်းရေထွက်နိုင်ပါပြီ" ဟုပြောကြားသည်။

နှစ်စဉ် ခတ္တိယအနီးရှိ အနီးအနားရွာများသည် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သိရပြီး ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ရေးစီမံကိန်းအတွက် တည်ဆောက်ရေး(၁)၊ တည်ဆောက်ရေး(၉)နှင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနတို့မှ ကုမ္ပဏီခုနစ်ခုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ပန်းလှိုင်မြစ်ကြောင်း တစ်လျှောက်တွင် ဆက်စပ်နေသော ကျေးရွာများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ဧရာဝတီတိုင်းဒေသကြီး အတွင်း ကျေးရွာအုပ်စု လေးအုပ်စု ရှိကာ လူဦးရေတစ်သိန်းတစ်သောင်း နေထိုင်ကြကြောင်းသိရပြီး လယ်ဧက တစ်သိန်းကျော်ခန့်ရှိကြောင်း သိရသည်။ နှစ်စဉ် မိုးတွင်းကာလ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော ပန်းလှိုင်မြစ်ကြောင်း၏ မြစ်တိမ်ကောခဲ့မှုမှာ ရန်ကုန်-လှိုင်မြစ်ဝမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး၊ မယ်ဇလီတံတား၏ အထက်ပေ ၂၀၀၀ ခန့်အကွာထိရှိပြီး အကျယ်ဆုံးမှာ ပေ ၁၅၈၀ ရှိကြောင်းနှင့် အကျဉ်းဆုံးမှာ ပေ ၁၅၀ ရှိနေကြောင်း၊ စုစုပေါင်း ပြန်လည်တူးဖော်ခဲ့သည့် မြစ်အရှည်မှာ ၃၄ ဒသမ ၄ မိုင်ခန့်ရှိနေကြောင်းနှင့် ငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံ အကုန်အကျခံ တူးဖော်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး)မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)**

## တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များ ထုတ်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်များကို ရုံးချိန်အတွင်း ထုတ်ပေးလျက်ရှိသည်။

အဆိုပါလျှောက်လွှာကို www.moemyanmar.net ၌ ရယူဖြည့်စွက်ကာ ရုံးအမှတ်(၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)တို့၌ လျှောက်ထားနိုင်သည်။

အောင်လက်မှတ်လျှောက်ထားရာတွင် ပညာရေးတံဆိပ်ခေါင်း ကျပ် ၄၀၀ တန်၊ သပ်ရပ်စွာဝတ်ဆင်ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ သို့မဟုတ် သန်းခေါင်စာရင်းမိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားဆဲဖြစ်ပါက ရပ်ကွက်ထောက်ခံစာတို့ လိုအပ်သည်။ အောင်လက်မှတ်ကို ကိုယ်တိုင်လာရောက် မထုတ်ယူနိုင်သော ကျောင်းသား ကျောင်းသူများသည် ကာယကံရှင်နှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့ ပူးတွဲထည့်သွင်း လျှောက်ထားရမည်ဖြစ်သည်။

အောင်လက်မှတ်ထုတ်ယူရာတွင် ကိုယ်စားထုတ်ယူမည့်သူများအနေဖြင့် လျှောက်ထားသူနှင့် ကိုယ်စားလှယ်တို့၏ မှတ်ပုံတင်မိတ္တူ၊ ကိုယ်စားလှယ်လွှဲစာနှင့် လျှောက်လွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းတို့ကို ယူဆောင်လာရမည်ဖြစ်ပြီး ကိုယ်တိုင်လာရောက် ထုတ်ယူသူများအနေဖြင့် လျှောက်လွှာလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို ယူဆောင်လာရမည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။ **(မြန်မာ့အလင်း)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားခွင့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ ကာယ (၁၂)လမ်း ၊ အမှတ် (၄/၃၆၁) တွင် ပါတီရုံးချုပ်တည်ရှိသော **စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ** က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁-၇-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ၏ အလံပုံစံ**



**စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# မဏ္ဍိုင်ကြီးများ ဟန်ချက်ညီ၍ ကြံ့ခိုင်စေချင်သည်

ပြည်ချစ်သား

***ယမန်နေ့မှအဆက်***

ဤသို့ဆိုလျှင် လက်ရှိခုံရုံးနှင့်ပတ်သက်၍ အောက်ပါအချက်များ စဉ်းစားရန်ရှိလာသည်-

(၁) သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ ပြဋ္ဌာန်းချက်အရ ဥပဒေပညာရှင်တစ်ဦးကို ခုံရုံးဥက္ကဋ္ဌအဖြစ်ရွေးချယ်ကာ ဥပဒေနှင့်အညီ လွှတ်တော်သို့ပေးပို့၍ အတည်ပြုချက်တောင်းသည်။

(၂) လွှတ်တော်က အကျိုးအကြောင်းဖော်ပြ၍ အခြားပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်လျာထားပြီး သမ္မတထံပြန်ကြားသည်။ ထိုသို့ပြန်ကြားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့် ပထမအကြိမ် ပြင်ဆင်ပြဋ္ဌာန်းသည့် ခုံရုံးဥပဒေပြဋ္ဌာန်းချက်အရ ဆောင်ရွက်ခြင်းဖြစ်သည်။ အထက်တွင် ရှင်းလင်းပြီးဖြစ်သည်။

(၃) ခုံရုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေအရသာ ဖွဲ့စည်းနိုင်သည်။ အခြားဥပဒေ တစ်ရပ်ရပ်အရ မဖွဲ့စည်းနိုင်။ ဤအချက်ကို ငြင်း၍မရနိုင်။

(၄) ထိုအခြေအနေများကို နားလည်သော ဥပဒေရေးရာကျွမ်းကျင်သူများက လက်ရှိခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားခြင်း ဟုတ်-မဟုတ် ဝေဖန်ကြလေသည်။

(၅) တစ်ဆက်တည်းပင် ဤခုံရုံး၏ ဆောင်ရွက်ချက်အရပ်ရပ်မှန်သမျှသည် ဥပဒေနှင့်အညီ ဆောင်ရွက်သည်ဟု မှတ်ယူရမည်လော၊ ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များဟု မှတ်ယူရမည်လောဟူ၍ မရှင်းမလင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ ဤသည်ကား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့် ပြဋ္ဌာန်းချက်အရင်းအမြစ်ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။

(၆) ထို့ပြင် ဥပဒေပြုမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကို ထိန်းကျောင်းမည့်ခုံရုံးသည် သူတို့ဆောင်ရွက်ချက်မှန်သမျှကို သူတို့အား ရွေးချယ်ပေးခဲ့သည့် ပုဂ္ဂိုလ်များ (သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ)ထံ အစီရင်ခံရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းကာ လွတ်လပ်စွာတရားစီရင်ရေးကိုလည်း ကျိုးပေါက်စေခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါလျက် ဆန့်ကျင်ပြဋ္ဌာန်းသည့် ယင်းကိစ္စအပေါ် မရှင်းမလင်းစွာဖြင့် လွှတ်တော်၌ငြင်းကွယ်ဆွေးနွေးမှုများကိုလည်း တီဗွီမှအံ့ဩစိတ်မကောင်းစွာ နားထောင်ခဲ့ဖူးသည်။ ရှေ့လမ်းခရီးအတွက် ထိုစဉ်က ရင်လည်းလေးမိသည်။ ပြဋ္ဌာန်းဥပဒေတစ်ရပ်အပေါ် နားလည်မှု လွဲမှားခြင်းများဖြစ်ပေါ်ရသည့် အကြောင်းရင်းတစ်ရပ်သည် အခြေခံဥပဒေနှင့်မညီသော ဥပဒေပြဋ္ဌာန်းချက်ပါရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် ပြဋ္ဌာန်းချက်တစ်ရပ်အနေဖြင့် မရှင်းမလင်းဖြစ်ပေါ်ပါကလည်း အကောင်အထည်ဖော်ရာ၌ အငြင်းပွားမှုပေါ်ပေါက်ပါလိမ့်မည်။ ထို့ကြောင့် လက်ရှိခုံရုံး၏ ဆောင်ရွက်ချက်များအား သံသယဝင်နေသူတို့အပေါ် အပြစ်မြင်လျှင် မသင့်၊ ရှုမြင်ခံရမှု ရှုထောင့်စုံအတွက်ရှင်းအောင်လုပ်ပေးရမည့် တာဝန်ရှိသည်။

ထို့ပြင် လက်ရှိခုံရုံးသည် ခုံရုံးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်ချက်များပြုလုပ်ရန် ဆောင်ရွက်သည်။ ကြိုတင်မျှော်မှန်းထားသော ရည်ရွယ်ချက်များ ရှိနိုင်ပါသည်။ အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းအပေါ် သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည်များကိုဖော်ပြ၍ ပြင်ဆင်ရန် အကြောင်းကြားသော်လည်း လွှတ်တော်ကလက်မခံခဲ့ပါ။ ထို့ကြောင့် သမ္မတသည် လွှတ်တော်ကအတည်ပြုသောဥပဒေကို လက်မှတ်မရေးထိုးတော့ပါ။ သို့ရာတွင် လွှတ်တော်သည် ထိုပြင်ဆင်ချက်ဥပဒေကို ပြဋ္ဌာန်းခဲ့လေသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရေး၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး၊ တာဝန်နှင့်အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေး၊ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေး စသည်တို့အား စီရင်ဆုံးဖြတ်ခွင့်ရှိသော၊ စီရင်ဆုံးဖြတ်ချက်အပေါ်လည်း အယူခံခွင့်မရနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နိုင်ငံတော်၏အမြင့်ဆုံးတရားရုံးကြီးဖြစ်သည်ကို ပုဒ်မ ၂၉၃၊ ပုဒ်မ ၃၂၂ နှင့် ပုဒ်မ ၃၂၄ ပြဋ္ဌာန်းချက်များအရ ရှင်းရှင်းလင်းလင်း သိရှိနိုင်ပေသည်။ ဒုတိယအကြိမ် ခုံရုံးဥပဒေပြင်ဆင်ချက်များမှ မရှင်းမလင်းဖြစ်စေသော လေ့လာသင့်သည့်အချက်များ ရှိနေသည်။

(၁) ဥပဒေကြမ်း၏ ပုဒ်မ ၂ တွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ရမည်" (ခ) ပုဒ်မခွဲ (က)အရ တင်သွင်းသည့် တင်သွင်းလွှာတွင် အဆုံးအဖြတ်ပေးစေလိုသည့်အချက်မှာ **အဓိပ္ပာယ်ဖွင့်ဆိုချက်** သို့မဟုတ် **ဆုံးဖြတ်ချက်** သို့မဟုတ် **သဘောထားရယူရန်** ဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

*[**ရှင်းလင်းချက်။** "ခုံရုံးသည် တရားရုံးဖြစ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃(ဂ)တွင် ပြဋ္ဌာန်းထားသည်။ တရားရုံးသည် တင်သွင်းလွှာအရပ်ရပ် (အဓိပ္ပာယ်ဖွင့်ဆိုပေးရန်၊ သဘောထားရယူရန်အပါအဝင်) အပေါ် **စီရင်ဆုံးဖြတ်ချက်**ကိုသာ ချမှတ်ပေးရမည်ဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်ကိုပင် ပြင်ဆင်ချက်ဥပဒေပုဒ်မ ၄ ၌ ခုံရုံးမူလဥပဒေအခန်း ၅ ၏ ခေါင်းစဉ်ကို "တင်သွင်းလွှာ စိစစ်ခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း" စကားရပ်ဖြင့် အစားထိုးရန်ဖြစ်ကြောင်း ထပ်မံပြဋ္ဌာန်းခဲ့လေသည်။ အလားတူ ပြင်ဆင်ချက်ဥပဒေ ပုဒ်မ ၁၀ ၌ မူလဥပဒေပုဒ်မ ၂၂ ၏ ခေါင်းစဉ်ကို "အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်း" စကားရပ်ဖြင့် အစားထိုးရန်ဖြစ်ကြောင်း ပြဋ္ဌာန်းခဲ့လေသည်။*

*- ထို့ပြင် ပုဒ်မ ၃၂၄ ပြဋ္ဌာန်းချက်အရ "ခုံရုံး၏ အဆုံးအဖြတ်"သည် အပြီးအပြတ်အတည်ဖြစ်သည်။ ဆုံးဖြတ်ချက် မဟုတ်လျှင် "အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပြန်ကြားခြင်း" တို့သည် အပြီးအပြတ် အတည်မဖြစ်ဟု ဆိုရာရောက်သည်။ အထက်တွင် တင်ပြထားသည့်အတိုင်း မရှင်းမလင်းဖြစ်နေသည်။]*

(၂) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များအနက် မည်သည့်အချက်ကို တင်သွင်းကြောင်း ခွဲခြားစိစစ်ရမည်။ စပ်ဆိုင်သော အချက်အလက်များနှင့် ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများ ရှင်းလင်းပြည့်စုံစွာပူးတွဲပါရှိခြင်း ရှိမရှိ စိစစ်ရမည်။ ယင်းသို့စိစစ်ရာတွင် ပြည့်စုံမှုမရှိကြောင်း တွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်း တင်ပြစေရမည်။ သတ်မှတ်ချိန်အတွင်း ရှင်းလင်းပြည့်စုံစွာ တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်။"

*[**ရှင်းလင်းချက်။** ငြင်းပယ်ခြင်းထက် ကောင်းသောနည်းလမ်းရှိ-မရှိ စဉ်းစားသင့်ပါသည်။ မဖြစ်မနေ ရှင်းလင်းဆုံးဖြတ်ပေးရန် ခုံရုံးမှတစ်ပါး အခြားအဖွဲ့အစည်း မရှိသောကြောင့်ဖြစ်သည်။]*

(၃) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ခုံရုံးသည်-

(က) x x x x x x x x x x x x x x x x x x x x x x။

(ခ) x x x x x x x x x x x x x x x x x x x x x x။

(ဂ) ခုံရုံး၏ **အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထား**ကို ခုံရုံး၏ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

(ဃ) **ခုံရုံး၏ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။"**

*[**ရှင်းလင်းချက်။** ခုံရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌမပါလျှင် ဆုံးဖြတ်၍မရ၊ မဲခွဲဆုံးဖြတ်လျှင်လည်း ဥက္ကဋ္ဌပါသည့်ဘက်၏ သဘောထားသာအမှန်ဟု အဓိပ္ပာယ်ပေါ်နေသည်။ မည်သည့်အကြောင်းကြောင့် အထက် ပုဒ်မ ၂၂ (ဂ) နှင့် အဓိပ္ပာယ် ကွာဟစေပါသနည်း။]*

ထို့ပြင် အခြေခံဥပဒေပြင်ဆင်ရေး ဒုတိယဥပဒေမူကြမ်း အပိုဒ် ၂၃ ၌ အောက်ပါအတိုင်းအစားထိုးရမည်ဟု ဖော်ပြထားသည်-

"၂၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၂၄။ (က) ပုဒ်မ ၃၂၃ အရ ချမှတ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

(ခ) <u>အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသည့်အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သဖြင့်</u> ပုဒ်မ ၃၂၄ (က) အရ ချမှတ်သော ဆုံးဖြတ်ချက်မှအပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်စိစစ်ဆုံးဖြတ်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်ပြလာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသည် ပြန်လည်စိစစ်ဆုံးဖြတ်ပေးနိုင်သည်။"

*[**ရှင်းလင်းချက်။** အထက်ပါ ပြင်ဆင်ချက်သည် ၃၂၄ (က) ကို လက်နှင့်ရေးပြီး ၃၂၄ (ခ)က ခြေနှင့်ဖျက်သည့်နှယ် တွေ့မြင်နိုင်သည်။ <u>အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသည့်အကြောင်းကိစ္စ ဟုတ်သည်-မဟုတ်သည်ကို</u> **အထူးပြု**ထားသည်။ အငြင်းပွားရန် အစတစ်စပေလော။]*

ပြည်သူများသည် ပါတီစုံဒီမိုကရေစီစနစ်ကို နှစ်သက်ကြသည်။ တိုင်းရင်းသားများတောင်းဆိုသည့် အခွင့်အရေးများကို ဦးစားပေး၍ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိုလည်း ဆောင်ရွက်သင့်သည်ဟု အားပေးနေကြသည်။ သို့ရာတွင် မဏ္ဍိုင်ကြီး ၃ ရပ် မညီညွတ်လျှင် နိုင်ငံဖွံ့ဖြိုးမှု ရပ်တန့်သွားမည်လားဟုလည်း ပူပန်နေကြပေလိမ့်မည်။ လွှတ်တော်က ဥပဒေပြဋ္ဌာန်းလျှင် အုပ်ချုပ်ရေးက အကောင်အထည်ဖော်ရသည်။ လွှတ်တော်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည့် ပြဋ္ဌာန်းချက်များမပါရှိစေရန် ဂရုပြုသင့်သည်။ ထို့ပြင် မဏ္ဍိုင်ကြီးများကို ထိန်းကျောင်းရေးတာဝန်ရှိသူအဖွဲ့အစည်းများနှင့် ပြည်သူတို့အား ပွဲ့ကိုင်ခြင်း၊ အကြံပြုသည်ကို အလေးဂရုမပြုခြင်း၊ အခြေခံဥပဒေက ပေးသည့် အခွင့်အရေးအားပိတ်ပင်ခြင်းတို့ပြုရန် အလျဉ်းမသင့်ပေ။ သတင်းစာများတွင် အာဏာရှင်လွှတ်တော်ပုံစံ ရေးရှုနေသည်ဟု နားလည်နေကြကာ ပြင်ကြစေလိုကြောင်း ဝေဖန်အကြံပြုသည့် ဆောင်းပါးများကိုလည်း ဖတ်နေရသည်။ စတုတ္ထမဏ္ဍိုင်သည်လည်း ဘက်မလိုက်ဘဲ ဆက်လက်ဝေဖန်တည့်မတ်ပေးနေစေချင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေများ၏ အခေါင်အချုပ်ဖြစ်သည်။ ထို့ပြင် အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူနှင့် မဏ္ဍိုင်ကြီး ၃ ရပ်တို့အကြား ညှိနှိုင်းထားရှိသည့် ပဋိညာဉ်လည်းဖြစ်သည်။ ဥပဒေပြုလွှတ်တော်များကပြဋ္ဌာန်းသည့် ဥပဒေများသည် အခြေခံဥပဒေနှင့်ညီညွတ်ရမည်၊ ဆန့်ကျင်သော ပြဋ္ဌာန်းချက်ပါရှိလျှင် ပျက်ပြယ်သည်။ ယခုတွင်ကား တင်ပြပြီးဖြစ်သည့်အတိုင်း ဥပဒေပြုသူတို့ကလည်း အခြေခံဥပဒေကို ဦးထိပ်ထား၍ ဥပဒေပြုရန် မေ့နေကြလေသည်။ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ"ဟု ဟစ်ကြွေးနေကြပြီး မဲဆန္ဒရှင်ပြည်သူတို့၏ မူလအခွင့်အရေးဖြစ်သော မိမိရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်အား ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့် Right to Recall ကိုပင် ပြောင်ကျကျ ပိတ်ပင်ရန် ဆောင်ရွက်နေကြပြီ။ ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသော အခြေခံဥပဒေဆိုင်ရာ အမြင့်ဆုံးတရားရုံးကြီးကလည်း တွေဝေမေ့လျော့နေသည်။ ထိုသူတို့ကို မည်သူတို့က အရေးယူကြမည်နည်း။ တည့်မတ်ပေးရန် လိုနေ၍ဖြစ်သည်။

ခုံရုံးသည်ပေးအပ်ထားသော တာဝန်ဝတ္တရားများကို အဂတိတရားကင်းရှင်းစွာထမ်းဆောင်ခြင်းဖြင့် မိမိတို့သမိုင်းဂုဏ်ရောင်ကို တောက်ပြောင်စေမည်ဖြစ်သည်။ သတိ၊ သမာဓိ၊ ပညာ၊ အတွေ့အကြုံတို့ မြင့်မားမှုကြောင့်ရရှိလာသော ရာထူးတာဝန်ဆုလာဘ်အပေါ် ဂုဏ်ယူနေသင့်သည်။ ဂုဏ်လည်းရှိပါသည်။ တောင့်တတိုင်းဖြစ်ခွင့်မရှိသည့် အရာမဟုတ်ပါလော။

နောက်ဆုံးအချက် တင်ပြလိုပါသေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆(င)တွင် "နိုင်ငံတော်သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာရေးကို အစဉ်တစိုက်ဦးတည်သည်"ဟု အခြေခံမူတစ်ရပ် ပြဋ္ဌာန်းပေးထားသည်။ ဤပြဋ္ဌာန်းချက်၏ အနှစ်သာရသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကိစ္စရပ် အားလုံးနှင့်သာမက စတုတ္ထမဏ္ဍိုင်ကြီးနှင့်လည်း သက်ဆိုင်ပါလိမ့်မည်။ ပြည်သူတို့၏ မျှော်လင့်ချက်မို့ အလေးထားစေချင်၍ တိုက်တွန်းရပါသည်။

နိုင်ငံတော်အချုပ်အခြာအာဏာ၏ အဓိကမဏ္ဍိုင်ကြီး ၃ ရပ်နှင့် စတုတ္ထမဏ္ဍိုင်တို့ ဟန်ချက်ညီ၍ကြံ့ခိုင်မှ နိုင်ငံတည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မည်ဟုယုံကြည်၍ တင်ပြရပါသည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေးနှင့် ဒီမိုကရေစီအသီးအပွင့်များ ပွင့်လန်းစေရေးတို့အတွက် လူကောင်းလူတော်တို့၏လက်ဝယ်၌သာ နိုင်ငံကိုပုံဖော်နိုင်သည့် အခွင့်အလမ်းများ ရစေချင်ပါသည်။

**ပြည်သူများသည် ပါတီစုံဒီမိုကရေစီစနစ်ကို နှစ်သက်ကြသည်။ တိုင်းရင်းသားများတောင်းဆိုသည့် အခွင့်အရေးများကို ဦးစားပေး၍ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိုလည်း ဆောင်ရွက်သင့်သည်ဟု အားပေးနေကြသည်**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ပြင်ဆင်နိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၌ရှင်းလင်း

နေပြည်တော် ဇူလိုင် ၁

**ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ)ကို ပြင်ဆင်နိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။** (ယာပုံ)



လွှတ်တော်နာယကက ရှင်းလင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်တွင် ပါဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၆ ခုနှင့် သက်ဆိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါကြောင်း။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ ပြင်ဆင်ရန်တင်သွင်းသည့် ပုဒ်မ၊ ပုဒ်မခွဲ ၆ ခုအနက်မှ ပုဒ်မ ၅၉(ဃ)ကို ထောက်ခံဆန္ဒမဲ ၅၅၆ မဲဖြင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်ကပြင်ဆင်ရန် သဘောတူညီသည့်အတွက် ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရာတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ သီးခြားလုပ်မည်ဆိုပါက အချိန်၊ လုပ်အား၊ ဘဏ္ဍာငွေအားလုံး ထပ်မံလိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၉ ပုဒ်မခွဲ(ဃ) ပြင်ဆင်နိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပူးတွဲပြုလုပ်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံသို့ အကြောင်းကြားစာပေးပို့၍ အဆိုပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြရာ **မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး**က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့ကို တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်ပြီး ခန့်အပ်ရမည်ဆိုသည်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး**က သမ္မတဦးဆောင်သော ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် အစိုးရအဖွဲ့ ဖွဲ့စည်းရေးသည် နိုင်ငံတော်သမ္မတ၏ တာဝန်ဖြစ်ပြီး အစိုးရအဖွဲ့တွင်ပါဝင်မည့် ဝန်ကြီးများကို သင့်လျော်သော ပုဂ္ဂိုလ်များအား ရွေးချယ်ခန့်ထားခွင့်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် လိုအပ်လျှင် သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ ရင့်ကျက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များအား ရွေးချယ်ခန့်အပ် တာဝန်ပေးနိုင်သော အခွင့်အလမ်းရရှိရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး တစ်ဦးအနေဖြင့် ယခင်က နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်ခဲ့သော်လည်း ဝန်ကြီးတစ်ဦးဖြစ်လာသည့် နေ့မှစ၍ ဝန်ကြီးဌာန လုပ်ငန်းတာဝန်များကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါက မိမိဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးနှင့် ဆက်နွှယ်လာနိုင်ပါကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ**က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရွေးကောက်တင်မြှောက်ထားကြသည့် လွှတ်တော်ကိုယ်စားလှယ်အများစု ပါဝင်သည့် ကော်မတီအသီးသီးကို ပြည်ထောင်စုအဆင့်အဖြစ် သတ်မှတ်ပေးသင့်ပါကြောင်း၊ သို့မှသာ အချို့ကိစ္စများကို အဆင့်နှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထုလိုလားနှစ်သက်မှသာ အကျိုးသက်ရောက်မည်ဖြစ်ပြီး ပြည်သူက လေးစားလိုက်နာမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုမရှိပါက မည်သည့်အစိုးရမျှ လုပ်ငန်းများ အောင်မြင်မည် မဟုတ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည် တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှုတည်ဆောက်ရန် အခွင့်အလမ်းကြီးဖြစ်နေပါကြောင်း၊ ပြည်သူချစ်ခင်လေးစားရသည့် တပ်မတော်ဖြစ်ရန် အခြေအနေကောင်းများ ရှိနေပြီဖြစ်သည့်အတွက် ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်သည်များကို တိုင်းပြည်နှင့်ပြည်သူအကျိုးအတွက် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ ပြုပြင်ပြောင်းလဲကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်**က အခြေခံဥပဒေကို ပြင်ဆင်ရာတွင် တိုင်းရင်းသားပြည်သူများ လိုလားနေသည့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်နိုင်သည့် အခင်းအကျင်းဖြစ်အောင် ပြင်ဆင်ပေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံဖြစ်သည့် ဗဟိုချုပ်ကိုင်မှုနည်းပြီး အာဏာခွဲဝေမှုများအတွက် ပြင်ဆင်ပေးခြင်း၊ တိုင်းရင်းသားများ ဆန္ဒပြုနေသည့် နိုင်ငံရေးတန်းတူမှုဖြစ်အောင်ပြင်ဆင်ပေးခြင်းများ ပြုလုပ်သင့်ပါကြောင်း၊ သို့မှသာ ပြည်သူများ တောင့်တနေသည့် ပြည်တွင်းပဋိပက္ခများ ရပ်စဲနိုင်ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ရနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင်**က အခြေခံဥပဒေကို အားလုံးက စောင့်ထိန်းလိုက်နာရန် တာဝန်ရှိပါကြောင်း၊ ထိုဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမရှိ အဟန့်အတားဖြစ်နေမည်ဆိုပါက နိုင်ငံသားများ၏ အကျိုးကိုဦးစားပေး၍ ပြင်ဆင်သင့်သည့်ဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်အားလုံးက တူညီသောဆန္ဒဖြင့် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဖြေလျှော့ပေးရန် လိုအပ်သည့်ဥပဒေများကို ဖြေလျှော့ပေးရန်လိုအပ်ပြီး တိုးမြှင့်ပေးရန်လိုသည့် ဥပဒေများကို တိုးမြှင့်ပေးရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေမူကြမ်း ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးတို့ကလည်း အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## လမင်းရာထောင် အလှဆောင်သည်

✻ ယနေ့ခါသော် ၊ နိုင်ငံတော်၏
လွှတ်တော် အစိုးရ၊ ဌာနနေရာ
များလှစွာဝယ်
ကလျာယမင်း၊ ငွေလမင်းတို့
ပဝင်းကြည့်ရှင် ၊ အလှဆင်သည်
မြင်သူ ရင်သပ်ရှုမောတည်း။

✻ ပြည်သူ့အကျိုး၊ ဆောင်သယ်ပိုးဖို့
ကြိုးကြိုးစားစား၊ လွှတ်တော်များတွင်
ကျားတို့နှင့်ဆိုင်၊ စကားပြိုင်သည်
ကြံ့ခိုင်စိတ်ထား မိန်းမသား။
တိုင်းပြည့်ရင်နှစ်၊ မျိုးဆက်သစ်အတွက်
ခေတ်မီပညာရေး၊ ကြံဆောင်ပေးကြ
ယဉ်ကျေးမှုအမွေ၊ တည်တံ့စေကြ
စိတ်နေကောင်းမှု၊ အကြောင်းပြုလျက်
လူမှုဝန်ထမ်း၊ ကျေစွာလှမ်းကြ
ပန်းကိုလည်းပန်၊ နံ့သာကျံလည်း
ဝန်ကြီး ဒုဝန်ကြီး၊ အသီးသီးတာဝန်
ထမ်းကျေပွန်သည်
မွန်မြတ်နှလုံးသား မိန်းမသား။

✻ စာပေကလောင်၊ စွမ်းအားဆောင်သည်
ထွန်းပြောင်ဝင့်ကြွား၊ မိန်းမသားတွေ
စီးပွားရေး လူမှုရေး၊ အောင်မြင်ရေးအတွက်
ဖောင်ဒေးရှင်းစုံ၊ တည်ထောင်ကုန်လျက်
ပြည့်ဂုဏ်မြှင့်ကြ၊ မိန်းမလှတွေ
တက်ကြွလှုပ်ရှား၊ အားကစားဖြင့်
ကြိုးစားနေသေး၊ လုံမလေးတွေ
ဒေသစွန်ဖျား၊ ဝေးကွာပြားလည်း
သွားရောက်မနေး၊ ကျန်းမာရေးအတွက်
ပေးဆက်လုပ်အားပေး၊ မိန်းကလေးတွေ
မွေးဘိသတင်း၊ သင်းဘိဂုဏ်ရည်
ခံ့ညားထည်သည်
တိုင်းပြည်ချစ်တဲ့ မိန်းမသား။

✻ သြော်… မြန်မာ့မြေမှာ၊ အလှတွေကား
များလည်းများ၏၊ များသည့်ထဲတွင်
အကြင်မိန်းကလေး၊ မြန်မာ့သွေးတို့
ရှေးနှင့်မတူ၊ ဟန်မူမနွဲ့
မငဲ့ကိုယ်ကျိုး၊ မျိုးမာန်နိုးလျက်
ရိုးရိုးသားသား၊ ကြိုးကြိုးစားစား
ပြည်သူ့ကြားဝယ်၊ ခံ့ညားသင်းထုံ
သတင်းဂုဏ်နှင့်
ဘက်စုံထင်လင်း၊ မွေးပုံ့ခြင်းလျှင်
လမင်းရာထောင်သာသို့တည်း။

**(တိုင်းပြည်အကျိုးကို ကဏ္ဍစုံဘက်စုံမှ သယ်ပိုးဆောင်ရွက်လျက်ရှိသော မြန်မာအမျိုးသမီးများကို ဂုဏ်ပြုလျက်)**

**မြင်းမူမောင်နိုင်မိုး**

## ငှက်ဖျား၊ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆွေးနွေး

**နမ့်ဆန် ဇူလိုင် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ အခြေစိုက် (Cesvi) ငှက်ဖျား၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့၏ လုပ်ငန်းဆွေးနွေးပွဲကို ဇွန် ၂၈ ရက်က မြို့နယ်ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီများ လူမှုကူညီရေးအဖွဲ့အစည်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကုသရေးဦးစီးဌာန ဒေါက်တာ ဇော်ဝင်းအောင်က အမှာစကားပြောကြားပြီး Cesvi စီမံကိန်းမန်နေဂျာ ဒေါက်တာဇော်နိုင်က ကျေးရွာလူထုအခြေပြု ငှက်ဖျား၊ တီဘီတိုက်ဖျက်ရေးလုပ်ငန်းများနှင့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစီမံချက်အကြောင်းကို လည်းကောင်း၊ ဘားနက်အင်စတီကျူးမှ (Technical Specialist) ဒေါက်တာမိုးဇော်ဦးက မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း စီမံချက်အကြောင်းကို လည်းကောင်း၊ Cesvi အဖွဲ့ မြို့နယ်ညှိနှိုင်းရေးမှူး ဒေါက်တာစိုင်းသိန်းဝင်းက ငှက်ဖျားတိုက်ဖျက်ရေး၊ ကာကွယ်ရေး၊ ကုသရေးစီမံချက်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးရွာမည်။ ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး ဆွေးနွေးနေမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်မှုအခြေအနေများ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးဆွေးနွေးနေမှုအခြေအနေများ၊ နည်းပညာနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးကိုကိုနိုင်၊ ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာလည်း တက်ရောက်သည်။

စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၏ (၆၆)ရက်မြောက်နေ့ အစည်းအဝေးကျင်းပနေမှုကို လေ့လာကြည့်ရှုကြသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် စင်ကာပူသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမျိုးသားလုံခြုံရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးနှင့် ပြည်ထဲရေးဝန်ကြီး မစ္စတာ တိုချီဟန်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ကရင်ပြည်နယ်၌ နယ်စပ်ဖြတ်ကျော် ကုန်သွယ်လမ်းမကြီး ဖောက်လုပ်ပြီးပါက လူမှုစီးပွားတိုးတက်လာနိုင်သဖြင့် ဒေသတွင်းထုတ်ကုန်များ အရည်အသွေးတိုးတက်အောင်ဆောင်ရွက်

**ဘားအံ ဇူလိုင် ၁**

ကရင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံညှိနှိုင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကရင်ပြည်နယ်သည် စီးပွားရေးအရ အချက်အချာကောင်းသောနေရာတွင် ရှိနေပြီး နယ်စပ်ဖြတ်ကျော် ကုန်သွယ်လမ်းမကြီး ဖောက်လုပ်ပြီးစီးသွားပါက လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာနိုင်ကြောင်း၊ သို့ဖြစ်၍ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ်သည် အခြေခံကျပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို မြှင့်တင်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် မိမိတို့၏စားဝတ်နေရေးအတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းပညာရပ်များကို အားပေးမြှင့်တင်ဆောင်ရွက်သွားစေလိုကြောင်း၊ ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် လူ့စွမ်းအားအရင်းအမြစ်များကို အဟန့်အတားဖြစ်စေသော အမျိုးသားရေးစိန်ခေါ်မှုများဖြစ်သည့် မူးယစ်ဆေးဝါး၊ လောင်းကစား၊ ဆူပူမှုနှင့် အမှုအခင်းများ လျော့နည်းပပျောက်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မတီ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက မြို့နယ်အလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆက်လက်လုပ်ဆောင်သွားလိုသည့် ကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်




**မော်လမြိုင် ဇူလိုင် ၁**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ကြသော မွန်ပြည်နယ်အတွင်းရှိ ကျောင်းသားကျောင်းသူများအား ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ပညာရည်ချွန်ဆုချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်၏ ပညာရေးကဏ္ဍ အစဉ်အလာကြီးမားမှုအပေါ် ချီးကျူးဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပေးအပ်ပွဲကိုကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရရှိအောင် စွမ်းဆောင်နိုင်သည့် ပညာရေးဌာန၊ အောင်ချက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီပေးကြသည့် မော်လမြိုင်တက္ကသိုလ်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဘာသာစုံဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူ ၂၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

အလားတူ ငါးဘာသာဂုဏ်ထူးရှင် ၆၀၊ လေးဘာသာဂုဏ်ထူးရှင် ၂၂၄ ဦး၊ အထူးဆုရရှိသည့် ခရိုင်/ မြို့နယ်များ၊ အောင်ချက်အကောင်းဆုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း၊ သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲ၊ ဝိပ္ပံဘာသာတွဲ၊ အောင်ချက် ၅၀ ရာခိုင်နှုန်းနှင့်အထက် ရရှိသည့် ကျောင်းများနှင့် အောင်ချက်အကောင်းဆုံးရရှိအောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသည့် ကျောင်းအုပ်ကြီးများကို ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယခုနှစ်တွင် မွန်ပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၁၈၁၇၀ အနက် ၇၈၈၆ ဦး အောင်မြင်ခဲ့ကြပြီး အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၃၀ ရာခိုင်နှုန်းဖြစ်ကာ ဂုဏ်ထူးရရှိသူ စုစုပေါင်း ၂၄၄၃ ဦးရှိကြောင်း သိရသည်။ မွန်ပြည်နယ်သည် ပြီးခဲ့သည့် ပညာသင်နှစ်များတွင် တစ်နိုင်ငံလုံး အောင်ချက်ပထမ ခြောက်နှစ်ဆက်တိုက်ရရှိခဲ့သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံးအောင်ချက် ဒုတိယအဆင့်သို့ ကျဆင်းသွားသော်လည်း ဂုဏ်ထူးရရှိသူများမှာ ယခင်နှစ်ကထက် တိုးတက်ပေါ်ထွက်လာခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

## လက်သမား၊ ပန်းရန် အထောက်အကူပြုသင်တန်းဖွင့်

**လောင်းလုံး ဇူလိုင် ၁**

လက်သမား၊ ပန်းရန် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို လောင်းလုံးမြို့နယ် အောက်ကျောက်ဝပ်ကျေးရွာအုပ်စု ညောင်ပြင်ကျေးရွာ သရက်ပင်ကုန်းရပ်ကွက်အတွင်းရှိ ကျေးလက်ဒေသခံပြည်သူများအား ဇွန် ၂၁ ရက်ကစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဇွန် ၂၇ ရက်တွင် အဆိုပါသင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးချိုက သင်တန်းပို့ချမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုအားပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

❍ ကျောဖုံးမှ

ကျောက်တိုင်ကွင်း၌ ဧရာဝတီနှင့် ဟံသာဝတီ၊ ဇူလိုင် ၅ ရက်တွင် ဗထူးကွင်း၌ ရတနာပုံနှင့် ရန်ကုန်၊ သုဝဏ္ဏကွင်း၌ မကွေးနှင့် ကမ္ဘောဇတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၀)အပြီးတွင် ရန်ကုန်အသင်းက ၁၀ ပွဲစလုံးအနိုင်ရရှိပြီး ရမှတ် ၃၀ ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေကာ ဧရာဝတီအသင်းက ၂၂ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက အမှတ် ၂၀ တို့ဖြင့် ဇယားထိပ်၌ ရပ်တည်နေသည်။ ယခုတစ်ပတ်၏ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်လာနိုင်သည့်ပွဲမှာ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံရတနာပုံအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည်။

**ရတနာပုံ-ရန်ကုန်**

MNL ပြိုင်ပွဲ စတင်ကတည်းက အဓိကပြိုင်ဘက်များအဖြစ် ရပ်တည်ခဲ့သည့် အသင်းများဖြစ်သည်။ ယခုပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါနေပြီး ရန်ကုန်အသင်းအနိုင်ရခဲ့လျှင် အမှတ်ပိုပြတ်သွားမည်ဖြစ်ပြီး ရတနာပုံအသင်းအနိုင်ရခဲ့လျှင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် မျှော်လင့်ချက်ပြန်လည်ရှင်သန်မည်ဖြစ်သည်။ နှစ်သင်းစလုံး အမာခံကစားသမားများ အစုံအလင်ပါဝင်မည်ဖြစ်ပြီး အကြိတ်အနယ်ရှိမည့်ပွဲဖြစ်လာနိုင်ပေသည်။

**မကွေး-ကမ္ဘောဇ**

စတုတ္ထနေရာမှ မကွေးနှင့် ပဉ္စမနေရာမှရပ်တည်နေသည့် ကမ္ဘောဇအသင်းတို့၏ တွေ့ဆုံမှုမှာလည်း စိတ်ဝင်စားစရာကောင်းသည့် ပွဲဖြစ်လာနိုင်ပေသည်။ ယင်းနှစ်သင်းတွေ့ဆုံလျှင် အကြိတ်အနယ်ရှိသည့်အတိုင်း ယခုပွဲမှာလည်း အကြိတ်အနယ်ရှိနိုင်ပေသည်။

**သတင်း-ညီမြတ်သော်တာ**

■ ကျောဖုံးမှ

အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည် သွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်း ၄၇ မိနစ်တွင် တောင်ပံတိုက်စစ်ကစားသမားဒီမာရီယာက အာဂျင်တီးနားအတွက် သုံးဂိုးမြောက် သွင်းယူခဲ့သည်။ ၅၃ မိနစ်တွင် ဂုင်းကပင် ထပ်မံ ဂိုးသွင်းယူခဲ့သည်။

အာဂျင်တီးနားသည် ဂိုးပြတ်အနိုင်ယူထားသော်လည်း ကစားအားမလျော့ခဲ့ပေ။ မိနစ် ၈၀တွင် တိုက်စစ်မှူး အဂူရိုက ဂိုးသွင်းယူခဲ့ပြီး ဟီဂူအင်နှင့် လူစားလဲခဲ့သည်။ လူစားဝင်လာသော ဟီဂူအင်ကလည်း ၈၃ မိနစ်တွင် အာဂျင်တီးနားအတွက် နောက်ဆုံးဂိုးသွင်းယူပြီး ပွဲပြီးချိန်တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယနေ့ပွဲတွင် နာမည်ကြီး ကစားသမား မက်ဆီ ဂိုးမသွင်းနိုင်ဘဲ ကိုပါဖလားပွဲစဉ်တစ်လျှောက် သွင်းဂိုးတစ်ဂိုးသာ သွင်းယူထားနိုင်သည်။ ကိုပါ ၂၀၁၅ ဖလား၌ သွင်းဂိုးလေးဂိုးဖြင့် အများဆုံးရပ်တည်နေသူမှာ ချီလီတိုက်စစ်မှူး ဗားဂက်စ်ဖြစ်သည်။ အာဂျင်တီးနားကစားသမား အဂူယိုနှင့် ချီလီကစားသမား ဗီဒယ်လ်တို့မှာ သုံးဂိုးစီသွင်းယူထားသည်။ အာဂျင်တီးနားမှ ဒီမာရီယာ၊ ဟီဂူအင်နှင့် ဘိုလီးဗီးယားမှ မိုရန်နိုတို့က နှစ်ဂိုးစီသွင်းယူထားသည်။

ကိုပါအမေရိကဖလား ဗိုလ်လုပွဲကို ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ အက်စတာဒီဘို နေစီအိုနယ်ကွင်း၌ အုပ်စု(က) မှ တက်ရောက်လာသော အိမ်ရှင်ချီလီနှင့် အုပ်စု(ခ) မှ တက်ရောက်လာသော အာဂျင်တီးနားတို့ ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တတိယနေရာလုပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ပီရူးနှင့် ပါရာဂွေးတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ-ရေးသည်**

## စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အဖွဲ့ဝင်များ၊ ပြင်ဆင်ချက် တင်သွင်းထားကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁**

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ အခွန်တစ်ပါတည်းကောက်ခံမည့် လုပ်ငန်းအစီအစဉ် ရှင်းလင်းပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၉ ရက်က ကျင်းပခဲ့ရာ ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်က အခွန်ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်နယ်အခွန်ဦးစီးဌာနမှူးက ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများကို လည်းကောင်း၊ မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူးက အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ အခွန်တစ်ပါတည်း ကောက်ခံမည့်လုပ်ငန်းအစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၉ တွင် ဖော်ပြခဲ့သော "**ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ် ကိုးသန်းကျော် ထုတ်ချေးပေးရန် လျာထား** " ခေါင်းစဉ်ပါ ပထမကော်လံ ၊ စာကြောင်းရေ (၂) တွင် "**စိုက်ပျိုးစရိတ်ချေးငွေ ၇၅၂၉ ဒသမ ၂ သန်း**" အစား "**ကျပ် ၇၅၂၉၂ ဒသမ ၆၈ သန်း**" ဟု လည်းကောင်း၊ ပထမကော်လံ၊ စာကြောင်းရေ (၉) တွင် " **၁၀ ဧကနှင့်အထက်ရှိသော တောင်သူများအား**" အစား " **လုပ်ကွက်ငယ်လုပ်ကိုင်သော တောင်သူလယ်သမားများအား ဦးစားပေးသည့်အနေဖြင့် သီးနှံ ၁၀ ဧကအထိ လုပ်ကိုင်သူများကို ချေးငွေထုတ်ချေးပေးမည်**"ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် တောင်းပန်အပ်ပါသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၁**

သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးပြောကြားရာတွင် **(အောက်ပုံ)** နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ တို့၏လူမှုစီးပွားတိုးတက်ရေး ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် သုတေသနပြုသည့်လုပ်ငန်းများသည် များစွာအရေးပါသဖြင့် အားပေး မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးတွင် လိုအပ်သည့် စူးစမ်းလေ့လာ သုတေသနပြုမှုများကို ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံတကာ အဖွဲ့အစည်းများထံမှ နည်းပညာကျွမ်းကျင်သူ အကူအညီဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး သုတေသနပြုမှု၊ နည်းပညာလေ့လာသုံးသပ်မှုများ လက်တွဲဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ သုတေသနလုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ တက္ကသိုလ်များ အပါအဝင် ပူးပေါင်းဆောင်ရွက်သွားကြရန်ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့် နည်းပညာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ကော်မတီများကို ဘာသာရပ် နယ်ပယ်များအလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှုကုန်ထုတ် လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ သုတေသနဆောင်ရွက်နေသော သက်ဆိုင်ရာဦးစီးဌာနများနှင့် ဝန်ကြီးဌာနများမှ တက်ရောက်လာကြသူများနှင့် ပြည်ထောင်စုဝန်ကြီးတို့က ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ယင်းမာအထူးစီမံချက်တစ်လအတွင်း ဆောင်ရွက်ပြီးစီးမှု

**နေပြည်တော် ဇူလိုင် ၁**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးရေး ဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင် မူးယစ်တိုက်ဖျက်ရေး အထူးစီမံချက် (ယင်းမာ) စီမံချက်ကို ဇွန်တစ်လတာအတွင်း အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ သုံးဇုန်ခွဲပြီး မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်ရာ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပခြင်းနှင့်ဆုချီးမြှင့်ခြင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖမ်းဆီးမူးယစ်ဆေးများ မီးရှို့ဖျက်ဆီးခြင်း သုံးနေရာဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးရေး ဗဟိုအဖွဲ့က ဆိုင်းဘုတ်ချိတ်ဆွဲခြင်းပိုစတာ၊ စတစ်ကာကပ်ခြင်း မြို့နယ် ၉၀တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် အသိပညာပေး ဟောပြောပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၂၃ နေရာ၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ၅၄ နေရာ၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း ၃၇ မြို့နယ်၊ ပညာပေး တစ်ခန်းရပ်ပြဇာတ်ကို မြောင်းမြမြို့နယ်၌ ကပြဖျော်ဖြေခဲ့ပြီး တွေ့ဆုံမေးမြန်းခန်းနှစ်ကြိမ်၊ မြစ်ကြီးနားမြို့နယ်၌ မူးယစ်ဆေးဝါးရောင်းချ/ သုံးစွဲသည့်ပုံကျတဲ ၁၀ လုံး မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့မှ ပြခန်းများခင်းကျင်းပြသခြင်း ကိုးမြို့နယ်၊ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းခြင်း လေးမြို့နယ်၌ ဆောင်ရွက်နိုင်ခဲ့ပြီး တီးတိန်၊ တွန်းဇံမြို့နယ်တို့၌ လမ်းတာချဲ့ခြင်း ပြုလုပ်နိုင်ခဲ့သည်။

သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့မှ နှစ်ခြင်းသီးနှံမျိုးစေ့ဖြန့်ဝေခြင်း ၃၇ မြို့ နယ်၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း ၂၂ မြို့နယ်၊ စိုက်စနစ်သင်တန်းဖွင့်လှစ်ခြင်း ၅၁ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

မွေးမြူရေးလုပ်ငန်း အဖွဲ့မှ တိရစ္ဆာန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း ၁၀ မြို့နယ်၊ အထူးကုအဖွဲ့များကွင်းဆင်းကုသဆောင်ရွက်ခြင်း ၁၀ မြို့နယ်၊ အခြေခံ မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေး သင်တန်း ၂၂ခု၊ ပညာပေးဟောပြောပွဲကျင်းပခြင်း ၁၀ မြို့နယ်၊ ပြခန်းများဖွင့်လှစ်ခြင်း တစ်မြို့နယ်ဆောင်ရွက်နိုင်ခဲ့သည်။

ဆေးကုသရေး လုပ်ငန်းအဖွဲ့မှ One Stop Service ဆေးကုသရေးလုပ်ငန်း ခြောက်မြို့နယ်၊ မက်သာဒုံးဆေးရည်တိုက်ကျွေးရေးဌာနအသစ်ဖွင့်လှစ်ရန် ပညာပေးညှိနှိုင်းဆွေးနွေးခြင်း ခြောက်မြို့နယ်၊ လုပ်ငန်းညှိနှိုင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ၁၂ မြို့နယ်၊ မူးယစ်ဆေးစွဲလူနာများ မက်သာဒုံးဆေးကုသမှုခံယူနေသူများအား အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း ခုနစ်မြို့နယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် HIV ပိုးကူးစက်မှုကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမြို့နယ် ၂၀တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်း အဖွဲ့မှ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းဖွင့်လှစ်ခြင်း နှစ်မြို့နယ်၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်း တစ်မြို့နယ်၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲ စာသင်ကျောင်းများနှင့် မြို့နယ် ၁၃ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

ကျောင်းသားလူငယ်များ အသိပညာပေးရေးအဖွဲ့မှ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ဟောပြောပွဲ ၁၁ မြို့နယ်၊ ကောလိပ်အဆင့် ၁၈ မြို့နယ်၊ အခြေခံကျောင်းပေါင်း ၂၄၄ ကျောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲများကို မြို့နယ် ၃၀၌ ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူများအားအသိပညာပေးလှုံ့ဆော်ရေးအဖွဲ့မှ နယ်လှည့်စာကြည့်တိုက်၊ လက်ကမ်းစာစောင်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများကို စီမံချက်တစ်လတာအတွင်း ၄၁၅ မြို့နယ်၌ ဆောင်ရွက်နိုင်ခဲ့သည်။

ထိန်းချုပ် ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်းများ ကွင်းဆင်းစစ်ဆေးခြင်း ၁၂ မြို့နယ်၊ အသိပညာပေးဆွေးနွေးခြင်း ၁၇ မြို့နယ်တို့၌ ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA) မှ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့်ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲကို မရမ်းကုန်းမြို့နယ်၌လည်းကောင်း၊ အလွတ်တန်းကဗျာရွတ်ဆိုပြိုင်ပွဲကို ဗဟန်းမြို့နယ်၌လည်းကောင်း ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် တနင်္သာရီမြို့နယ်အတွင်း ဘိန်းစာပင် ၁ ဒသမ ၈၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဒဂုံတော်ဝင်စင်တာ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပခြင်း၊ ရေတာရှည်မြို့နယ် တောင်နန်ချွန်ရွာ၌ MANA ရုံးဖွင့်ခြင်းနှင့် ဆိုင်းဘုတ်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*✻ ကျောဖုံးမှ*

ကမ္ဘာလှည့်ခရီးသွားတွေဟာ မြန်မာနိုင်ငံကိုမျက်စိကျလာတာနဲ့အမျှ တစ်နှစ်ထက်တစ်နှစ်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားသားဝင်ရောက်မှုကပိုများလာတာပါ"ဟုရန်ကုန်မြို့ ဆမ်းမစ်ပတ်ခ်ဗျူး ဟိုတယ်မှ Human Resource Manager ဦးကိုကိုအောင်က သုံးသပ်ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပို့ဆောင်ဆက်သွယ်ရေးကောင်းမှုနှင့် ကမ္ဘာ့အထင်ကရဖြစ်တဲ့ ရွှေတိဂုံစေတီမြတ်တည်ရှိရာ ရန်ကုန်မြို့ရှိ ထပ်မံပြုပြင်တိုးချဲ့သည့် ဟိုတယ်များမှာ ဆီဒိုးနားဟိုတယ်၊ ချက်ထရီယံဟိုတယ်၊ ဆမ်းမစ်ပတ်ခ်ဗျူး ဟိုတယ်နှင့် နာမည်ကြီးဟိုတယ်အချို့တို့ သည် ပြည်တွင်း/ပြည်ပဟိုတယ်ခရီးသွားလုပ်ငန်းပိုမိုပွင့်လင်းလာမှုနှင့်အတူ လုပ်ငန်းတွင်ကျယ်လာခြင်းကြောင့် ပြုပြင်မွမ်းမံတိုးချဲ့မှုလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်နေသည်ကို တွေ့မြင်နေရသည်။

"တစ်နှစ်ထက်တစ်နှစ် မြန်မာနိုင်ငံရဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းက ပိုမိုတွင်ကျယ်လာတာကို တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီနှစ်လိုမိုးတွင်းမှာ ခါတိုင်းနှစ်တွေဆိုရင် ကျွန်မတို့ ဧည့်လမ်းညွှန်တွေအနေနဲ့ အိမ်မှာ နားရတာတွေရှိပါတယ်။ အခုဆိုရင် ပြီးခဲ့တဲ့နှစ်ကရော အခုနှစ်ပါ ကျွန်မ အခုလို ဇွန်၊ ဇူလိုင်တောင်မနားရပါဘူး။ ပွင့်လင်းရာသီဆိုရင် ပိုပြီးတော့ ပြည်ပခရီးသွားလုပ်ငန်းကပိုများပါတယ်"ဟု ပြည်တွင်း ဧည့်လမ်းညွှန်တစ်ဦးဖြစ်သည့် မမြယမင်းက ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ရန်ကုန်ဟိုတယ်ဇုန်၌ ဟိုတယ်အလုံးပေါင်း ၂၅၈ လုံး၊ မန္တလေးဟိုတယ်ဇုန်၌ ၁၉၉ လုံး၊ နေပြည်တော်ဟိုတယ်ဇုန်၌ ၅၆ လုံး၊ ပုဂံဟိုတယ်ဇုန်၌ ၁၀၂ လုံး၊ ငွေဆောင်ဟိုတယ်ဇုန်၌ ၂၃ သုံး၊ ပဲခူးဟိုတယ်ဇုန်၌ ၄၁လုံး၊ ချောင်းသာဟိုတယ်ဇုန်၌ ၃၂ လုံး၊ ရွှေတြိဂံဇုန်၌ အလုံး ၄၀၊ ရှမ်းပြည်နယ်ဇုန်၌ ၁၇၅ လုံး၊ မော်လမြိုင်ဇုန်၌ အလုံး ၆၀၊ ရခိုင်ပြည်နယ်ဇုန်၌ ၃၇ လုံးတို့က ပြည်တွင်း/ ပြည်ပခရီးသည်များကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

"ကျွန်တော်တို့ဟိုတယ်အနေနဲ့ကတော့ ဖွံ့ဖြိုးလာတဲ့ ခရီးသွားလုပ်ငန်းနဲ့ ဟန်ချက်ညီစေဖို့ လာမယ့်နှစ်မှာ အခုလက်ရှိဟိုတယ်အပြင်ဘက်ရှိ ကားပါကင်ကို ထပ်မံတိုးချဲ့သွားမှာပါ။ ခွင့်ပြုမိန့်လည်းကျပြီ ဖြစ်ပါတယ်။ အခုဇူလိုင်လထဲမှာ စတင်အကောင်အထည်ဖော်တည်ဆောက်မှာပါ။ စင်ကာပူနည်းပညာနဲ့ တည်ဆောက်မှာဖြစ်ပြီးတော့ လူဦးရေ ၈၀၀ ဆံ့ခန်းမ၊ အားကစားခန်းမ၊ ရေကူးကန်၊ Spa၊ အထူးပြုစားသောက်ဆိုင်၊ ဘားနဲ့ အခန်း ၁၈၀ ခန်း ပါဝင်တဲ့ ဟိုတယ်သစ်ကိုလာမယ့်နှစ်မှာအပြီးတည်ဆောက်ဖို့ အခုကတည်းက လုပ်ငန်းတွေ စတင်အကောင်အထည်ဖော်လုပ်ဆောင်နေပါပြီ"ဟု ရန်ကုန်မြို့ ဆမ်းမစ်ပတ်ခ်ဗျူး ဟိုတယ်မှ Human Resource Manager ဦးကိုကိုအောင်က ထပ်မံရှင်းပြသည်။

# မိန်းမ၊ မိန်းမ ဆိုတာ ဒီလိုပါ

မေသက်ထားဦး

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု ရလဒ်များအရ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၁ ဒသမ ၄၉ သန်းအနက် အမျိုးသားဦးရေ ၂၄ ဒသမ ၈၂ သန်း၊ အမျိုးသမီးဦးရေ ၂၆ ဒသမ ၆၆ သန်းရှိကြောင်း သိရှိရပါသည်။

အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၈၃ သန်း ပို၍များပြီး အမျိုးသမီးဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၁ ဒသမ ၈ ရာခိုင်နှုန်းရှိသည်ဟု တရားဝင်ကြေညာထားပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေကျား/မ အချိုးမှာ ၉၃ ဖြစ်၍ အမျိုးသမီးဦးရေ ၁၀၀ ရှိချိန်တွင် အမျိုးသားဦးရေ ၉၃ ဦး ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ၂၆ ဒသမ ၆၆ သန်းရှိသော အမျိုးသမီးဦးရေများတွင် အရွယ်ရောက်စနှင့် အရွယ်ရောက်ပြီးသူ မိန်းကလေးများသည် မိမိကိုးကွယ်ရာဘာသာ၏ အဆုံးအမ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ မိမိကိုယ်မိမိထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မှုများကို မည်မျှအတိုင်းအတာအထိ နားလည်သဘောပေါက်၊ လိုက်နာကျင့်သုံးမှုရှိသည်ကို မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ် လိုက်နာပြုပြင်သင့်လှပေသည်။

သမီးအရွယ်ဆိုပါလျှင် သားသမီးဝတ်မည်မျှကျေပွန်ပါပြီလဲ၊ မိခင်အရွယ်တွင် မိဘဝတ်မည်မျှ ကျေပွန်ပါပြီလဲ၊ အိမ်ထောင်ရှင်အမျိုးသမီးများသည်လည်း အိမ်ထောင်တာဝန်၊ မိသားစုတာဝန် ကျေပွန်ပါရဲ့လား၊ သမီးကောင်းလား၊ ဇနီးကောင်းလား၊ မိခင်ကောင်းလား၊ ကျောင်းသားကောင်းလား၊ ဆရာကောင်းလား စသည်ဖြင့် မိမိရောက်ရှိနေသော "အရွယ်"၊"နေရာ" များတွင် မည်မျှတာဝန်ကျေပွန်သည်လဲ ဆိုတာကို လေ့လာဆန်းစစ်သင့်ပါသည်။

မိန်းမ(အမျိုးသမီး) ဖြစ်သူများအဖို့ "မိန်းမ၊ မိန်းမ ဆိုတာ ဘာလဲဗျ" ဆိုသောသီချင်းခေါင်းစဉ်ကို စဉ်းစားဆင်ခြင်သင့်သည်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် မိန်းမဘဝရရှိထားသော အမျိုးသမီးများအနေဖြင့် "မိန်းမဆိုတာ ဘာလဲ" ဟူသော မေးခွန်းကို မှတ်တမ်းတင်စာစုများမှ တစ်ဆင့် ထုတ်နုတ်တင်ပြလိုက်ပါသည်။

'ပုခက်လွှဲသောမိခင်၏လက်သည် ကမ္ဘာကို လွှမ်းမိုးနိုင်သည်' ဟုဆိုထားသည်မှာ မိန်းမတစ်ယောက်၏ တန်ဖိုး၊ စွမ်းဆောင်ရည်များကို ဖော်ညွှန်းထားခြင်းပင် ဖြစ်ပေသည်။

လောက၌ အကြောင်းအကျိုး၊ အကောင်းအဆိုး ဒွန်တွဲလျက်ရှိပေရာ ကွတ္တိယခေါ် မိန်းမတို့နှင့်ပတ်သက်၍ "ကွတ္တိယခေါ် မိန်းမတို့သည် မရှိမကောင်း၊ ရှိမကောင်း၊ မပေါင်းလည်းခက် ၊ ပေါင်းလည်းခက်" ဟု ဆိုရိုးစကားရှိထားသည်။ 'မိန်းမဖျက်တော့၊ ပြည်ပျက်သည်'၊ 'မိန်းမတို့ဘုန်းဆံထုံး'၊ 'မိန်းမကောင်း ပန်းပန်၊ တစ်ပွင့်တန်'၊ 'မိန်းမတို့ကန္ဓြွေရွှေပေး၍မရ' စသည်ဖြင့် မိန်းမတို့၏ ကောင်းခြင်း၊ မကောင်းခြင်းများကို မိမိတို့၏အတွေ့အကြုံများဖြင့် မှတ်တမ်းတင်ထားကြပေရာ၊ မိန်းမတို့အတွက် ထားရစ်ခဲ့သော 'မှတ်ကျောက်' များပင်လားဟု တွေးထင်စရာ ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် အမျိုးသမီးများအတွက် မှတ်ကျောက်တင်စရာအကျိုးအပြစ်များ၊ ရှောင်ရန်၊ ဆောင်ရန်များ၊ လိုက်နာကျင့်သုံးသင့်သည်များကို 'ဈေးသုံးလည်းမလွယ်နဲ့ ရှေးထုံးလည်းမပယ်နဲ့' ဟူသော အဆိုရှိသည့်အတိုင်း မှတ်သားစရာများကို လက်လှမ်းမီသမျှ ပျို့၊လင်္ကာ၊ သုတ်တော်၊ သံယုဂ်ပါဠိတော် စသည်များမှ ကောက်နုတ်တင်ပြလိုပါသည်။

ရှေးဦးစွာ မိန်းမတို့၏ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်တို့ကို "စတုဓမ္မသာရပျို့" တွင် "မြင့်၊ နိမ့်၊ မည်း၊ ဖြူ ကြုံသူမထင် စင်စစ်အပြစ် ကြာဝယ်ဖြစ်သို့" ဟု ဖွဲ့ဆိုထားသည်။ မိန်းမတို့၏ ရုပ်ပိုင်းဆိုင်ရာ အပြစ်(၆)ပါး အနေဖြင့်

(၁) အရပ်မြင့်လွန်းခြင်း၊
(၂) အရပ်နိမ့်လွန်းခြင်း၊
(၃) အသားမည်းလွန်းခြင်း၊
(၄) အသားဖြူလွန်းခြင်း၊
(၅) ပိန်လွန်းခြင်း၊
(၆) ဝလွန်းခြင်းတို့ကို သတ်မှတ်ထားပါသည်။

တစ်ဖန် အမျိုးသမီးများ၏ 'ကောင်းခြင်း(၅)ဖြာ' ကိုလည်း သတ်မှတ်ပေးထားပြန်ပါသည်။ ထိုကောင်းခြင်း(၅)ဖြာတို့သည်ကား

(၁) ဆံပင်၏ကောင်းခြင်း၊ (မည်းနက်၊ ရှည်လျား၊ ဆံလုံးကောင်း၊ အဖျားကော့နေခြင်း)
(ယခုအခါတွင် ဆံပင်ပုံစံမျိုးစုံ၊ အရောင်မျိုးစုံ ဆိုးနေကြသဖြင့် ဆံပင်၏ကောင်းခြင်း မကောင်းခြင်းကို မဆုံးဖြတ်နိုင်တော့ပေ။)
(၂) အသား၏ကောင်းခြင်း၊ (ရွှေအဆင်းကဲ့သို့ ဝါဝင်းညက်ညောခြင်း)
(၃) အရိုး၏ကောင်းခြင်း၊ (ပုလဲစီထားသကဲ့သို့ လှပညီညာဖြူဖွေးသော သွားရှိခြင်း)
(၄) အရေ၏ကောင်းခြင်း၊ (ရွှေအဆင်းကဲ့သို့ ကြည်လင်ဝင်းပခြင်း)
(၅) အရွယ်၏ကောင်းခြင်း၊ (အရွယ်တင်ခြင်း၊ အသက်ကြီးသော်လည်း ရှိသည့် အသက်ထက်ငယ်သည်ဟု မှတ်ထင်ရခြင်း)

စသည်တို့ဖြစ်လေသည်။

မိန်းမသားတို့သည် ယောကျ်ားတို့အပေါ်၌ အနိုင်ယူလွှမ်းမိုးနိုင်သော **'အားများ'** အဖြစ် သံယုဂ်ပါဠိတော်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) အဆင်းအား (ရုပ်ရည်ချောမောပြေပြစ်ခြင်း)၊
(၂) ဥစ္စာအား (ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝခြင်း)၊
(၃) ဆွေမျိုးအား (ဆွေကြီးမျိုးကြီးဆွေမျိုးအင်အားတောင့်တင်းခြင်း)၊
(၄) သားသမီးအား (သားသမီးမွေးဖွားနိုင်ခြင်း)၊
(၅) အကျင့်သီလအား (အကျင့်သီလကောင်းမွန်ခြင်း)

စသည်တို့ ဖြစ်ပါသည်။ ထို 'အား' များနှင့် ဆန့်ကျင်ဘက်ဖြစ်သောအချက်များသည် မိန်းမတို့အပေါ်၌ ယောကျ်ားများက မနှစ်သက်သောအချက် (၅)ချက်ရှိသည်ဟု မှတ်သား ထားသည်ကို ဖော်ပြရပါလျှင်-

(၁) အဆင်းမလှခြင်း၊
(၂) ပစ္စည်းဥစ္စာမဲ့ခြင်း၊
(၃) သီလမရှိခြင်း၊
(၄) သားသမီးမရခြင်း၊
(၅) ပျင်းရိထိုင်းမှိုင်းခြင်း စသည်တို့ဖြစ်ပေသည်။

ထို့ကြောင့် အမျိုးသမီးများအနေဖြင့် ကောင်းသောအားများစုစည်း၍ မနှစ်သက်ဖွယ် အပြုအမူများမှ ရှောင်ရှားသင့်လှပေသည်။

မိန်းမတို့သည် အရွယ်သုံးပါးစလုံးပင် စောင့်ရှောက်မှုလိုအပ်ကြောင်း၊ အစောင့်အရှောက်ကင်း၍ မနေသင့်ကြောင်းကို အစောင့်အရှောက်ခံမိန်းမ ရှစ်မျိုးရှိသည်ကို သတ်မှတ်ထားကြောင်း တင်ပြလိုပါသည်။ ၎င်းရှစ်မျိုးတို့မှာ-

(၁) မိဘနှစ်ပါးစောင့်ရှောက်သောမိန်းမ၊
(၂) မိခင်စောင့်ရှောက်သောမိန်းမ၊
(၃) ဖခင်စောင့်ရှောက်သောမိန်းမ၊
(၄) မောင်စောင့်ရှောက်သော မိန်းမ၊
(၅) အစ်မညီမ စောင့်ရှောက်သောမိန်းမ၊
(၆) ဆွေမျိုးသားချင်းစောင့်ရှောက်သော မိန်းမ၊
(၇) လူမျိုးအနွယ်တူစောင့်ရှောက်သောမိန်းမ၊
(၈) တရားကျင့်ဖော်(သို့) သီတင်းသုံးဖော်စောင့်ရှောက်သော မိန်းမ- ဟူ၍ ဖြစ်သည်။

လောက၌ မိန်းမကောင်း၊ မိန်းမမြတ်များရှိသကဲ့သို့ ယုတ်ညံ့သော မကောင်းသောမိန်းမများလည်းရှိသည်မှာ သဘာဝကျပါသည်။ အကောင်းအဆိုးဟူသည် အမြဲပင် ဒွန်တွဲလျက်ရှိပေရာ မြင့်မြတ်ခြင်းနှင့် ယုတ်ညံ့ခြင်းတို့သည်လည်း ယှဉ်တွဲလျက်ရှိတတ်ပေသည်။ 'မြင့်မြတ်သည်' ဟု ဆိုရာတွင် အသိစိတ်ဓာတ်၊ ဉာဏ်ပညာ၊ ကျင့်ကြံနေထိုင်မှုများနှင့် သက်ဆိုင်သည်ဟု မှတ်ယူမိပါသည်။

မိမိပတ်ဝန်းကျင်က မည်မျှပင်ကောင်းကောင်း အသိစိတ်ဓာတ်နှင့် ခံယူကျင့်ကြံမှုသာ မြင့်မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ပေမည်။ အမျိုးသမီးများအတွက် လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရမည့် ဝတ္တရားများစသည်တို့သည် မြတ်စွာဘုရားလက်ထက်တော်မှစ၍ ခေတ်အဆက်ဆက်သတ်မှတ်ခဲ့ကြ၊ လိုက်နာစောင့်ထိန်းခဲ့ကြသဖြင့် ယဉ်ကျေးမှုဆိုင်ရာကျင့်ဝတ်များအဖြစ် ယနေ့တိုင် တည်ရှိနေပေသည်။

ခေတ်ကာလများ လျင်မြန်စွာပြောင်းလဲသည်နှင့်အမျှ ခေတ်ရေစီးကြောင်းအတိုင်း မျောပါမသွားဘဲ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာတရား၏ အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံသွားရမည်မှာ မြန်မာမိန်းကလေးတိုင်း၏ တာဝန်ဖြစ်ပေသည်။ မိန်းမသားတို့အတွက် ဆင်ခြင်စရာအချက်များအနေဖြင့် လူအမျိုးမျိုးနှင့် ဆက်ဆံကြရာတွင် သင့်တင့်မျှတစွာဖြင့် ပြောဆိုနေထိုင်ပြီး စည်းကမ်းဘောင်ကို မကျော်လွန်အောင် ထိန်းသိမ်းသင့်လှပေသည်။ မြန်မာမိန်းကလေးများ စောင့်ထိန်းအပ်သော ကိုယ်ကျင့်တရားများကို အတတ်နိုင်ဆုံး ထိန်းသိမ်းထားနိုင်ပါမှ တော်ကာကျပေမည်။

ရှေးမြန်မာမင်းများ လက်ထက်ကပင် အမျိုးသမီးများသည် လောလငါးပါး တည်းဟူသော လျှပ်ပေါ်လော်လည်မှုငါးမျိုးကို ရှောင်ရှားကြရပေသည်။ ဤလောလငါးပါး ကို မလွန်ကျူးမိစေရန်အတွက် မိဖုရားခေါင်ကြီးက ဦးဆောင်၍ အဆင့်ဆင့်သော မိဖုရားများ၊ ကိုယ်လုပ်တော်များ၊ အပျိုတော်များမှအစ နန်းတွင်းသူအားလုံးကို ကြပ်ကြပ်မတ်မတ်ထိန်းသိမ်းစေကြောင်း မှတ်သားမိပါသည်။ ကိုရီးယားနန်းတွင်းဇာတ်လမ်းများတွင်လည်း အဆင့်ဆင့်ထိန်းကျောင်းမှုစနစ်ကို တွေ့မြင်ရပေသည်။

ရှေးမြန်မာတို့တွင်လည်း ထိုသို့ထိန်းကျောင်းမှုရှိသည်ကို တင်ပြရပါလျှင်-

(က) ပုရိသလောလ

မိမိခင်ပွန်း၊ လင်သားမှတစ်ပါးဖြစ်သော ယောကျ်ားများနှင့်ဆက်ဆံရာတွင် ထွေးရောယှက်တင်ပေါင်းသင်းဆက်ဆံခြင်းဖြင့် လျှပ်ပေါ်လော်လည်မှု။

(ခ) သူရာလောလ

မူးယစ်စေသော သေရည်သေရက်တို့ကို သောက်စားမူးယစ်ခြင်းအားဖြင့် လျှပ်ပေါ်လော်လည်မှု။

(ဂ) ဝိကာလလောလ

ခရီးသွားရာတွင် အချိန်အခါမဟုတ်ဘဲ၊ အကြောင်းကိစ္စမဟုတ်ဘဲသွားလာခြင်း တည်းဟူသော လျှပ်ပေါ်လော်လည်မှု။

(ဃ) အလင်္ကာရလောလ

မိမိနှင့်ထိုက်တန်သည်ထက် ကျော်လွန်သော ဝတ်စားဆင်ယင်ခြင်း၊ မပလွှားသင့်သောနေရာ၌ အဆင်တန်ဆာတို့ဖြင့် ဝတ်စားပလွှားခြင်း၊ စည်းကမ်းမထားဘဲ ဝတ်ဆင်ခြင်းတို့ဖြင့် လျှပ်ပေါ်လော်လည်မှု။

(င) အာမိသလောလ

အာဟာရစားသောက်ရာ၌ အတိုင်းအဆထက်ကျော်လွန်၍ သုံးဖြုန်းစားသောက်ခြင်းဖြင့် လျှပ်ပေါ်လော်လည်မှု စသည်တို့ဖြစ်ပေသည်။

အထက်ပါတို့ကို အနည်းငယ် အကျယ်ချဲ့တင်ပြလိုပါသည်။ ယနေ့အချိန်အခါသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ကူးလူးဆက်ဆံနေသောအချိန်ဖြစ်သည်။ လူမျိုးပေါင်းစုံ၊ သာယာပေါင်းစုံတို့လည်း ပါဝင်နေပေသည်။ မြန်မာနိုင်ငံတွင် ယောကျ်ားနှင့်မိန်းမတန်းတူအခွင့်အရေးရကာ ယောကျ်ားများနှင့်ရင်ပေါင်တန်း၍ နေရာဌာနမျိုးစုံတို့တွင် ဝင်ရောက်တာဝန်ယူလုပ်ကိုင်နေကြသော အမျိုးသမီးများအနေဖြင့် ယောကျ်ားများနှင့် 'တန်းတူ'ဆိုသော်လည်း 'မိန်းမသည်မိန်းမ'သာဖြစ်သည်ကို သတိတရားလက်ကိုင်ထား၍ နှလုံးသွင်းဆင်ခြင်နိုင်ဖို့ လိုပေသည်။

'ဆူးပေါ်ဖက်ကျ ဖက်ပေါက်၊ ဖက်ပေါ်ဆူးကျ ဖက်ပေါက်' ဆိုသည့်စကားအတိုင်း အရှက်တရား၊ အကြောက်တရားတို့ဖြင့် မိမိကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်သင့်လှပေသည်။ ရင်းနှီးကျွမ်းဝင်မှုသည် အတိုင်းအတာတစ်ခုထားသင့်သည်။ ခင်မင်မှုစည်းရိုးကိုကျော်လွန်၍ မဖြစ်သင့်သည်များဖြစ်လာနိုင်သဖြင့် 'ပုရိသလောလ' ကို မကျူးလွန်မိအောင် ထိန်းသိမ်းကြဖို့ လိုအပ်လှပေသည်။

'နိုင်ငံတကာရုပ်ရှင်ကားများမှအတုယူ၍ မိန်းကလေးများ ညကလပ်များသို့သွားခြင်း၊ ဘီယာစသည်တို့ သောက်သုံးခြင်း၊ မူးယစ်စေတတ်သော အဖျော်ယမကာအမျိုးမျိုး၊ ဆေးအမျိုးမျိုးအသုံးပြုခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့်လုံးဝဆန့်ကျင်သော အပြုအမူများပြုလုပ်ခြင်းသည် မိန်းကလေးများအတွက် အန္တရာယ်တွင်းသို့ သက်ဆင်းနိုင်ပေသည်။ ပြင်ပလောကတွင် ရဲဝံ့စွာ သွားလာလှုပ်ရှားခြင်း၊ တာဝန်မှအပ မိုးချုပ်နေဝင် လည်ပတ်ခြင်းတို့သည် အန္တရာယ်ကိုဖိတ်ခေါ်သကဲ့သို့ဖြစ်သဖြင့် မိမိသွားမည့်အချိန်၊ မိမိသွားမည့်နေရာသည် အန္တရာယ်ရှိနိုင်၊ မရှိနိုင် စဉ်းစားဆင်ခြင်ပြီးသွားသင့်သည်။ မဖြစ်မနေသွားရပါကလည်း မိသားစုဝင်၊ မိတ်ဆွေစသည့် အဖော်နှင့်သွားသင့်ပေသည်။ ထိုမှသာ 'သူရာလောလ'၊ 'ဝိကာလလောလ' များကို မကျူးလွန်ရာရောက်ပေသည်။

'ဝတ်စားဆင်ယင်အလှပြုပြင်ရာတွင်လည်း ခေတ်မီသည်ထက် ခေတ်ဆန်ခြင်း၊ ခေတ်ရှေ့ပြေးနေခြင်းက ပိုလွန်နေသဖြင့် 'အလင်္ကာရလောလ'ကို အများဆုံးကျူးလွန်နေကြောင်းတွေ့ရှိရပေသည်။ သူ့နေရာနှင့်သူ ဝတ်စားတတ်ဖို့ လိုအပ်လှပေသည်။ ယခုအခါ ချက်ပေါ်ဘောင်းဘီများ၊ မလုံ့တလုံဝတ်ဆင်မှုများကိုနေရာမရွေးဝတ်ဆင်သွားလာနေသည်ကိုတွေ့မြင်နေရသဖြင့် မိမိရိုးရာဝတ်စုံများပျောက်ကွယ်မည်ကိုတွေး၍ စိုးရိမ်ပူပန်မိပါသည်။ ဝတ်စားဆင်ယင်မှုနှင့်ဆက်နွယ်၍ ကုန်ကျစရိတ်များအတွက် တွေးခေါ်မြော်မြင်ရင်လေးရပါသည်။ မျိုးချစ်စိတ်ဓာတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဝတ်ဆင်သင့်ပါသည်။

ယခင်က မြန်မာတို့သည် မိမိတို့၏ရိုးရာအစားအစာများဖြစ်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲစသည်တို့ကိုသာ အပြင်ဆိုင်များတွင်စားလေ့ရှိကြပါသည်။ ယခုအခါ နိုင်ငံတကာနှင့်ကူးလူးဆက်ဆံသောအခါဖြစ်၍ အရှေ့တိုင်း၊ အနောက်တိုင်း စားစရာမျိုးစုံ၊ ဆိုင်မျိုးစုံဖွင့်လှစ်လာသည့်အတွက် ပေါင်းသင်းဆက်ဆံရေးအနေဖြင့် အပြင်စားသောက်ဆိုင်များတွင် စားတတ်သည့်အလေ့အထများရှိလာသည်ကို အပြစ်ဟုမဆိုသာသော်လည်း ကုန်ကျစရိတ်များသည်မှာ အမှန်ပင်ဖြစ်သည်။

မိမိအိမ်၊ မိမိကိုယ်တိုင် သန့်ရှင်းစွာချက်ပြုတ်စားသောက်ခြင်းသည် အန္တရာယ်အကင်းဆုံးဖြစ်သည့်အပြင် မိသားစုအချင်းချင်း ပိုမိုချစ်ခင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းစသည့်မိသားစုတန်ဖိုးကို အပြည့်အဝရရှိနိုင်ပေသည်။ အချိန်ကုန်လည်း သက်သာ၍ အကျိုးရှိသောအလုပ်များကို ပိုမိုလုပ်ကိုင်နိုင်ပေသည်။

ရှေးလူကြီးများဆိုစကားထားခဲ့သော လောလငါးပါးသည် ရှေးထုံးဟုဆိုရသော်လည်း ယနေ့တိုင် ခေတ်မီမှန်ကန်နေပေသည်။ ဉာဏ်ဖြင့်စဉ်းစားသုံးသပ်၍ လေးစားစွာလိုက်နာကျင့်သုံးနိုင်ပါက မိသားစုဘဝသာယာရေး၊ အမျိုးသမီးများဘဝသည် ဂုဏ်သိက္ခာရှိရှိ၊ အဆင့်အတန်းမြင့်မြင့်၊ သန့်ရှင်းလုံခြုံသောဘဝများကိုရရှိနိုင်ရေး၊ တန်ဖိုးရှိသောလမ်းညွှန်ချက်များဟုဆိုလျှင် မှားအံ့မထင်ပါ။

အိမ်ထောင်ရှင်မိန်းမများအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဓမ္မပဒတွင် ပါရှိသော ဝိသာခါဝတ္ထု၌ တွေ့ရှိရပါသည်။ ဝိသာခါဝတ္ထု၌ ယောက္ခမအိမ်သို့ လိုက်ပါနေထိုင်မည့် ဝိသာခါသတို့သမီးအား ဖခင်ဖြစ်သူက ဆုံးမမှာကြားသောစကားအချက်အလက်များပင် ဖြစ်ပါသည်။

'ယောက္ခမအိမ်သို့ လိုက်နေမည့် ချွေးမ(ဝါ) လင်အိမ်၌ လိုက်ပါနေသော မိန်းမတို့သည် အကြောင်းအရာ (၁၀) ပါးကိုလိုက်နာသင့်သည်ဟု ရေးသားဖော်ပြထားပါသည်။

(၁) အတွင်းမီးကိုအပြင်သို့မယူအပ် (မိမိလင်ယောကျ်ား/ယောက္ခမတို့၏ မကောင်းသတင်းကို အပြင်၌ ပြောဆိုခြင်းမပြုရ။ ကွယ်ရာပြောတော့ အတင်းမဖြစ်စေလိုသော သဘော။)
(၂) အပြင်မီးကို အတွင်းသို့မယူအပ်။ (မိမိလင်ယောကျ်ား/ယောက္ခမတို့၏ မကောင်းသတင်းကို ဘေးပတ်ဝန်းကျင်မှ ပြောဆိုသောအကြောင်းအရာများကို အိမ်အတွင်း၌ ပြောဆိုခြင်းမပြုရ။)
(၃) ပေးကမ်းသူကိုသာပေးကမ်းအပ်၏။ (အိမ်တွင်းပစ္စည်းတို့ကိုငှားရမ်းပြီး အမှတ်တရပြန်ပေးသူကိုသာ ငှားရမ်းပေးကမ်းရမည်။)
(၄) မပေးကမ်းသူကို မပေးကမ်းအပ်။ (အိမ်တွင်းပစ္စည်းတို့ကိုငှားရမ်းပြီး အမေ့ခံလျက် ပြန်မပေးသူတို့ကို ငှားရမ်းပေးကမ်းခြင်းမပြုရ။)
(၅) ပေးကမ်းသူတို့ကို လည်းကောင်း၊ မပေးကမ်းသူတို့ကိုလည်းကောင်း ပေးကမ်းအပ်၏။

(ဆင်းရဲနွမ်းပါးသူတို့က ငွေကြေးဥစ္စာချေးငှားကြသောအခါ ပြန်ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ၊ ချေးငှားပေးကမ်းရမည်။)

(၆) ချမ်းသာစွာနေထိုင်ရမည်။

(လင်ယောကျ်ား၊ မိဘ၊ ယောက္ခမတို့ထက် မြင့်သော၊ မြတ်သောနေရာ၌ မနေထိုင်ရ။)

(၇) ချမ်းသာစွာ စားသောက်အပ်၏။
(လင်ယောကျ်ား၊ မိဘတို့ထက် ရှေးဦးစွာ အစားအစာတို့ကို ဦးဦးဖျားဖျားမစားရ။)

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

**မြန်မာအမျိုးသမီးများအနေဖြင့် ဘာသာရေး၏အဆုံးအမများ၊ မိရိုးဖလာဓလေ့စရိုက်များ၊ ကျင့်ဝတ်သိက္ခာများ၊ မြင့်မားသိမ်မွေ့သော ယဉ်ကျေးမှုဆိုင်ရာကန့်သတ်ချက်များအလယ်၌ အလွန်တန်ဖိုးရှိစွာ၊ သိက္ခာရှိရှိ အဆင့်အတန်းမြင့်မားစွာ နေနိုင်ရန် မိမိကိုယ်တိုင်ဉာဏ်ပညာဖြင့် ယှဉ်၍ လိုက်နာကျင့်သုံး ထိန်းသိမ်းစောင့်ရှောက်ကြရမည်**

*စာမျက်နှာ ၁၀ မှ*

(၈) ချမ်းသာစွာ အိပ်ရမည်။
(လင်ယောကျာ်း၊ မိဘတို့ထက် ရှေးဦးစောစီးစွာ မအိပ်သင့်၊ မအိပ်ရ။)

(၉) မီးကို လုပ်ကျွေးအပ်၏။
(လင်ယောကျာ်း၊ ယောက္ခမတို့ကို မီးကဲ့သို့ ရိုသေ ကြောက်ရွံ့လုပ်ကျွေးရမည်။)

(၁၀) အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။
(လင်ယောကျာ်း၊ ယောက္ခမတို့ကို တန်ခိုးကြီးမားသော နတ်ကဲ့သို့ လေးစားရိုသေ ပူဇော်ရမည်ဟူ၍ ဖြစ်ပါသည်။)

အိမ်ထောင်ရှင်အမျိုးသမီးများ လိုက်နာစောင့်ထိန်းရမည့် ဝတ္တရားများကိုလည်း 'မဃဒေဝ' တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁) လင်အိပ်ရာမထမီ ဦးစွာအိပ်ရာမှထခြင်း၊
(၂) လင်အိပ်ရာဝင်ပြီးနောက်မှ အိပ်ခြင်း၊
(၃) လင့်အကြိုက် အလိုက်သိစွာ ပြုမူနေထိုင်ခြင်း၊
(၄) ပိယဝါစာချစ်ဖွယ်သောစကားကိုသာ ပြောဆိုလေ့ရှိခြင်း၊
(၅) ဘာလုပ်ပေးရမလဲ စသည်ဖြင့် မေးမြန်းလေ့ရှိခြင်း၊
(၆) မိမိလင်ယောကျာ်းမှတစ်ပါး အခြားသော အမျိုးသားတို့ကို စိတ်ဖြင့်ပင် မပြစ်မှားခြင်း စသည်တို့ ဖြစ်ပေသည်။

အထက်ဖော်ပြပါအချက်များသည် ယနေ့ခေတ်ကာလနှင့် အံဝင်ဂွင်ကျမရှိ၊ ဒိတ်အောက်နေပြီဟု ဆိုလိုကဆိုကြပေမည်။ သို့သော် သေချာစွာလေ့လာကြည့်ပါက လင်ယောကျာ်း၊ ယောက္ခမ စသည်တို့၏ မေတ္တာကို အပြည့်အဝရယူနိုင်သော 'လင်ချစ်ဆေး' သဖွယ် ဖြစ်နေသည်ကို တွေ့ရပေမည်။

အမျိုးသမီးများအပေါ်တွင် အမျိုးသားများက မည်ကဲ့သို့သော သဘောထားရမည်ကို မြတ်စွာဘုရားက အရှင်အာနန္ဒာအား အထူးဟောခဲ့ဖူးသည့် တရားတစ်ပုဒ်တွင် 'အသက်ကြီးသော အမျိုးသမီးများကို မြင်သည့်အခါ 'မိခင်'ဟု မှတ်ယူရမည်။ အသက်အတန်သာကြီးသည့်သူများကို အစ်မ၊ အသက်အတန်ငယ်သူများကို နှမဟူသောအမှတ်ဖြင့် စိတ်တွင်မှတ်သား၍ လက်ခံရမည်' ဟူ၏ ဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် ဘာသာ၏အဆုံးအမအရသော်လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်း၏ လွတ်လပ်သော၊ သဟဇာတဖြစ်သော အစဉ်အလာအရသော်လည်းကောင်း၊ တန်းတူအခွင့်အရေးရသူများ ဖြစ်ကြလေသည်။ မြန်မာတို့သည် မိခင်ကို အထွတ်အမြတ်ထားသောသူများဖြစ်ခြင်းက ခိုင်မာသော သက်သေပင်ဖြစ်သည်။ မိခင်သည် ဖခင်နှင့်တန်းတူရည်တူ တာဝန်ခွဲဝေ၍ မိသားစုကို စောင့်ရှောက်ထိန်းသိမ်းနိုင်သူဖြစ်သည်။

မြန်မာအမျိုးသမီးများအနေဖြင့် ဘာသာရေး၏အဆုံးအမများ၊ မိရိုးဖလာဓလေ့စရိုက်များ၊ ကျင့်ဝတ်သိက္ခာများ၊ မြင့်မားသိမ်မွေ့သော ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ်ချက်များအလယ်၌ အလွန်တန်ဖိုးရှိစွာ၊ သိက္ခာရှိရှိ အဆင့်အတန်းမြင့်မားစွာနေနိုင်ရန် မိမိကိုယ်တိုင် ဉာဏ်ပညာဖြင့်ယှဉ်၍ လိုက်နာကျင့်သုံး ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။

အမျိုးသမီးများသည် မိဘအတွက် သမီးကောင်း၊ သားသမီးအတွက် မိခင်ကောင်း၊ ခင်ပွန်းသည်အတွက် ဇနီးကောင်း၊ နိုင်ငံအတွက် နိုင်ငံ့သမီးကောင်းများ ဖြစ်နိုင်ကြစေရန် ရည်ရွယ်၍ အမျိုးသမီးများအတွက် မှတ်သားသင့်သည်များ၊ လိုက်နာကျင့်သုံးသင့်သည်များကို လက်လှမ်းမီသရွေ့ စုစည်းတင်ပြရင်း နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သော 'မြန်မာအမျိုးသမီးများနေ့' ကို ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။

မြန်မာအမျိုးသမီးများဘဝ ထာဝစဉ်မြင့်မားတိုးတက်၍ ကမ္ဘာတိုင်းအတွက် "သမီးကောင်း"များ ဖြစ်နိုင်ကြပါစေ။ သိက္ခာရှိ၍ မြင့်မြတ်သော အမျိုးသမီးဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေ။ ။

# မိုးစပါးစိုက်ဧက တစ်သိန်းကျော် စတင်စိုက်ပျိုး

**ဖြူး ဇူလိုင် ၁**

ဇွန် ၂၄ ရက်မှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် လယ်မြေများတွင် မိုးရေရရှိကြပြီဖြစ်ကာ ကြိုတင်ပျိုးထောင်ထားကြသော လယ်သမားကြီးများမှာ ကောက်စိုက်သူမများငှားရမ်းပြီး ကောက်စိုက်ဆင်းနေကြပြီဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် မိုးစပါးများကို နှစ်စဉ်မိုးကောင်းရေသောက်စနစ်ဖြင့် မိုးရေကိုစောင့်ဆိုင်း၍ မိုးစပါးများကို စိုက်ပျိုးခဲ့ကြသော အစဉ်အလာအရ လယ်ကွက်များ၌ မိုးရေလုံလောက်စွာ ရရှိမှသာ စိုက်ပျိုးကြရသော မြို့နယ်ဖြစ်သည်။

ဖြူးမြို့နယ်ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားကြီးများက ပုလဲသွယ်အထွက်တိုးစပါးစိုက်ဧကများ အပါအဝင် ၂၀၁၅ ခုနှစ် မိုးရာသီစပါးစိုက်ဧက ၁၅၁၈၂၉ ဧက အထိ သတ်မှတ်လျာထားချက်အတိုင်းအပြည့်အဝ စိုက်ပျိုးသွားကြမည်ဖြစ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနည်းပညာကို ကျေးရွာအရောက် ကွင်းဆင်းပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(ဖြူး)**



# ဇူလိုင် ၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၀၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၆၀၀၀ မှ ၈၀၀၀၀ |
| ၁၀ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၃၀၀၀ မှ ၁၀၄၀၀၀ |
| ၁၁ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၃၅၀၀၀ |
| ၁၂ | ကြက်သွန်နီ | မိတ္ထီလာ၊ ဆိပ်ဖြူ၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၇၀၀ |
| ၁၃ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၅ မှ ၂၀၂၅ |
| ၁၄ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၈၆၀ |
| ၁၆ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၅၀၀ |
| ၁၇ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ |
| ၁၈ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |
| ၁၉ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀၀ မှ ၁၃၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

# မန္တလေးဒေသ မီဒီယာကွန်ရက် ဖွဲ့စည်းခြင်းဆိုင်ရာ ဖိုရမ်ဖွင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁**

UNDP (ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်)နှင့် မန္တလေးဒေသရှိ မီဒီယာအဖွဲ့အစည်းများပူးပေါင်း၍ မန္တလေးဒေသ မီဒီယာကွန်ရက်ဖွဲ့စည်းခြင်းဆိုင်ရာ ဖိုရမ်ဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက်က မန္တလေးမြို့ ၇၈ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေး၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူ၊ တိုင်းဒေသကြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံး တာဝန်ခံ ဦးအောင်လင်း၊ မန္တလေးမီဒီယာအဖွဲ့မှ ကိုယ်စားလှယ် ဦးကျော်ရင်မြင့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မီဒီယာကွန်ရက်ဖွဲ့စည်းခြင်းဆိုင်ရာ ဆက်နွယ်သည့် မန္တလေးအခြေစိုက်မီဒီယာနှင့်သတင်းစာ ဂျာနယ်များ၏ လက်ရှိလုပ်ငန်းအခြေအနေများ၊ အထက်မြန်မာပြည်သတင်းသမားများနှင့် ဂျာနယ်လစ်များ၏ လုပ်ငန်းသဘာဝများ၊ မန္တလေးဒေသသတင်းသမားများနှင့် ဂျာနယ်လစ်များ၏ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ တည်တံ့ခိုင်မာသည့် ကွန်ရက်ဖွဲ့စည်းခြင်း ခေါင်းစဉ်များဖြင့် ဦးကျော်သန်းထွန်း(တိုင်းပြန်/ဆက်)၊ ဦးကျော်ရင်မြင့်(စာရေးဆရာ)၊ ဦးဝင်းမော်ငြိမ်းနှင့် ရွှေမန္တလေးဂျာနယ်မှ ဦးထွန်းဝင်းတို့ ဦးဆောင်ဆွေးနွေးကြသည်။ ဆက်လက်၍ တစ်ဦးချင်း တင်ပြဆွေးနွေးခြင်းနှင့် အပြန်အလှန် အမေးအဖြေပြုလုပ်ကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

သစ်တောသစ်ပင် တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

**ဖခင်အမည်မှန်**

မြောက်ဥက္ကလာပမြို့နယ်၊ အမက-၄၁၊ စတုတ္ထတန်းမှ မောင်အောင်ခန့်ဇော်၏ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းကျော် ၁၂/ဥကမ(နိုင်)၁၆၂၉၃၀ ဖြစ်ပါသည်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၆-၆-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၂၅ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၅ တရားမကြီးမှုအမှတ် ၆၈ ကြော်ငြာတွင် အမှတ် ၂၆၃အစား ၆၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဥတုရာသီ တောကိုမှီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဂျေ၊ မြေကွက်အမှတ် ၉၅စီ- ၁၂/အေ-၁၊ မြေကွက်တည်နေရာအမှတ် ၁၂/က၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ဒေါ်တင်ညွန့် အမည်ပေါက်မြေပိုင်မြေအား ဒေါ်တင်ညွန့် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကိတ္တိမသမီးအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ် ၁၇၁၃/၁၉၉၃ ဖြင့် မွေးစားခဲ့သော အမည်ပေါက်၏ အမွေစား အမွေခံကိတ္တိမ သမီးဒေါ်သန်းဌေး(ခ)ဒေါ်ယဉ်ယဉ်မြင့် ၁၂/မဂဒ(နိုင်)၀၀၈၂၁၄ က ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်စာချုပ် (၁၆၁၃/၁၉၉၈)နှင့် ၁၂၁၉/၂၀၀၇တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မုံရွာခရိုင်၊ အရာတော် (၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် တည်ဆောက်ရေး လုပ်ငန်းများတွင် ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|
| ၁။ | အုတ် (ပထမတန်းစား) |
| ၂။ | ခွဲကျောက် (ချီပင်) |
| ၃။ | သစ်မာ |
| ၄။ | တောသစ် |
| ၅။ | ကျောက်ကြီး (၆"-၆") |
| ၆။ | သဲ |
| ၇။ | ကျွန်းတံခါးရွက် (ဘီရိုဆံ) |

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၃၁-၇-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၅ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန အရာတော် (၂) စီမံကိန်းရုံးတွင် ၁-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း -၀၉- ၆၄၅၀၅၉၆**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**
**(ပြည်တွင်း၌သာခန့်ထားရန်)**

နေပြည်တော်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် တာဝန်ထမ်းဆောင်ရန်အတွက် လက်ထောက်ဆရာဝန်(၃)ဦး လိုအပ်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။ လိုအပ်သောအရည်အချင်းမှာ မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များမှ ဆေးပညာဘွဲ့ရရှိပြီး ဆရာဝန်မှတ်ပုံတင်(ဆမ)ရရှိသူဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက် ပြည့်စုံစွာ ရေးသားထားသော ကိုယ်ရေးလျှောက်လွှာ (လိုင်စင်ဓာတ်ပုံအပါ)၊သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံချက်၊ ပညာအရည်အချင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ကို ပူးတွဲလျက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ (၁၀-၇-၂၀၁၅ရက်)နောက်ဆုံးထား၍ ပေးပို့ရပါမည်။ လုပ်ငန်းပိုင်းဆိုင်ရာတာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှုအခြေအနေ အသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁၂**
**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

# အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(စ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“ (စ)**ဝန်ကြီးဌာန** ဆိုသည်မှာပြည်ထောင်စုအစိုးရ **ဘဏ္ဍာရေးဝန်ကြီးဌာန** ကိုဆိုသည်”

၃။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၇)တွင် ပါရှိသော **“မြန်မာ့အာမခံမှ အရာရှိ ၁ ဦး”** ဆိုသည့်စကားရပ်ကို **“ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာရှိ ၁ ဦး”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၆ တွင် ပါရှိသော **“မြန်မာ့အာမခံ”** ဆိုသည့် စကားရပ်ကို **“ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၅ ကိုပယ်ဖျက်ရမည်။

# ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**( ၂၀၁၄ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပင်စင်အက်ဥပဒေ(The Pensions Act) ကိုဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေအိမ်စည်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**မိတ္ထီလာ ဇူလိုင် ၁**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေအိမ်စည်စာကြည့်တိုက် အဌမအကြိမ်မြောက်နှစ်ပတ်လည်အခမ်းအနားကို ဇူလိုင် ၁ ရက်က ဇောင်းချမ်းကုန်းကျေးရွာ အဆိုပါစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာအဖွဲ့မှ ဆောက်လုပ်လှူဒါန်းထားသည့် ရွှေအိမ်စည်စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရန် အမျိုးသမီးရေးရာအဖွဲ့က နှစ်စဉ်နှစ်ပတ်လည်အခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း၊ ကျေးရွာမှ စာကြည့်တိုက်ကော်မတီများနှင့် စာကြည့် တိုက်မှူးတို့က စာကြည့်တိုက်သို့ စာငှားစာဖတ်များ စဉ်ဆက်မပြတ်လာရောက် ဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များတိုးပွားအောင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဋ္ဌေးက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ နှင့် စာအုပ်စာစောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နေခြည်ဝင်းက ငွေကျပ် ၁၀၀၀၀ နှင့် စာအုပ်စာစောင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက ငွေကျပ် ၁၀၀၀၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက စာအုပ်စာစောင် ၁၅၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ယင်းမာပင်၌ မားစ်ရောဂါနှင့်သွေးလွန်တုပ်ကွေးအကြောင်း အသိပညာပေးဟောပြော

**ယင်းမာပင် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးစိုးဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် မားစ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီက ယင်းမာပင်မြို့အခြေခံပညာအထက်တန်းကျောင်း ပညာဖွဲ့မာန်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါနှင့် မားစ်ရောဂါအကြောင်း သိကောင်းစရာများ၊ လက်ဆေးခြင်းအကြောင်းသိကောင်းစရာများကို အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပရိုဂျက်တာဖြင့်ပြသကာ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါမားစ်ရောဂါနှင့်သွေးလွန်တုပ်ကွေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယင်းမာပင်မြို့နယ်တွင် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## တရားမဝင်သစ်များသိမ်းဆည်းရမိ၊ ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်

**စစ်ကိုင်း ဇူလိုင် ၁**

စစ်ကိုင်းမြို့ စစ်ကိုင်း-မုံရွာ-ရွှေဘိုသွားကားလမ်း၌ ဇွန် ၂၈ ရက် ညနေပိုင်းက ရွှေတောင်လမ်းအသုံးပြုခကောက်ခံရေး စခန်းအနီး၌ TOYOTA MARK II ယာဉ်ပေါ်မှ တရားမဝင် သစ်တမလန်း ခွဲသားရွှေတုံးများ သိမ်းဆည်းရမိပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။



ဖြစ်စဉ်မှာ စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေးနှင့် အဖွဲ့သည် ဇွန် ၂၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ရွှေတောင်လမ်းအသုံးပြုခကောက်ခံရေးစခန်းအနီး၌ ယာဉ်အမှတ် 5I/---- TOYOTA MARK II ယာဉ်စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသွားသဖြင့် စစ်ကိုင်းမြို့ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် စစ်ကိုင်း-မုံရွာ-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ် (၁၇/၆) အနီး၌ ဖမ်းဆီးရမိခဲ့သည်။ ယာဉ်ကို စစ်ဆေးနေစဉ်ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်ပေါ်ပါ တရားမဝင်သစ်တမလန်း ခွဲသားရွှေတုံးများနှင့် ယာဉ်ကို ပိုးတန်းရပ်ကွက် မြို့နယ်သစ်တောရုံးတွင် စစ်ဆေးရာ တရားမဝင်သစ်တမလန်း ခွဲသားရှစ်တုံး ၀ ဒသမ ၄၇၇၆ တန်အား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ်သစ်တောဦးစီးဌာနမှ တရားမဝင်သစ်တမလန်းခွဲသားရွှေတုံးများကို ပိုးတန်းရပ်ကွက် မြို့နယ်သစ်တောရုံး၌ သိမ်းဆည်းထားရှိ၍ ယာဉ်ကို မြို့မရဲစခန်းသို့လွှဲပြောင်းပေးအပ်ခဲ့သည်။ တရားမဝင်သစ်တမလန်းခွဲသားရွှေတုံးများ သယ်ယူလာသည့် ပိုင်ရှင်နှင့်ယာဉ်ပိုင်ရှင်တို့ကို ရှာဖွေဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## ကားနှင့်ဆိုင်ကယ် တိုက်မိ ဆိုင်ကယ်မောင်းသူ သေဆုံး

**တပ်ကုန်း ဇူလိုင် ၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဇွန် ၃၀ ရက် ညနေ ၆ နာရီက 5D/ ........... ၁၂ ဘီးကုန် တင်ယာဉ်နှင့် ၁၁ယ/....... ဖီကွန် ၁၁၀ ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်နေသူ ကိုကျော်နိုင် (၄၂နှစ်) ရေတာရှည်နယ်ဘက်မှ မောင်းနှင်လာသော 5D/........... မစ်ဆူဘီရှိ (၁၂)ဘီး ကုန်တင်ယာဉ်သည် တပ်ကုန်းမြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင် (၂၇၆/၄ နှင့် ၂၇၆/၅) ကြားအရောက် ရန်ကုန်-မန္တလေး ကားလမ်းနှင့် အောင်စိုးမိုးလမ်းသွယ် လမ်းဆုံတွင် တပ်ကုန်းမြို့နယ် ရွှေးစု(တ) ကျေးရွာနေသူ ကိုသန်းနိုင်ဋ္ဌေး (၂၉နှစ်)မောင်းနှင်လာသော ဆိုင်ကယ်နှင့် တိုက်မိမှုဖြစ်ပွားရာ ကိုသန်းနိုင်ဋ္ဌေးမှာ အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့သည်။

**တင်စိုးလွင်**

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## မြစ်ကမ်းပါး ပြိုကျမှုဖြစ်ပွား

**ပုသိမ် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ခွေးတောက်ချောင်းကျေးရွာအုပ်စု ခွေးကောက်ချောင်း ကျေးရွာအနီးတွင် ဇွန် ၃၀ ရက် ညနေ ၅ နာရီခွဲက ဧရာဝတီမြစ်အတွင်းမှ ငဝန်မြစ်အတွင်းသို့ စီးဝင်သော မြစ်ကျိုးပေါက်မှ ရေစီးဝင်မှုကြောင့် မြစ်ကမ်းပါးအရှည်ပေ ၅၀၀ခန့်၊ ဗျက် ၂၅ ပေ ခန့်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။ ကမ်းပါးပြိုကျမှုကြောင့် နေအိမ်နှင့် ဝေးလံသောနေရာတွင် ကမ်းပါးထပ်မံပြိုကျမည်ကို စိုးရိမ်သောကြောင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ အိမ်ခြေ ၁၉ လုံး၊ အိမ်ထောင်စု ၁၉ စု စုစုပေါင်း ၆၇ ဦးအား နီးစပ်ရာ ဆွေမျိုးများ အိမ်သို့ လည်းကောင်း၊ ရွာသစ်တည်ထားရာနေရာသို့လည်းကောင်း ပြောင်းရွှေ့ချထားပေးခဲ့သည်။ ကမ်းပါးပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်းသိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်စီးနင်းသူ နှစ်ဝက်အတွင်း ၅၅ သိန်းကျော်ရှိကာ ဝင်ငွေကျပ်သိန်း ၅၀၀၀ ကျော်ရရှိ



သတင်း-ခင်ရတနာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁

**ချယ်ရီကူးတို့ သင်္ဘောများဖြင့် အစားထိုးပြေးဆွဲသည့် ပန်းဆိုးတန်း-ဒလ ရေကြောင်းခရီးစဉ်မှ နှစ်ဝက်တာကာလအတွင်း ငွေကျပ် သိန်း ၅၀၀၀ ကျော်နှင့် နိုင်ငံခြားဝင်ငွေရရှိမှု အမေရိကန်ဒေါ်လာ ၇၄၂၂၈ ဒေါ်လာခန့် ရရှိခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း သယ်ယူပို့ဆောင်ရေးဌာနမှ သိရသည်။**

"ပြည်တွင်း ရေကြောင်း လက်အောက် ရေယာဉ်တွေထဲမှာ ပန်းဆိုးတန်း-ဒလ ပြေးဆွဲတဲ့ ချယ်ရီကူးတို့သုံးစင်းရဲ့ ပြေးဆွဲမှုက ဝင်ငွေအများဆုံးဖြစ်ပါတယ်။ ချယ်ရီတွေနဲ့ ပြောင်းလဲပြေးဆွဲပြီး ခြောက်လအတွင်းမှာ ခရီးသည် ၅၅၆၀၅၅ ဦးတို့ စီးနင်းခဲ့ကြပြီး စုစုပေါင်း ဝင်ငွေရရှိမှုဟာ ယမန်နှစ် နှစ်ဝက်ဝင်ငွေထက် မြင့်တက်ခဲ့ပါတယ်"ဟု သယ်ယူပို့ဆောင်ရေးဌာနမှ မန်နေဂျာ ဦးရဲဝင်းထွန်းက ပြောကြားသည်။

ချယ်ရီကူးတို့ သင်္ဘောများ မရောက်ရှိခင်က တစ်နေ့လျှင် ၄၆ ခေါက်ခန့် အသွားအပြန် ပို့ဆောင်ပေးခဲ့ရပြီး ယခု ချယ်ရီသင်္ဘောများကြောင့် တစ်နေ့လျှင် အခေါက်ရေ ၅၀ ခန့်စီ တိုးမြှင့်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"တစ်နေ့ကို အသွား၊ အပြန် လူဦးရေ သုံးသောင်းခန့် စီးနင်းကြပါတယ်။ ယခင်ကထက် ပိုပြီး စီးနင်းလာကြတာကို တွေ့ရတယ်။ ကုန်ကျစရိတ်အားဖြင့် တစ်နေ့ကို ဆီဂါလန် ၂၀၀ လောက်ကုန်ပါတယ်။ အခြားအထွေထွေစရိတ်တွေနဲ့ဆိုရင် တစ်စင်းကို တစ်ရက်အတွက် ငွေကျပ်ရှစ်သိန်းနီးပါး ကုန်ပါတယ်။ ချယ်ရီသင်္ဘောတွေက ဂျပန်နိုင်ငံ JICA ရဲ့ကူညီပံ့ပိုးမှုဖြစ်ပေမယ့် ကုန်ကျစရိတ်ကတော့ နေ့စဉ် ရှိနေပါတယ်"ဟု ဦးရဲဝင်းထွန်းက ဆက်လက်ပြောကြားသည်။

ယခင် ကူးတို့သင်္ဘောများထက် အချိန်ကုန်သက်သာပြီး ၁၅ မိနစ်လျှင် တစ်စင်းနှုန်းထွက်လျက်ရှိရာ စီးနင်းသူမြင့်တက်နေသော်လည်း မကြာမီ ရန်ကုန်မြို့နှင့်ဒလမြို့နယ်တို့ တံတားတည်ဆောက်ရေးစီမံကိန်းစတင်တော့မည်ဖြစ်၍ လုပ်ငန်းအပြီးသတ်နိုင်မည့် ၂၀၁၈ ခုနှစ်တွင် စီးနင်းသူ လျော့နည်းသွားနိုင်ကြောင်း ခရီးသည်တစ်ဦးက ပြောသည်။

ပန်းဆိုးတန်း-ဒလကူးတို့လမ်းအပြင် ရန်ကုန်-ဆိပ်ကြီး၊ ရန်ကုန်-ခနောင်တို၊ စဉ့်အိုးတန်း-ဆာပါချောင်နှင့် ဝါးတန်း-ဒလကား ကူးတို့ရေကြောင်း ခရီးစဉ်များကိုလည်း ပြည်တွင်းရေကြောင်းက တာဝန်ယူပြေးဆွဲလျက်ရှိကြောင်း သိရသည်။

## နမ့်ခမ်းမြို့ အဝင် မုဲခ်ဦးအနီး ဓာတ်ဆီဆိုင်၌ မီးလောင်မှုဖြစ်

**နမ့်ခမ်း ဇူလိုင် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့ အမှတ် (၁) ရပ်ကွက် မန့်ခမ်းရပ် မူဆယ်-နမ့်ခမ်းမြို့အဝင် မုဲခ်ဦးအနီး မန့်ခမ်းရပ်နေ စိုင်းခမ်းခတ် ဖွင့်လှစ်ရောင်းချသောဓာတ်ဆီဆိုင်၌ ဇွန် ၃၀ ရက် နံနက် ၆ နာရီ မိနစ် ၅၀ က ဆီပုံးအတွင်းသို့ ဆီထည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၅ စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ကြရာ နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင် ငြိမ်းသွားခဲ့သည်။



မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် သေဆုံးမှုမရှိဘဲ အဆောက်အအုံ အမိုး၊ အကာ၊ မျက်နှာကြက်များ ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်ပွားသည့် ဓာတ်ဆီဆိုင်ပိုင်ရှင် စိုင်းခမ်းခတ်ကို နမ့်ခမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ထားဝယ်မြို့၌ မီးလောင်မှုဖြစ်

**ထားဝယ် ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆင်ဆိပ်ရပ်နေ ဦးထွေးမြင့် နေအိမ်၌ ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်က လျှပ်စစ်ထမင်းပေါင်းအိုးဖြင့် ထမင်းချက်ထားစဉ် လျှပ်စစ်ပေါင်းအိုးမီးပလပ်ခုံမှ ဝိုင်ယာရှော့ခ်ဖြစ်ရာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးခင်မောင်ရီနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ကားလေးစီးနှင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် အလျား ပေ ၂၀၊ အနံ ၁၀ ပေ ရှိ နှစ်ထပ်အိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရပြီး မီးလောင်နေစဉ် မဇာခြည်ဆုသည် နေအိမ်အပေါ်ထပ်မှ ခုန်ချလိုက်သောကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန် /ဆက်)**

## ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ


### ပျောက်ဆုံး

ကျွန်မ မဖြိုးဝင့်မော် ၁၀/မလမ(နိုင်) ၁၃၁၇၁၀ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၂၀၁၆၂၇၃**

### အမည်ပြောင်း

ဦးရာတင်၏သား အထက(၃) တာမွေမြို့နယ်၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မင်းထွေးအား ယနေ့မှစ၍ မောင်မင်းဟိဏ်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းဟိဏ်းခန့်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1989 pyaepyaezaw L/T, P/U(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါထွေး ၉/မရတ(နိုင်)၀၉၈၉၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ မင်းဘူးမြို့၊ တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မင်းဘူးမြို့တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းတွင်ပါဝင်သော အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | တည်ဆောက်ရေးလုပ်ငန်း | ၅ ခု |
| (ခ) | ရေပိုက်လိုင်းများသွယ်တန်းခြင်းလုပ်ငန်း | ၆ ခု |
| (ဂ) | ရေမြှုပ်ပန့်နှင့် ရေတင်ပန့်များတပ်ဆင်ခြင်း | ၄ ခု |
| (ဃ) | လျှပ်စစ်လိုင်းသွယ်တန်းခြင်းလုပ်ငန်း | ၄ ခု |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်(သောကြာနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၃၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပြည်တော်သာလမ်း၊ မကွေးမြို့၊**
**ဖုန်း-၀၆၃-၂၆၂၅၃၊ ၀၆၃-၂၆၃၉၈**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ပွင့်ဖြူမြို့နယ်တရားမရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၄**

ဦးစိန်ထွန်း နှင့် ဒေါ်အေးမြင့်ကြည် (ဘ) ဦးစိုးဖေ
**တရားလို** **တရားပြိုင်**

ပွင့်ဖြူမြို့နယ်၊ ရွှေလှေကျေးရွာအုပ်စု၊ ဂတ်ကုန်းရွာနေ ဒေါ်အေးမြင့်ကြည် (ဘ) ဦးစိုးဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးစိန်ထွန်းက စပါးဖိုးကျန်ငွေ ၃၈ သိန်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးစာ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**မြို့နယ်တရားသူကြီး**
**ပွင့်ဖြူမြို့နယ်တရားရုံး**

### သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်အောင်ဖြိုးစည်သူ ၁၂/ဒလန(နိုင်)၀၄၉၆၅၀ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံခြင်း၊ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ လုံးဝ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်ခင်မေ ၁၂/ဒလန(နိုင်)၀၅၁၁၄၅**

### မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်-
(က) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
(ခ) ပြည်နယ်ကုသရေးဦးစီးဌာန
(ဂ) သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(မော်လမြိုင်)
(ဃ) ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၂။ အထက်ဖော်ပြပါဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-
(က) တင်ဒါခေါ်ယူရေးအဖွဲ့ - ၀၅၇-၂၁၁၉၅၊ ၀၅၇-၂၄၈၁၃၊ ၀၅၇-၂၁၉၈၆

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၃-၇-၂၀၁၅ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မွန်ပြည်နယ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးတွင် အရာရှိများ အသုံးပြုရန် မော်တော်ယာဉ်များ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၆-၇-၂၀၁၅ မှ ၁၀-၇-၂၀၁၅ ထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၀-၇-၂၀၁၅ ရက် ၁၆း၃၀နာရီ ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၇-၂၄၇၃၄၊ ၀၅၇-၂၇၁၁၇ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး**
**မော်လမြိုင်မြို့**

# သကြားစက်ရုံကြောင့် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**တိုက်ကြီး ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ Golden Myan Tai ကုမ္ပဏီလီမိတက်ပိုင် သကြားစက်ရုံကြောင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် လူမှုရေးတွင် အကျိုးသက်ရောက်မှုများအား အကဲဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၃၀ ရက်တွင် ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် စက်ရုံအလုပ်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ်တွင် အကျိုးသက်ရောက်မှုကို စိစစ်ကာ ပကတိအခြေအနေများကို ဒေသခံပြည်သူများအား ရှင်းလင်းအသိပေးခြင်းနှင့် အကြံညဏ်ပေးခြင်းများ ဆောင်ရွက်နေသည့် NEPS ကုမ္ပဏီမှ အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်က သကြားစက်နှင့်ပတ်သက်၍ ကုမ္ပဏီ၏ လုပ်ဆောင်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ဥက္ကံသကြားစက်ရုံမှူး ဦးကိုကိုဦးက စက်ရုံလုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် NEPS ကုမ္ပဏီမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအင်ဂျင်နီယာ ဒေါ်ဖြူဖြူအေးက သကြားစက်လုပ်ငန်းများနှင့်ပတ်သက်၍ လေ့လာတွေ့ရှိထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်မှုများ၊ လူနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများ၊ လေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှု၊ စွန့်ပစ်ရေညစ်ညမ်းမှုနှင့် သကြားစက်ရုံမှထွက်သော အမှုန်အမွှားများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော စံချိန်စံညွှန်းများထက် လွန်ကဲနေခြင်းကြောင့် အလုပ်သမားများအနေဖြင့် အကာအကွယ်ပြုလုပ်ထားသင့်သော အချက်များ၊ ဒေသခံပြည်သူများ သိရှိထားသင့်သောအချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် သကြားစက်လုပ်ငန်းကြောင့် ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်မှုအခြေအနေများကို သကြားစက်အနီးရှိ ဂုံညင်းတန်းကျေးရွာမှ ပြည်သူတစ်ဦးက ကိုယ်စားလှယ်အနေဖြင့် ဆွေးနွေးခဲ့သည်။ ထို့နောက် ဥက္ကံသကြားစက်နှင့်ပတ်သက်၍ NPES ၏ လေ့လာထားသော အချက်များအပေါ် Golden Myan Tai ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းဆွေးနွေးခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**

# အမြန်လမ်းမကြီးပေါ်တွင် မိုးရွာသွန်းစဉ် အရှိန်ပြင်းမောင်းခြင်းကြောင့် လမ်းချော်တိမ်းမှောက်နိုင်သဖြင့် ယာဉ်မောင်းများ အထူးသတိပြုသင့်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် နေ့စဉ်ယာဉ်စီးရေ ၁၄၀၀၀ ခန့် ဖြတ်သန်းသွားလာနေသော လမ်းမကြီးဖြစ်ပြီး ယာဉ်မတော်တဆမှုများလည်း မကြာခဏ ဖြစ်ပွားလျက်ရှိသည်။ ၂၀၁၃ ခုနှစ်အတွင်း၌ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု ၂၅၉ မှု ဖြစ်ပွားခဲ့ပြီး ၁၁၃ ဦး သေဆုံးကာ ၆၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၁၄ ခုနှစ်အတွင်း ၃၉၂ မှုဖြစ်ပွားခဲ့ပြီး ၁၁၃ ဦးသေဆုံးကာ ၇၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နေပြည်တော် အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ခွင့်ပြုကုန်စည်တင်ယာဉ်အချို့ကို ဖြတ်သန်းသွားလာခွင့်ပြုခဲ့သဖြင့် လမ်းအသုံးပြုသည့် ယာဉ်အရေအတွက်မှာ နေ့စဉ်စီးရေ ၂၀၀၀၀ ခန့်အထိ တိုးလာနိုင်မည်ဖြစ်ကာ ယာဉ်မတော်တဆမှုများလည်း ပိုဖြစ်လာနိုင်စရာရှိနေသည်။ ထို့ကြောင့် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေးနှင့် ခရီးလမ်းချောမွေ့စေရေးအတွက် ယာဉ်မောင်းများအနေဖြင့် အထူးသတိပြုမောင်းနှင်ကြရန် အရေးကြီးပေသည်။

ယခုနှစ် မိုးရာသီကာလတွင် အမြန်လမ်းမကြီးပေါ်၌ မိုးရွာသွန်းစဉ် ယာဉ်မောင်းအချို့အနေဖြင့် အရှိန်ပြင်းစွာ မဆင်မခြင်မောင်းနှင်ခဲ့သဖြင့် လမ်းချော်ပြီးတိမ်းမှောက်မှုများ ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ဇွန် ၈ ရက် မွန်းတည့် ၁၂ နာရီခန့် မိုးရွာသွန်းနေချိန်တွင် မောင်းနှင်လာသည့် နေကြာခရီးသည်တင်မှန်လုံယာဉ်သည် အမြန်လမ်းပေါ် မိုင်တိုင်(၂၀၃/၂)နှင့် (၂၀၃/၃)အကြား၌ လမ်းချော်ပြီး အရှိန်မထိန်းနိုင်၍ လမ်း၏ယာဘက်ဘေးရှိ အလူမီနီယံပေါင်တန်းများကိုတိုက်မိကာ ဝဲဘက်သို့တိမ်းမှောက်ပြီး လမ်းဘေးခြံစည်းရိုးအုတ်ခုံတန်းဖြင့် ထပ်မံတိုက်မိကာ အတည့်ပြန်ကျခဲ့သည်။ ထိုဖြစ်စဉ်ကြောင့် ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည်များအနက် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးလေးဦး ဒဏ်ရာများရရှိခဲ့သည်။

ဇွန် ၂၅ ရက် နံနက် ၄ နာရီခန့်တွင်လည်း မိုင်တိုင်အမှတ်(၂၈၇/၂)နှင့် (၂၈၇/၃)အကြား၌ ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသည့် ခိုင်မန္တလေးခရီးသည်တင်မှန်လုံယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ နောက်တစ်ရက် ဇွန် ၂၆ ရက် နံနက် ၅ နာရီခွဲခန့်တွင်လည်း မိုင်တိုင်အမှတ်(၂၅၁/၁)နှင့် (၂၅၁/၂)အကြား၌ နေပြည်တော်မှ မန္တလေးသို့ မောင်းနှင်လာသည့် ရွှေစင်စကြာ ခရီးသည်တင်မှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းဘာရီယာတုံးများကို ဝင်တိုက်မိကာ တစ်ပတ်လိမ့်၍ လမ်းလယ်ကျွန်းပေါ်သို့ ပြန်ကျခဲ့သည့် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ နှစ်ရက်ဆက်တိုက်ယာဉ်တိမ်းမှောက်ခြင်း ဖြစ်ခဲ့သည်။

မိုးရာသီကာလ၌ မိုးရွာသွန်းနေစဉ် အမြန်လမ်းအသုံးပြုသွားလာနေကြသော ယာဉ်မောင်းများအနေဖြင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရေးအတွက် မိမိယာဉ်ကို သတ်မှတ်အမြန်နှုန်းအတိုင်း ဂရုပြုမောင်းနှင်ကြရန် လိုအပ်ပေသည်။ ယာဉ်မောင်းများအနေဖြင့် အင်္ဂါလေးမျိုးကို အသိ၊ သတိ



သတင်းဆောင်းပါး-ရဲရဲ(ပျဉ်းမနား)
ဓာတ်ပုံ-ဆောက်လုပ်ရေး

ဖြင့် ဂရုပြုလိုက်နာပါက ယာဉ်မတော်တဆမှုများ နည်းပါးသွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းက ပြောသည်။ "ယာဉ်မောင်းတွေအနေနဲ့ ရာသီဥတုအင်္ဂါ၊ အချိန်အင်္ဂါ၊ ပထဝီမြေပြင်အနေအထားအင်္ဂါနဲ့ လူအင်္ဂါဆိုတဲ့ အင်္ဂါလေးမျိုးကို သတိထားဖို့လိုပါတယ်။ ရာသီဥတုဆိုးဝါးနေချိန်၊ မိမိယာဉ်ရဲ့အလင်းရောင်နဲ့ မောင်းနှင်နေရတဲ့ ညအချိန်အခါမျိုး၊ မိမိမောင်းနှင်နေရတဲ့ လမ်းအနေအထားနဲ့ ယာဉ်မောင်းနေစဉ် အိပ်ငိုက်မှုမရှိအောင် ဆင်ခြင်တုံတရားနဲ့ သတိထားမောင်းနှင်မယ်ဆိုရင် အခုလို ယာဉ်မတော်တဆဖြစ်တာတွေ နည်းပါးသွားမှာပါ။ ယာဉ်မတော်တဆဖြစ်ပွားမှုနည်းပါးသွားအောင် အမြန်လမ်းရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ ခရီးသွားပြည်သူတွေ၊ ယာဉ်လိုင်းတွေ၊ ယာဉ်ပိုင်ရှင်တွေနဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ အဓိကအနေနဲ့ ယာဉ်ပိုင်ရှင် ယာဉ်အသင်းတွေက အတွေ့အကြုံရင့်ကျက်ပြီး သတ်မှတ်ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာတဲ့ ကျွမ်းကျင်ယာဉ်မောင်းတွေကို ရွေးချယ်ခန့်အပ်တာဝန်ပေးဖို့ လိုသလို ယာဉ်ရဲ့ ကြံ့ခိုင်မှုတွေကိုလည်း အစဉ်အမြဲ စစ်ဆေးဖို့လိုပါတယ်" ဟု သုံးသပ်ပြောဆိုသည်။

ယာဉ်မတော်တဆမှုတစ်ခု ဖြစ်ပွားပြီဆိုလျှင် ခရီးသွားပြည်သူများအနေဖြင့် သေဆုံးခြင်း၊ ဒဏ်ရာရခြင်းများဖြစ်ကာ နစ်နာဆုံးရှုံးမှု များစွာဖြစ်ကြရသည်။ ယာဉ်မောင်းများအနေဖြင့် ခရီးသည်များ၏အသက်သည် မိမိတို့လက်ထဲတွင် ရှိနေ၍ ယာဉ်ကို သတ်မှတ်အမြန်နှုန်းအတိုင်း စနစ်တကျမောင်းနှင်ရန် လိုအပ်ပေသည်။ မိုးအဆက်မပြတ်ရွာသွန်းနေစဉ် အရှိန်ပြင်းမောင်းနှင်ခြင်းကြောင့် ယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ယာဉ်မောင်းများအနေဖြင့် သတိပြု၍ မောင်းနှင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
Dimsum
76, ... 0973071901
... 02-31505, 09 421746522, 01-218072

**အမည်မှန်**

နမ့်ခမ်းမြို့၊ ဟိုကတ်ရပ်ကွက်နေ အထက(၁)မှ သတ္တမတန်းအောင်မြင်ခဲ့သော နန်းဖွေးလိန်အွမ်၏ အမည်မှန်မှာ နန်းအွမ်ခမ်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းဝင်းနိုင်စိုး ၁၃/နခန(နိုင်)၀၀၃၉၉၁ ဖြစ်ပါကြောင်း။

## CLAIMS DAY NOTIC
## M.V SALZGITTER VOY:NO(2)

Consignees of cargo carried by M.V SALZGITTER V.2 are here by notified that the vessel will arrive on about 4-7-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADINGများယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကယ်ဆယ်ရေးပစ္စည်းများ (ကျားလုံချည် ၂/၈၀ အသင့်ချုပ်ပြီး အကျယ် ၇၅ပေ၊ အနံ ၄၆ပေ) မလုံချည်ပါတိတ်ဆင် အထက်ဆင်ပါချုပ်ပြီး အကျယ် ၇၂ပေ၊ အနံ ၄၂ပေ) (ကိုယ်သုတ်ပဝါ တရုတ်ချည်သားဖောင်းပွ အလျား ၅၄ပေ၊ အနံ ၂၇ပေ) (ချည်စောင် အလျားပေ ၈၀၊ အနံ ၆၆ပေ) (၂၂ စီအမ်စတီးဇလုံ)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချပေးနိုင်မည့်ဈေးနှုန်း၊ ပစ္စည်းနမူနာနှင့်အတူ အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့် ကယ်ဆယ်ရေးပစ္စည်းများ၏ အသေးစိတ်စာရင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရုံးအမှတ် ၂၃၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၁၇ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၀-၇-၂၀၁၅ ရက် ၁၆:၀၀ နာရီ
(ဂ) **တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း** - ၁၀၀၀ဝိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်

**တင်ဒါခေါ်ယူရေးအဖွဲ့**

**ဖခင်အမည်မှန်**

ဗန်းမော်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(A)တွင် ပညာသင်ကြားနေသော မခမ်းမောင်း၏ ဖခင်အမည်မှန်မှာ ဦးမော်ဆိ(ခ) ဦးမောဆိ ဖြစ်ပါကြောင်း။
**ဦးမောဆိ ၁/ဗမန(နိုင်)၀၂၆၄၁၁**

7Stars(ရာထူးဝင်သင်တန်းကြီး)
ဒုရဲအုပ်လောင်းဝင်ခွင့်
အနီးကပ်တန်းခွဲ (၁၀)ရက်ပြတ်
(11 . 7 . '15 ) စမည် ။
တိုက်(18 / 3B)၊ သပြေညီုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/7884 W/N Myanmar 6 WI/ (WMM-02) ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းတင့်နိုင် ၁၃/ရငန(နိုင်)၀၂၆၇၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

တိုက်ခန်းကျယ်ရောင်းမည်
ရန်ကင်းမြို့နယ် (MBR 1, BR 2)
အဆင့်မြင့်ပြင်ဆင်ပြီး
(1200 sqft) သိန်း ၁၉၀၀
Ph : 09-5044926

လူနေဆိုင်ခန်းငှားမည်
တိုက်အမှတ်(D.1)၊ သုဓမ္မာလမ်း
မြောက်ဥက္ကလာအဝိုင်းမှတ်တိုင်အနီး
ဂုံးဆင်းအနီး ပေ(၂၀×၆၀)ထပ်ခိုးပါသည်။
တစ်လ -(၃)သိန်းခွဲ၊ (၆)လ စာချုပ်ရန်
ဖုန်း- ၀၉- ၅၁၉၆၇၈၁

**ဖခင်အမည်မှန်**

မြောင်းမြမြို့၊ အထက(၃)နဝမတန်း(A)မှ နန့်အေးသန္တာ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးစိုးနိုင် ၁၄/ငပတ(နိုင်)၀၅၃၉၈၈ ဖြစ်ပါကြောင်း။
**ဦးစိုးနိုင်**

# ဘလောက်အုတ်ပြုလုပ်ရောင်းချသူများပြား

**တောင်သာ ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ရှိ နေအိမ်တိုက်တာအဆောက်အအုံများကို ဈေးနှုန်းချိုသာ၍ ဒေသရာသီဥတုနှင့်ကိုက်ညီသော ဘလောက်အုတ်များဖြင့် အသုံးပြုတည်ဆောက်လာကြသည်ကို တွေ့ရသည်။ တောင်သာမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ပါဝင်ပြီး ဒေသ၏ရာသီဥတုနှင့်ကိုက်ညီသော ဘလောက်အုတ်ခဲ(ခေါ်) ဖြုန်းအုတ်များကို အသုံးပြုလာကြသည်။

ဘလောက်အုတ်တစ်လုံးလျှင် အလျား ကိုးလက်မ၊ အနံ လေးလက်မ၊ အမြင့် သုံးလက်မရှိသဖြင့် အုတ်ခဲအရွယ်ကြီးမားသဖြင့် အဆောက်အအုံဆောက်လုပ်ရာတွင် အုတ်ခဲအရေအတွက် နည်းနည်းသာကုန်ကြပြီး ဘလောက်အုတ်တစ်လုံးလျှင် ငွေကျပ် ၆၅ ကျပ်သာရှိသဖြင့် ဈေးနှုန်းချိုသာသည်ဟု သိရသည်။

အဆိုပါဘလောက်အုတ်များကို ပြုလုပ်ရာတွင် ဘိလပ်မြေ၊ သဲ၊ ဖြုန်းကျောက်အမှုန့်တို့ကို ရေနှင့်ရောနယ်ကာ ပုံစံခွက်တွင်ထည့်၍ရိုက်ရသည်။ ဘလောက်အုတ်ပြုလုပ်သော ကျောက်အမှုန့်များကို ထော်လာဂျီအသေးတစ်စီးလျှင် (သဲကျင်းဈေး) ငွေကျပ် ၁၀၀၀၀ ရှိသည်။

ရာသီဥတုနှင့်ကိုက်ညီသော ဘလောက်အုတ်(ခေါ်)ဖြုန်းအုတ်များကို ပုံစံခွက်တွင်ထည့်ရိုက်ပါက အုတ်ရိုက်အလုပ်သမားတစ်ဦးလျှင် တစ်နေ့အုတ်အချပ်ရေ ၃၀၀ ခန့်ရိုက်နိုင်ပြီး ဘလောက်အုတ်တစ်ချပ်လျှင် ရိုက်ခ ၁၅ ကျပ်ရရှိပြီး စီးပွားရေးတွက်ခြေကိုက်လျက်ရှိသည်။

ထိုကဲ့သို့ ဘလောက်အုတ်(ခေါ်)ဖြုန်းအုတ်များကို အသုံးပြုသူများပြားသည့်အတွက် ဘလောက်အုတ်ပြုလုပ်ရောင်းချသူ များပြားလာလျက်ရှိရာ ရပ်ကွက်၊ ကျေးရွာများတွင် ဘလောက်အုတ်ပြုလုပ်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လျက်ရှိပြီး တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာအတော်များများတွင်လည်း ဘလောက်အုတ်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ကျေးလက်မီးလင်းရေးအတွက် ဆိုလာမီး ၇၀၄ စုံပေးအပ်

**ခင်ဦး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဆိုလာမီးလင်းရေးအတွက် ဆိုလာမီးအစုံ ၇၀၄စုံပေးအပ်ပွဲကို ဇွန် ၂၉ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်က ဆိုလာမီးအစုံပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးအောင်မြင့်စိုးနှင့် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်သီတာသိန်းဆွေတို့က ဆိုလာမီးနှင့်ဆက်စပ်ပစ္စည်းများကို စစ်ဆေး၍ ကျေးရွာများသို့ ပေးအပ်ခဲ့သည်။

ဆိုလာမီးအစုံများကို လျှပ်စစ်မီးမရရှိသော ဆည်ကြီးကျေးရွာ၊ ကျွန်းဆွယ်ကျေးရွာ၊ သရက်ကန်ကျေးရွာ၊ သမင်ကျကျေးရွာ၊ မကျီးတုံကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် မင်းကံကြီးကျေးရွာတို့သို့ ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် စုစုပေါင်း ငွေကျပ် ၁၂၃ ဒသမ ၂၁ သန်းရှိသော ဆိုလာမီးအစုံ ၇၀၄ စုံကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

**ရွှေကူ ဇူလိုင် ၁**

ကချင်ပြည်နယ် ရွှေကူမြို့၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်ဦးစီးပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ကာကွယ်ဆေးဖျန်းခြင်းနှင့် ရေနုတ်မြောင်းအတွင်းမှ အမှိုက်များနှင့်ရေဆိုးများထုတ်ယူခြင်းကို ဇွန် ၂၇ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့တွင်းလမ်းမကြီးတို့တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးမဖြစ်ပွားရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁**

သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်ခြင်းနှင့်ဖြစ်ပွားလာပါက လိုက်နာဆောင်ရွက်ရမည့် အကြောင်းအချက်များကို မိဘများသို့အသိပေးဟောပြောခြင်းကို ဇွန် ၂၉ ရက်က ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ် (၁) မူလတန်းကြိုကျောင်းခန်းမဆောင်၌ ကျင်းပရာ ကလေးမိဘ ၁၅၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာသောမိဘများကို အုပ်စုနှစ်စုခွဲ၍ လူမှုဝန်ထမ်းဦးစီးဌာန၊ မူကြိုကျောင်းများမှ ဆရာမများက အုပ်စုခွဲ၍ ကလေးငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ အသိဉာဏ်ဖွံ့ဖြိုးမှုတို့အတွက် ကစားခြင်းဖြင့် သင်ယူနည်းတို့ကို မိသားစုပုံသဏ္ဌာန်စကားဝိုင်းဖွဲ့ကာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမှတ်(၁)မူလတန်းကြိုကျောင်း (ဗဟန်း)မှဆရာမကြီး ဒေါ်လွင်လွင်နွယ်က ငယ်စဉ်ကလေးဘဝ အခြေခံလိုအပ်ချက်များဖြစ်သော နွေးထွေးသော ချစ်ခြင်းမေတ္တာပေးမှု၊ ဆော့ကစားစေခြင်း၊ အိပ်စက်အနားယူစေခြင်းစသော အချက်(၁၀)ချက်ကို ရှင်းပြဆွေးနွေးကာ ကလေးမိဘများနှင့်အတူ လေ့ကျင့်ခန်းပုံစံကစားနည်းဖြင့် မိဘအသိပညာပေးဆွေးနွေးသွားသည်။ ထို့နောက် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့်နည်းလမ်းများကို (ZiFAM) ဆေးကုမ္ပဏီမှဒေါက်တာစိုးအိမ့်မွန်က ကလေးမိဘများအား ဟောပြောခဲ့ကြောင်း သိရသည်။

**(၀၂၇)**

# တောင်ဥက္ကလာပ၌ မဲစာရင်းကြည့်သူများ စည်ကား

**ရန်ကုန် ဇူလိုင် ၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲပေးနိုင်သူ မဲဆန္ဒရှင်များစာရင်းကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ တွင် ဇွန် ၂၂ ရက်မှစတင်၍ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ကြေညာပေးထားပြီးဖြစ်ရာ အသက် ၁၈ နှစ်ပြည့်ပြီး မဲဆန္ဒပေးပိုင်ခွင့်ရှိသူများက မိမိတို့အမည်စာရင်းပါ/မပါ လာရောက်ကြည့်ရှုနေကြပြီဖြစ်သည်။

ဇွန် ၂၈ ရက်က တောင်ညွန့်ကြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ လူကြီး၊ လူငယ်မရွေး အမည်စာရင်း ပါ/မပါကို လာရောက်ကြည့်ရှုကြသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအတွင်းနှင့်အပြင်ပါ စည်စည်ကားကားဖြစ်နေသည်ကို တွေ့မြင်ခဲ့ရသည်။ ရုံးပြင်ပတွင် မဲဆန္ဒရှင်များစာရင်းကို လမ်းအလိုက်ခွဲခြားကာ စနစ်တကျကပ်ထားပေးပြီး မိမိအမည်မပါဝင်ခြင်း၊ အမည်မှားယွင်းနေခြင်း၊ နေရပ်လိပ်စာကွဲပြားနေခြင်း၊ ကွယ်လွန်သွားသူအမည်ပါရှိနေခြင်းတို့အတွက် ရုံးခန်းအတွင်းတွင် လိုအပ်သည့် ပြန်လည်ပြင်ဆင်ပေးမှုများ ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။



**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ကြယ်ပဲစိုက်ပျိုးလိုသူများအတွက် သတင်းအချက်အလက်များလိုအပ်

**မကွေး ဇူလိုင် ၁**

အင်တာနက် စာမျက်နှာများ၊ ထိုင်းနှင့် တရုတ်အခြေစိုက်ကုမ္ပဏီများ မြန်မာ့ကြယ်ပဲ စိုက်ပျိုးသူများအဖွဲ့ (MSIGG )နှင့် ကမ္ဘာ့သစ်အော်ဂဲနစ် ကြယ်ပဲစိုက်ပျိုးရေးအဖွဲ့များ၏ စိုက်ပျိုးရေးသတင်းအချက်အလက်များအရ မကွေးတိုင်းဒေသကြီးအတွင်း အကျိုးအမြတ်လိုလားသူ စိုက်ပျိုးရေးသမားများအနေဖြင့် ကြယ်ပဲ(Sacha Inchi) ကို စိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိသော်လည်း အချို့ကုမ္ပဏီများမှ မျိုးစေ့တစ်ကီလိုငွေကျပ်သုံးသိန်းကျော် ရောင်းချမှုများရှိပြီး စိုက်ပျိုးရေးအစုအဖွဲ့တချို့တွင် မျိုးစေ့တစ်ကီလိုငွေကျပ်သုံးသောင်းဝန်းကျင်ဖြင့် ဖြန့်ဝေပေးနေမှုများရှိနေမှုအပေါ် မည်သည့်အတွက် ထိုသို့ဖြစ်နေရခြင်းနှင့် ဈေးကွက်ချုပ်ကိုင်မှုများ ရှိ ၊ မရှိ အခြေအနေများကို သိရှိနိုင်ရန်အတွက် တိကျသောသတင်းအချက်အလက်များ လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေးလုပ်ငန်း စိတ်ဝင်စားသူများထံမှ သိရသည်။



"မျိုးစေ့ဈေးအနည်းအများက Hybrid (ကပြားမျိုးစပ်) အပေါ်မူတည်ပြီး ကွာတာလို့တော့သိရတယ်။ ဘယ်လိုကွာတာလဲ၊ ဘာတွေကွာတာလဲတော့ အတိအကျမသိရဘူး။ ခုဖြစ်နေတာက ဈေးကြီးတဲ့ hybrid မျိုးလည်း စိုက်ရတယ်။ Pure ဖြစ်နေတဲ့ ကြယ်ပဲမျိုးကိုလည်း စိုက်ဖြစ်တယ်။ အထွက်နှုန်းနဲ့ သီးနှံအရည်အသွေးပေါ် မူတည်ပြီး ဈေးဘယ်လောက် ကွာခြားတယ်ဆိုတာ မသိရသေးဘူး။ နှစ်ခုလုံးက စိုက်နေတုန်းဆိုတော့ အချိန်ကိုစောင့်ရမလိုဖြစ်နေတယ်။

ကပြားမျိုးအတော် များများက ထွက်တဲ့ သီးနှံကိုပြန်စိုက်လို့ မအောင်မြင်ကြဘူး။ အပင်သက်တမ်းက နှစ် ၃၀ ကနေ ၅၀ ထိရှိတယ်ဆိုတော့ မျိုးစေ့က ပြဿနာ မဟုတ်ဘူးဆိုရင်တောင် မျိုးစေ့ဈေး ကွာဟချက်များလွန်းနေတာက စဉ်းစားစရာတစ်ခုဖြစ်နေတယ်။ မျိုးစေ့ဈေးကြီးပေးဝယ်စိုက်တဲ့ သူတွေဆီကပဲ ထွက်တဲ့သီးနှံကို ဝယ်မှာလား၊ ဈေးချိုတဲ့နေရာက ဝယ်ပြီးစိုက်ရင်ရော ကုမ္ပဏီတွေက မဝယ်တော့ဘူးလား၊ ဒါမှမဟုတ် နိုင်ငံတော်ကပဲ စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းတစ်ခုထဲမှာထည့်ပြီး အကူအညီတွေနဲ့ အာမခံချက်တွေ ပေးနိုင်မှာလား၊ ဒါတွေ ကျွန်တော်တို့သိဖို့လိုအပ်ပါတယ်။ တစ်ခါစိုက်ထားရုံနဲ့ နှစ်ပေါင်းများစွာ အကျိုးရှိတယ်၊ တစ်ဧက ငွေကျပ် ၁၅ သိန်းနဲ့ သိန်း ၃၀ ကြား ဝင်ငွေဆိုတာကလည်း မက်လောက်စရာဖြစ်နေလို့ပါ" ဟု ကြယ်ပဲစိုက်ပျိုးရေး စိတ်ဝင်စားသူ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ကြယ်ပဲမျိုးစေ့ကို စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ သုံးစွဲခြင်းမပြုရဘဲ အော်ဂဲနစ်နည်းဖြင့်သာ စိုက်ပျိုးရမည်ဖြစ်ပြီး ကုမ္ပဏီသို့ ကြယ်ပဲသီးနှံသွင်းသည့်အခါ တစ်ကီလိုလျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ အထိ ပေးဝယ်မည်ဖြစ်ကြောင်း မျိုးစေ့ရောင်းကုမ္ပဏီအချို့နှင့် ကြယ်ပဲစိုက်တောင်သူများ စာချုပ် ချုပ်ဆိုထားမှုများရှိသည်။

"ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေကတော့မသုံးဘူး၊ သဘာဝမြေဩဇာပဲဆိုပြီး ရယ်ဒီမိတ်အစားအစာကျွေးထားတဲ့ ကြက်၊ ဝက်တွေရဲ့မစင်ကို သုံးလိုက်မိမယ်ဆိုရင် Chemical Compound တွေ ပါနေတာကို ကုမ္ပဏီက စမ်းသပ်စစ်ဆေးတွေ့ရှိနိုင်တယ်။ အဲဒီအခါမှာ စာချုပ်ပါစည်းကမ်းနဲ့ မညီလို့ဆိုပြီး ဝယ်ယူဖို့ ငြင်းဆန်တာတွေ ဖြစ်လာနိုင်ပါတယ်။ နောက်တစ်ချက်က ကုမ္ပဏီကမျိုးစေ့ကိုမဝယ်ဘဲ အပြင်က မျိုးစေ့ဝယ်စိုက်တဲ့ တောင်သူတွေဆီကရော ကုမ္ပဏီက လက်ခံဝယ်ယူမှာလားဆိုတာ စဉ်းစားစရာအချက်တစ်ခုပါ။ အဲဒီအချက်တွေကို တောင်သူတွေသိဖို့ နားလည်ထားဖို့လိုပါမယ်" ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

**ဇေယျာတု(မကွေး)**



# ပန်းဂေါ်ဖီနှင့်မုန်ညင်းဖြူ ဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

**အောင်ပန်း ဇူလိုင် ၁**

တောင်ပေါ်ဒေသ၏ သီးနှံဈေးကွက်တည်ရှိရာ အောင်ပန်းဘူတာအနီးရှိ အောက်ဈေး၌ မိုးရာသီသီးနှံများ တဖွဲဖွဲဝင်ရောက်လျက်ရှိရာ ပန်းဂေါ်ဖီနှင့် မုန်ညင်းဖြူ သီးနှံစိုက်တောင်သူများ အမြင့်ဆုံးဈေးရရှိသောကြောင့် တောင်သူများ ဝမ်းသာလျက်ရှိသည်။

ဂေါ်ဖီထုပ်ဈေးကောင်းမရသည့် အတွက် အရှုံးမရှိသော်လည်း ဂေါ်ဖီစိုက်တောင်သူများ အမြတ်နည်းကြောင်း အဆိုပါ သီးနှံဈေးမှ သိရသည်။

သီးနှံဈေးအတွင်းရှိ ပွဲရုံများမှာ ယာဉ်ကြီး/ ယာဉ်ငယ်များဖြင့် စည်ကားလျက်ရှိပြီး ကလောမြို့ခံ သီးနှံပွဲစားဖြစ်သော မတူးမာက ယခုရာသီတွင် မိုးမရ၍ သီးနှံထွက်နှုန်းနည်းခြင်း၊ အချို့ရွက်ဖျန်းဆေးပြောင်း မသုံးသောကြောင့် ဂေါ်ဖီထုပ်ပိုးကျခြင်းတို့ ဖြစ်ပေါ်ခဲ့ရာ ဂေါ်ဖီထုပ်ဈေးမှာငွေကျပ် ၈၀ မှ အမြင့်ဆုံး ငွေကျပ် ၁၅၀ သာရှိ၍ ဂေါ်ဖီစိုက် တောင်သူများ အမြတ်ရရှိမှုနည်းကြောင်း၊ ယမန်နှစ်က အလှဆုံး ပန်းဂေါ်ဖီတစ်ပွင့်လျှင် ငွေကျပ် ၃၀၀ သာရှိပြီး ယခုရာသီတွင် တစ်ပွင့်လျှင် ငွေကျပ် ၆၀၀၊ ယမန်နှစ်က မုန်ညင်းဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ဈေးရှိ၍ ယခုရာသီတွင် ငွေကျပ် ၈၀၀ ဈေးရှိသောကြောင့် စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ ပန်းဂေါ်ဖီတစ်ပွင့်လျှင် ပြည်သူများ စားသုံးနိုင်ရန် တစ်ပွင့် ငွေကျပ်၂၀၀ ဖြင့် ဈေးသင့်သော်လည်း မြို့ကြီးများရှိ စားသောက်ဆိုင်၊ ဟိုတယ်၊ စူပါမားကက်များသို့ မရှိမဖြစ် တင်ပို့နေရသောကြောင့် အထွက်နှုန်း နည်းချိန်တွင်ဈေးကောင်းရခြင်းဖြစ်ကြောင်း ပြောသည်။

အောင်ပန်းပွဲရုံမှ သီးနှံများကို မိတ္ထီလာ၊ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်သို့တင်ပို့ရာတွင် ရန်ကုန်မြို့သို့ အများဆုံး တင်ပို့လျက်ရှိပြီး ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ မုန်ညင်းဖြူ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဗိုလ်စားပဲ၊ မုန်လာဥနီ၊ ငရုတ်ပွ၊ ပိန်းဥ၊ အာလူး၊ ကြက်သွန်ဖြူ ဂျုံးမြစ်နှင့်ပန်းများ ဝင်ရောက်လျက်ရှိရာ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ယမန်နှစ်က ငွေကျပ် ၁၀၀ မှ ယခုနှစ် ငွေကျပ် ၆၀၀၊ ခရမ်းသီး ငွေကျပ် ၃၀၀ မှ ၈၀၀၊ ဗိုလ်စားပဲ ငွေကျပ် ၅၀၀ မှ ၁၀၀၀ ထိဈေးရရှိနေပြီး အထုပ်/ အပွင့် လေးထောင်၊ ငါးထောင်စိုက်သော ပန်းဂေါ်ဖီနှင့် မုန်ညင်းဖြူ စိုက်တောင်သူတို့မှာ တစ်ပွင့်/ တစ်ထုပ်လျှင်ငွေကျပ် ၂၀၀ ဒိုင်သွင်းဈေးရရှိလျှင် အမြတ်ကျန်သောကြောင့် ယနေ့ပေါက်ဈေး ငွေကျပ် ၆၀၀၊ ၈၀၀ ရရှိလျက်ရှိသည်။

ယခု မိုးရာသီတွင် အောင်ပန်း၊ ကျုံး၊ မြေခြား၊ ပင်းတယ၊ ရွာငံ၊ ဟဲဟိုးအနီးရှိ ကျေးရွာတို့မှ သီးနှံစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ငြိမ်းချမ်းရေးတည်ဆောက်မှု အခွင့်အလမ်းများ ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တက္ကသိုလ်၊ ဩစတြေးလျတက္ကသိုလ်၊ ရော့ခ်တက္ကသိုလ်နှင့် လန်ဒန်ကျောင်းတို့ ပူးပေါင်းကျင်းပသော အာရှနိုင်ငံများ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်နိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အာရှဒေသတွင်း ငြိမ်းချမ်းရေး တည်ဆောက်ရေး အတွေ့အကြုံများကို ဗြိတိန်နိုင်ငံရော့ခ်တက္ကသိုလ်မှ နိုင်ငံရေးရာဌာန ကထိက Dr.Claire Smith နှင့် ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ ဒါရိုက်တာ Dr. Nicholas Farrellyတို့က ရှင်းလင်းပြောကြားသည်။

ယင်းနောက် လန်ဒန်နိုင်ငံ စီးပွားရေးဆိုင်ရာကျောင်းမှ နိုင်ငံရေးရာဌာန ကထိက Dr.Rajesh Venugopal က နှုတ်ခွန်းဆက်စကားပြောကြားပြီး ငြိမ်းချမ်းရေး ဆောင်ရွက်နေစဉ် နိုင်ငံရေးဆိုင်ရာစီးပွားရေးပြောင်းလဲမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးရာဌာန ပါမောက္ခဌာနမှူး ဒေါက်တာချောချောစိန်က Moderator အဖြစ်ဆောင်ရွက်ပြီး မြန်မာငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆွေးနွေး အကောင်အထည်ဖော်ရေးဌာန ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ချင်းမိုင်တက္ကသိုလ်မှ သုတေသနအရာရှိက ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် စိန်ခေါ်မှုများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ လက်ထောက်ကထိကက သက်တမ်းနုငယ်နေသေးသောမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ မြန်မာတိုင်းမ်အယ်ဒီတာကမီဒီယာကဏ္ဍတို့ကို တင်ပြကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ဒေသတွင်းနိုင်ငံများ ငြိမ်းချမ်းရေးတည်ဆောက်မှု နှိုင်းယှဉ်ချက်များကိုလန်ဒန်တက္ကသိုလ်၊ ကိုလံဘီယာတက္ကသိုလ်၊ နယူးဒေလီတက္ကသိုလ်၊ ကိုလံဘို၊ ဘရပ်ဖော့ဒ်တက္ကသိုလ်တို့မှ ပါမောက္ခများနှင့် ကမ္ဘာ့ဘဏ် (မြန်မာ)မှ တာဝန်ရှိသူတို့က ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံငြိမ်းချမ်းရေးတည်ဆောက်မှု အခွင့်အလမ်းများ အကြောင်းအရာ ခေါင်းစဉ်ဖြင့် အာရှဒေသတွင်းနိုင်ငံများ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အနှစ်သာရ အကြောင်းအရာတို့ကို ပြည်တွင်းပြည်ပ တက္ကသိုလ်များမှ ကထိကများ၊ သုတေသနအရာရှိများနှင့် ပါရဂူဘွဲ့ကြိုကျောင်းသားကျောင်းသူများက ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကရင်ပြည်နယ်အထူးကုဆရာဝန်ကြီးများ ဒေသခံပြည်သူ ၇၉၅ ဦးအား ကွင်းဆင်းဆေးကုသ

**ကမမောင်း ဇူလိုင် ၁**

ကရင်ပြည်နယ်ဘားအံမြို့မှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇွန် ၂၉ ရက် နံနက်ပိုင်းမှစတင်၍ ဖာပွန်ခရိုင် ကမမောင်းမြို့ တိုက်နယ်ဆေးရုံ၌ မြို့ပေါ်ရပ်ကွက်နှင့်ပတ်ဝန်းကျင်ကျေးရွာနေပြည်သူ ၇၉၅ ဦးအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးဝါးကုသရာသို့ ပြည်နယ်အမျိုးသမီးရေးရာ နာယက ဒေါ်ညွန့်ညွန့်ဝေနှင့်အဖွဲ့က သွားရောက်ကြည့်ရှုအားပေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင် ၄၇ဦးအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင် အားဆေးနှင့်အသုံးအဆောင်များ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ သက်ကြီးဘိုးဘွား ၄၆ ဦးအား အလှူငွေနှင့်လက်ဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း၊ ရပ်ကွက်အတွင်းရှိ မိသားစုဝင်ငွေရရှိစေသည့်ရိုးရာဂျပ်ခုတ်လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပိုင်ရှင်မဲ့ နွားရှစ်ကောင် ဖမ်းမိ

**ပင်လည်ဘူး ဇူလိုင် ၁**

ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်တင်စိုးနှင့်အဖွဲ့သည် တရားမဝင်မှောင်ခိုကျွဲ/နွားများ သယ်ဆောင်မောင်းနှင်လာကြောင်း သတင်းအရ တောင်ကုန်းကျေးရွာအနီး စောင့်ဆိုင်းရှာဖွေခဲ့သည်။

အဆိုပါနေရာအနီး စားကျက်တွင် နွားမလေးကောင်၊ နွားထီးလေးကောင် စုစုပေါင်းရှစ်ကောင်ကို ပိုင်ရှင်မဲ့တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မြာရေဝေကျေးရွာတွင် မိုးကြိုနှမ်းများ ရိတ်သိမ်းပြီးစီး

**မိတ္ထီလာ ဇူလိုင် ၁**

မိတ္ထီလာမြို့နယ် မြာရေဝေကျေးရွာတွင် ချောင်းကောက်ဆည်ရေဖြင့် စိုက်ပျိုးသည့် စိုက်ပျိုးချိန်နောက်ကျသည့် တောင်သူတချို့မှအပ မိုးကြိုနှမ်းများ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးချိန် နောက်ကျတဲ့ တောင်သူအချို့နဲ့ တခြားအခက်အခဲတွေကြောင့် မရိတ်သိမ်းရသေးတဲ့ တောင်သူကလွဲရင် မိုးကြိုနှမ်း စိုက်တောင်သူအားလုံး သီးနှံရိတ်သိမ်းပြီးဖြစ်ပါတယ်။ မြာရေဝေကျေးရွာမှာ မိုးကြိုနှမ်းစိုက်တဲ့ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေကို ချောင်းကောက်ဆည်ရေနဲ့ စိုက်ပျိုးရတာမို့ အဆင်ပြေပါတယ်။ ဒါပေမယ့် စိုက်ပျိုးချိန်နောက်ကျတဲ့ တောင်သူအချို့ရဲ့ မိုးကြိုနှမ်းတွေက အထွက်နှုန်းနည်းတယ်။ လက်ရှိမှာ မြာရေဝေကျေးရွာက ထွက်တဲ့ မိုးကြိုနှမ်းကို တစ်တင်း ငွေကျပ် ၃၅၀၀၀ ပေးဝယ်နေပါတယ်"ဟု မြာရေဝေကျေးရွာမှ မိုးကြိုနှမ်းစိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မိုးရက်ဆက်ရွာသွန်းပြီး ကျေးရွာအချို့မြစ်ချောင်းမှရေများဝင်ရောက်ခဲ့သော်လည်း လယ်ယာမြေများပျက်စီးမှုမရှိ

**ရေတာရှည် ဇူလိုင် ၁**

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရက်ဆက်ရွာသွန်းခဲ့သော မိုးကြောင့် ရေကြီးရေလျှံမှုများ နေရာအနှံ့အပြား၌ ဖြစ်ပွားခဲ့သော်လည်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ကျေးရွာအချို့တွင် မြစ်ချောင်းမှ ရေများ ဝင်ရောက်မှုသာရှိခဲ့ပြီး စပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

လေးရက်ကြာအဆက်မပြတ်ရွာသွန်းခဲ့သော မိုးများကြောင့် ခရီးသွားလာသူ နည်းပါးကာ ခရီးသည်တင်ယာဉ်များလည်း အခက်တွေ့ရပြီး ဈေးရောင်း၊ ဈေးဝယ်သူများ အရောင်းအဝယ်သိသာစွာ ကျဆင်းခဲ့ရသည်ကို တွေ့ရသည်။

"မိုးကနေ့ရော၊ ညပါရွာနေတော့ လူတွေကအပြင်မထွက်ကြတော့ဘူး။ လက်ဖက်ရည်ဆိုင်တွေ၊ အသားငါးကုန်စုံရောင်းတဲ့သူတွေကအစ လုံးလုံးကို အရောင်းအဝယ်ရပ်ကုန်တယ်။



ကားတွေကြည့်လိုက်ရင်လည်း ခရီးသည်ကိုမပါတော့ဘူး။ ရွာတွေမှာဆို လမ်းတွေအတော်ပျက်ကုန်တာတွေ့ရတယ်" ဟု မြို့ခံတစ်ဦးကပြောသည်။

မိုးရွာသွန်းခြင်းကြောင့် စပါးစိုက်ပျိုးမည့် တောင်သူများအတွက် များစွာအဆင်ပြေကာ နှမ်းရိတ်သိမ်းလျက်ရှိသည့် တောင်သူများအခက်အခဲကြုံနေရသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# ကလေးမြို့လေယာဉ်ပြေးလမ်းအရှည် တိုးချဲ့ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကလေး ဇူလိုင် ၁**

ပြည်တွင်းပြည်ပခရီးသွားပြည်သူများအား အကျိုးပြုသည့် ကလေးမြို့ လေယာဉ်ပြေးလမ်းမကြီး၏ လက်ရှိအရှည် ပေ ၅၅၀၀၊ အကျယ် ပေ ၁၀၀ အား အနောက်ဘက်သို့ ပြေးလမ်းအရှည် ပေ ၁၅၀၀၊ အကျယ် ပေ ၁၀၀ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းနှင့် ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကလေးမြို့ လေယာဉ်ပြေးလမ်းမကြီးတွင် လေယာဉ်ကြီးများ ဆင်းသက်ပျံသန်းနိုင်ရန်နှင့် လေယာဉ်ဆင်းသက်ပျံသန်းအကွာအဝေးပိုမိုရရှိနိုင်ရန် တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ချက်အရ ပြေးလမ်း အရှည် ပေ ၃၀၀၀ အထိ ထပ်မံတိုးချဲ့နိုင်ကြောင်းတွေ့ရှိရပြီး ပထမဆင့်အဖြစ် ပြေးလမ်းအရှည် ပေ ၁၅၀၀ ထပ်မံ တိုးချဲ့ခြင်းဖြင့် ပြေးလမ်းအရှည် ပေ ၇၀၀၀၊ အကျယ်ပေ ၁၀၀ ရှိလာပြီဖြစ်သည့်အတွက် လေယာဉ်ကြီးများ လုံခြုံစိတ်ချစွာ ဆင်းသက်ပျံသန်းနိုင်တော့မည် ဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုများပြီးစီးခြင်းကြောင့် လေကြောင်းခရီးစဉ်ဖြင့် ကလေးမြို့နှင့် မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့ကြီးများသို့ အဆင့်မြင့် လေယာဉ်ကြီးများနှင့် ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများ၏ လေကြောင်း ခရီးသွားလာမှုတွင် ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်သည့်အပြင် လေကြောင်း ခရီးသွားဝန်ဆောင်မှု များစွာအကျိုးပြုလာမည် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ကလေးမြို့လေယာဉ်ကွင်းကို ၁၉၄၅ ခုနှစ်တွင်အလျား ၂၄၈၀ ပေ၊ အကျယ် ၁၀၀ ပေ အမာခံမြေသားပြေးလမ်းအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် လေယာဉ်ပြေးလမ်းသည် အရှည်ပေ ၅၅၀၀၊ အကျယ်ပေ ၁၀၀ ၊ ကျောက်ကတ္တရာအထူ ၁၈ လက်မဖြင့် အဆင့်မြှင့်တင်တည်ဆောက်မှုပြီးစီးကာ ခံနိုင်ဝန်အား ၇၃၀၀၀ ပေါင်ရှိပြီး လေယာဉ်ပြေးလမ်းဦးတည်ရပ်မှာ ၉၀ ဒီဂရီ နှင့် ၂၇၀ ဒီဂရီ အရှေ့မှ အနောက်သို့ဦးတည်လျက်ရှိကြောင်း သိရသည်။

**ဂျူနိုင်း**



## စက်သုံးဆီပျမ်းမျှအရင်းဈေးနှုန်း သိသာစွာကျဆင်း

**ရန်ကုန် ဇူလိုင် ၁**

ဇွန် ၂၂ ရက်မှ ၂၆ ရက်အတွင်း ပြည်ပမှာ မှာယူတင်သွင်းသည့် စက်သုံးဆီများ ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးနှုန်းမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ၆၇၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၂၀ ကျပ်နှုန်းဖြစ်ကြောင်း သိရသည်။

ပြည်ပမှ တင်သွင်းလာသော စက်သုံးဆီများ၏ ပျမ်းမျှဆိပ်ကမ်းအရောက် ဈေးနှုန်းမှာမေလကုန်ပိုင်းဈေးနှုန်းများနှင့်ယှဉ်လျှင် အောက်တိန်းက တစ်လီတာလျှင် ကျပ်တစ်ရာခန့်နှင့် ဒီဇယ်က တစ်လီတာလျှင် ကျပ်ငါးဆယ်ခန့် ကျဆင်းလာလျက်ရှိရာ ရန်ကုန်မြို့တွင်းမှ စက်သုံးဆီရောင်းဈေးနှုန်းများကို သိသာစွာချပေးမည်ဟု မျှော်လင့်ကြောင်း အဝေးပြေးကုန်ကားပိုင်ရှင်တစ်ဦးဖြစ်သော ဦးဖိုးချိုက ပြောသည်။

စက်သုံးဆီကို ပြည်ပမှဝယ်ယူရာတွင် လိုအပ်သောနိုင်ငံခြားငွေကို ဗဟိုဘဏ်နှုန်းထားအတိုင်း ဘဏ်များမှတစ်ဆင့် ဝယ်ယူခွင့်ရရှိနေခြင်း၊ နိုင်ငံခြားသုံးငွေပြင်ပဈေးနှုန်းပြောင်းလဲမှုနည်းခြင်း၊ ကမ္ဘာ့စက်သုံးဆီဈေးနှုန်း ကျဆင်းခြင်းတို့ကြောင့် ပြည်တွင်းစက်သုံးဆီရောင်းဈေးများ တစ်ပြေးညီသိသာစွာကျဆင်းရန် မျှော်လင့်ကြောင်းလည်း ၎င်းကဆက်ပြောသည်။

အောက်တိန်း ၉၂ ဈေးနှုန်းသည် မေ ၂၅ ရက်မှ ၂၉ ရက်အတွင်း တစ်လီတာလျှင် ၇၀၂ ကျပ်ရှိခဲ့ကာ ဇွန် ၁ရက်မှ ၅ ရက်အတွင်း ၇၂၈ ကျပ်၊ ဇွန် ၈ ရက်မှ ၁၂ ရက်အတွင်း ၇၇၀ ကျပ်၊ ဇွန် ၁၅ မှ ၁၉ ရက်အတွင်း ၇၅၀ ကျပ်ရှိခဲ့သည်။

ဒီဇယ်ဈေးနှုန်းသည် မေ ၂၅ မှ ၂၉ တွင် ၆၅၈ ကျပ်၊ ဇွန် ၁ မှ ၅ တွင် ၆၆၅ ကျပ်၊ ဇွန် ၈ မှ ၁၂ တွင် ၆၈၅ ကျပ်၊ ဇွန် ၁၅ မှ ၁၉ တွင် ၆၆၄ ကျပ်နှုန်းရှိခဲ့ကြောင်း ဆိပ်ကမ်းရောက်ပျမ်းမျှဈေးနှုန်းများအရ သိရသည်။

ဇွန် ပထမပတ်တွင် ရန်ကုန်မြို့လယ် ဓာတ်ဆီဆိုင်များ၌ အောက်တိန်း ၉၂ တစ်လီတာလျှင် ၇၃၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၆၉၀ ကျပ်နှုန်းရှိခဲ့ပြီး ဒုတိယနှင့် တတိယပတ်အတွင်း အောက်တိန်းက ၇၅၀ ကျပ်နှုန်းနှင့် ဒီဇယ်က ၇၁၀ ကျပ်နှုန်းရှိခဲ့ကာ ဇွန်လ နောက်ဆုံးပတ်တွင် အောက်တိန်းက ၇၃၀ မှ ၇၄၀ ကျပ်နှင့် ဒီဇယ်က ၇၀၀ ကျပ်နှုန်းခန့်ရှိနေကြောင်း တက္ကစီပိုင်ရှင်တစ်ဦးက ပြောသည်။ ပြည်ပမှတင်သွင်း ရာတွင် ဝယ်ယူပြီး တစ်ပတ်အတွင်း ပြည်တွင်းသို့ ရောက်ရှိကြောင်း သိရသည်။

**ခင်ဆိုင်**

## ရေးမြို့နယ်၏ အဓိကစိုက်ပျိုးရေးတွင် ကွမ်းသီးလုပ်ငန်းများ နေရာရရှိလာ

**ရေး ဇူလိုင် ၁**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများအနက် ဒေသထွက် ကွမ်းသီးဈေးနှုန်းများမှာ သက်တမ်းတစ်လျှောက်လုံး၌ အကောင်းဆုံး နှစ်တစ်နှစ်ဖြစ်လာကြောင်း ကုန်သည်များနှင့် ခြံရှင်အများအပြားက တစ်ညီတစ်ညွတ်တည်း ထုတ်ဖော်ပြောကြားသည်။

ဒေသထွက် ကွမ်းသီးဈေးနှုန်းများမှာ ယခင်နှစ်က တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ မှ ယနေ့ကွမ်းသီးဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ အထိ မြင့်တက်လာသည်ကို တွေ့ရသည်။

“ကွမ်းသီးအသစ်ထွက်ချိန်အထိ ဈေးကောင်းရမှာပါ။ အမြင့်ဈေးအတိုင်း ရှိနေမယ်ဆိုရင် ကွမ်းသီးပိဿာ ၁၀ သိန်းလောက်ထွက်ရှိရင် တစ်နှစ်ကို ငွေကျပ် သိန်း ၂၀၀ ကနေ ၃၀၀ အထိ ရရှိနိုင်ပါတယ်။ ဈေးကောင်းရရှိလာလို့ ရော်ဘာမျိုးစေ့လုပ်ငန်းတွေကလည်း ကွမ်းသီးပျိုးပင်တွေကို ပြောင်းလဲစိုက်ပျိုးရောင်းဝယ်နေကြတယ်”ဟု ခြံစိုက်တောင်သူများထံက သိရသည်။

ရေးမြို့နယ်သည် ရော်ဘာအပြင် ကွမ်းသီးကိုပါ အဓိကစိုက်ပျိုးရေးအဖြစ် ပြောင်းလဲလာကြပြီး ပြည်တွင်းသာမက အိမ်နီးချင်းနိုင်ငံများသို့ပါ တင်ပို့နေကြရခြင်းကြောင့် တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်ထွန်းသည့် အခြေအနေသို့ ရောက်ရှိလာနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်

**ငါးသိုင်းချောင်း ဇူလိုင် ၁**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မအူကုန်းကျေးရွာအုပ်စု ဒေါင့်မှန်ကုန်းကျေးရွာ အမကကျောင်းရှေ့ ငါးသိုင်းချောင်း-လေးမျက်နှာ ကားလမ်းဘေးတွင် ဇွန် ၂၉ ရက် နံနက် ၉ နာရီက ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရေကြည်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ရွှေ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးရီနှင့် ငါးသိုင်းချောင်းမြို့နယ်တာဝန်ခံများ၊ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံများက ယူကလစ်ပျိုးပင် ၃၅၀ ခန့်နှင့် ကျွန်းသစ်ပျိုးပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ဒေါင့်မှန်ကုန်း အမကကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## သရက်မြို့ အောင်မင်္ဂလာရေကန် ပြန်လည်ပြုပြင်လျက်ရှိ

**သရက် ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအနီး သရက်-မင်းတုန်းကားလမ်းဘေး ၇ မိုင်ခန့်ရှိ အောင်မင်္ဂလာကန်ကြီးမှာ ၁၉၆၄ ခုနှစ်ကတည်းက သရက်အောင်မင်္ဂလာဆရာတော်မှ ဦးဆောင်ဆည်ဖို့ခဲ့သည့် ကန်တော်ကြီးဖြစ်သည်။

၂၀၀၅ခုနှစ်တွင် ခရိုင်နှင့်မြို့နယ် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များ စုပေါင်းကာပြုပြင်ခဲ့ပြီး ယခုအခါ အောင်မင်္ဂလာကန်ကြီးအဆင့်မြှင့်တင်ဆည်ဖို့ခြင်းလုပ်ငန်းကို အဘိဓဇ္ဇမဟာရဋ္ဌဂုရု၊ သရက် အောင်မင်္ဂလာဆရာတော်ကြီးနှင့် အလှူရှင်များ စုပေါင်းကာ ပြန်လည်ပြုပြင်လျက်ရှိသည်။

အောင်မင်္ဂလာကန်ကြီးသည် အနီးဝန်းကျင်ရှိ ပိတောက်ပင်ကျေးရွာ၊ စခန်းကြီးကျေးရွာနှင့် အုန်းပင်လှကျေးရွာတို့မှ ဒေသခံများအတွက် အကျိုးပြုသော ရေကန်ကြီးဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ယာဉ်ကြောကျပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်း မဖြစ်စေဖို့

ကမ္ဘာ့မြို့ကြီးပြကြီးများတွင် စီးပွားရေးနှင့် အလုပ်အကိုင်၊ အခွင့်အလမ်းများ ပေါများသည့်အားလျော်စွာ လူနေထူထပ်ပြီး ယာဉ်သွားလာမှုသည်လည်း ရှုပ်ထွေးများပြားလေ့ရှိသည်။ အထူးသဖြင့် အုပ်ချုပ်ရေးမြို့တော်ကြီးများနှင့် စီးပွားရေးမြို့တော်ကြီးများတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ မော်တော်ယာဉ်အများအပြားကို အသုံးပြုကြရသည့်အတွက် စက်တပ်ယာဉ်နှင့် စက်မဲ့ယာဉ်အစီးရေ အလွန်များပြားသလို ခြေလျင်လျှောက်သူများကလည်း ပျားပန်းခတ်မျှ သွားလာလှုပ်ရှားလျက်ရှိနေကြသည်။

**ထိုသို့သော မြို့တော်ကြီးများအနက် အချို့သော မြို့တော်ကြီးများတွင် ယာဉ်ကြောကျပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ ဖြစ်ပွားလေ့ရှိသည်။ ယာဉ်ကြောကျပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းဟူသော ဝေါဟာရများသည် သာမန်အားဖြင့် ဆင်တူသယောင်ရှိသော်လည်း အဓိပ္ပါယ်အားဖြင့် မတူညီသလို ဖြစ်တည်လာရသည့် အခြေခံအကြောင်းအရင်းများကလည်း ကွဲပြားခြားနားလျက်ရှိသည်။**

ယာဉ်ကြောကျပ်ခြင်း (Traffic Jam) သည် မြို့ပြလမ်းကွန်ရက်နှင့် ကားရပ်နားရန်နေရာများ အလုံအလောက်မရှိခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ယာဉ်ကြောပိတ်ဆို့ခြင်း (Traffic Blockage) ကမူ ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးတွင် အားနည်းချက်များ ရှိနေသောကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

မြို့တစ်မြို့တွင် အသုံးပြုမောင်းနှင်လျက်ရှိသော မော်တော်ကားအစီးရေပမာဏသည် ထိုမြို့တွင်ရှိသည့် လမ်းကွန်ရက်များနှင့် သဟဇာတမဖြစ်ခဲ့လျှင် တစ်နည်းဆိုရသော် ထိုမြို့ရှိ လမ်းကွန်ရက် စုစုပေါင်းအရှည်သည် မောင်းနှင်ပြေးဆွဲနေသော မော်တော်ကားအစီးအရေအတွက် ပြည့်စုံလုံလောက်ခြင်းမရှိခဲ့လျှင် ယာဉ်ကြောကျပ်ခြင်း ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။ အလားတူပင် မောင်းနှင်အသုံးပြုနေသော မော်တော်ကားများအတွက် လုံလောက်သည့် ကားရပ်နားရန် နေရာများမရှိလျှင်လည်း ယာဉ်ကြောကျပ်ခြင်း ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။

မြို့တစ်မြို့၏ လမ်းကွန်ရက်အရှည်ကို တွက်ချက်ရာတွင် အဆိုပါမြို့၏ မြို့အဝင်ဂိတ်နှင့် မြို့အထွက်တို့အကြားရှိ လမ်းမကြီးများ၊ လမ်းသွယ်များ၊ ဖြတ်လမ်းများ၊ ဥမင်လမ်းများ၊ မြေအောက်လမ်းများ၊ မြို့ပတ်လမ်းများနှင့် မြို့ရှောင်လမ်းများအားလုံးကို ထည့်သွင်းရေတွက်ရမည်ဖြစ်သည်။ မြို့လမ်းကွန်ရက်တွင် ပါဝင်သော လမ်းများအားလုံးသည် နှစ်လမ်းမောင်းဖြစ်စေ၊ တစ်လမ်းမောင်းဖြစ်စေ အရှေ့မှအနောက်၊ တောင်မှမြောက် စသည်ဖြင့် လိုသလို တိုးလျှိုပေါက်မောင်းနှင်သွားလာနိုင်သော လမ်းများဖြစ်ရန် လိုအပ်သည်။ သို့ဖြစ်၍ တစ်ဖက်ပိတ်လမ်းများနှင့် ကိုယ်ပိုင်လမ်းများကို မြို့၏ လမ်းကွန်ရက်စာရင်းတွင် ထည့်သွင်းရေတွက်ရန် မလိုအပ်ပေ။

**မြို့ပြသယ်ယူပို့ဆောင်ရေးအတွက် အများပြည်သူသုံး ဘတ်စ်ကားများ၊ ကုန်တင်ထရပ်ကားကြီးများ၊ အပေါ့စားကုန်တင်ကားငယ်များ၊ လုပ်ငန်းသုံးကားများ၊ စက်ရုံအလုပ်ရုံသုံးကားများ၊ ကိုယ်ပိုင်ကားများ စသည်တို့ကို တိုးချဲ့တင်သွင်းပြေးဆွဲမောင်းနှင်စေရာ လက်ရှိမော်တော်ကားအစီးရေနှင့် ထပ်မံတိုးချဲ့တင်သွင်းပြေးဆွဲ မောင်းနှင်စေမည့် မော်တော်ကားအစီးရေ စုစုပေါင်းသည် မြို့၏ လမ်းကွန်ရက်စုစုပေါင်း အရှည်နှင့် သဟဇာတ ဖြစ်ရန် အလွန်အရေးကြီးသည်။**

အကယ်၍ လမ်းကွန်ရက်နှင့် လိုက်လျောညီထွေ မဖြစ်ဘဲ မော်တော်ကားများကို ထပ်မံတိုးချဲ့ ပြေးဆွဲမောင်းနှင်စေမည်ဆိုလျှင် ကာလတိုအတွင်း၌ပင် ယာဉ်ကြောကျပ်ခြင်းပြဿနာပေါ်ပေါက်လာလိမ့်မည် ဖြစ်သည်။ မောင်းနှင်အသုံးပြုနေသော မော်တော်ကား အစီးရေနှင့် လမ်းကွန်ရက်တို့ သဟဇာတဖြစ်လျှင် ယာဉ်ကြောကျပ်ခြင်းမဖြစ်ပေါ်ဘဲ ယာဉ်ကြောစီးဆင်းမှုကို သွက်လက် မြန်ဆန်စေလိမ့်မည်ဖြစ်သည်။

အလားတူပင် မြို့တစ်မြို့ရှိ မော်တော်ကားအစီးရေအားလုံးအတွက် ကားရပ်နားနိုင်သည့် ဧရိယာ လုံလုံလောက်လောက် မရှိလျှင်လည်း ယာဉ်ကြောကျပ်ခြင်း ဖြစ်ပေါ်လာနိုင်သည်။ လူနေထူထပ်ပြီး မော်တော်ကားအစီးရေပမာဏ အလွန်များပြားသည့် မြို့ကြီးပြကြီးများတွင် မြေပေါ်ကားရပ်နားရန် နေရာ၊ မြေအောက်ကားရပ်နားရန်နေရာ၊ အထပ်မြင့် ကားရပ်နားရန် နေရာများ၏ ဧရိယာစုစုပေါင်းသည် ထိုမြို့ရှိ မော်တော်ကားအစီးရေနှင့် လိုက်လျောညီထွေ ပြည့်စုံလုံလောက်ရန် လိုအပ်သည်။

ကားလမ်းဘေး ဝဲ၊ယာရှိ ကားရပ်နားရန် နေရာများ၊ ဘုရား၊ ကျောင်းကန်များ၏ ပရိဝုဏ်အတွင်းရှိ ကားရပ်နားရန် နေရာများ၊ အုပ်ချုပ်ရေးဆိုင်ရာ ရုံးများနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ရုံး၊ စက်ရုံ၊ အလုပ်ရုံများရှိ ကားရပ်နားရန် နေရာများ၊ လေဆိပ်၊ ဘူတာရုံနှင့် သင်္ဘောဆိပ်များရှိ ကားရပ်နားရန် နေရာများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းဝင်းများထဲရှိ ကားရပ်နားရန် နေရာများ၊ ဆေးရုံဆေးခန်းများ၏ ကားရပ်နားရန် နေရာများ၊ ဈေးနှင့် စူပါမားကတ်များ၏ ကားရပ်နားရန်နေရာများ၊ ခရီးသည်ပို့ဆောင်ရေး အခြေစိုက်စခန်းများနှင့် ကုန်တင်ယာဉ်စခန်းများရှိ ကားရပ်နားရန်နေရာများ၊ အထပ်မြင့်အဆောက်အအုံများရှိ မြေပေါ်၊မြေအောက်နှင့် အထပ်မြင့် ကားရပ်နားရန် နေရာများအားလုံး၏ ဧရိယာ စုစုပေါင်းသည် မောင်းနှင်အသုံးပြုနေသော မော်တော်ကားအစီးရေနှင့် လိုက်လျောညီထွေဖြစ်နေမှသာလျှင် ယာဉ်ကြောကျပ်ခြင်းမဖြစ်အောင် အထောက်အပံ့ ပြုပေးနိုင်မည်ဖြစ်သည်။

ကားရပ်နားရန်ဧရိယာများကို တွက်ချက်ရာ၌မူ အများပြည်သူသုံး ကားရပ်နားရန် နေရာများအဖြစ် ကိုယ်ပိုင်ကားရပ်နားရန် နေရာများအားလုံးကိုပါ ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။ အကယ်၍ ကားရပ်နားရန် ဧရိယာစုစုပေါင်းနှင့် မော်တော်ကား အစီးရေပမာဏတို့ သဟဇာတမဖြစ်ဘဲ ကားအစီးရေ ပမာဏက ပိုမိုလွန်ကဲ များပြားလာမည်ဆိုပါက ယာဉ်ကြောကျပ်တည်းမှုဆီသို့ ဦးတည်သွားလိမ့်မည်ဖြစ်သည်။

ယာဉ်ကြောပိတ်ဆို့ခြင်းဖြစ်စဉ်ကမူ ယာဉ်ကြောကျပ်ခြင်းနှင့် ကွဲပြားခြားနားပြီး ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးအပိုင်း၌ လိုအပ်ချက်များ ရှိနေသောကြောင့်သာလျှင် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သို့ရာတွင် ယာဉ်ကြောပိတ်ဆို့ခြင်း မဖြစ်ပေါ်စေရန်အတွက် ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးကို စီမံဆောင်ရွက်ကြရာတွင် ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးကို အထောက်အကူပြုပေးနိုင်ရေးအတွက် ပြီးပြည့်စုံသော ကနဦးတည်ဆောက်မှုများကလည်း အရေးကြီးသော အခန်းကဏ္ဍက ပါဝင်လျက်ရှိနေသည်။

ဥပမာအားဖြင့် ယာဉ်ဖြတ်သန်းသွားလာမှု များပြားသော လမ်းဆုံ၊လမ်းခွများ၌ မီးပွိုင့်တပ်ဆင်မထားခြင်း၊ တပ်ဆင်ထားသော်လည်း မီးပွိုင့်များ မကြာခဏ ချွတ်ယွင်းနေခြင်း၊ လူကူးမျဉ်းကြားများနှင့် လူကူးသတိပေး အချက်ပြမီးများကို လုံလုံလောက်လောက် ပြုလုပ်တပ်ဆင်မထားခြင်း၊ လမ်းဆုံလမ်းခွများ၌ မြင်ကွင်းကို ကွယ်စေသည့် သစ်ပင်၊ အဆောက်အအုံ၊ ဈေးဆိုင်၊ စက်ပျက်ယာဉ် စသည်တို့ရှိနေခြင်း၊ လူစည်ကားများပြားလွန်းသော နေရာများ၌ လူကူးခုံးကျော် တံတားများ တည်ဆောက်ထားမှု မရှိခြင်း စသည်တို့သည် ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်လာစေနိုင်သော အခြေခံ အကြောင်းအရင်းများ ဖြစ်ကြသည်။

အလားတူပင် ယာဉ်ကြောနှစ်ကြောတည်းသာရှိသော နှစ်လမ်းမောင်းလမ်း (2 Way / 2 Lane) ဖြစ်ပါက ကားနှင့် စက်တပ်ယာဉ်အမျိုးမျိုးတို့ အန္တရာယ်ကင်းစွာဖြင့် ရှောင်တိမ်းမောင်းနှင်နိုင်အောင် လုံလောက်သည့် အကျယ်အဝန်းရှိရန် လိုအပ်သည်။ ထိုနည်းတူစွာပင် ယာဉ်ကြော လေးကြော၊ ယာဉ်ကြော ခြောက်ကြော၊ ယာဉ်ကြော ရှစ်ကြောရှိသော လမ်းအမျိုးမျိုးတို့သည်လည်း ယာဉ်ကြော တစ်ခုချင်းစီသည် လုံလောက်သော အကျယ်အဝန်းရှိနေရမည်ဖြစ်သည်။

**မြို့တွင်းလမ်းများကို ချဲ့ထွင်ဖောက်လုပ်ရာ၌လည်း ယာဉ်ကြောတစ်ကြောချင်းစီသည် အကျယ်အဝန်းအားဖြင့် မော်တော်ကား အရွယ်အစားအမျိုးမျိုးတို့အတွက် လုံလုံလောက်လောက်ရှိနေရန် လိုအပ်သည်။ မူလက နှစ်လမ်းမောင်း ယာဉ်ကြော လေးကြောရှိသည့် လမ်းကို လုံလောက်အောင် တိုးချဲ့ဖောက်လုပ်ခြင်းမပြုဘဲ ယာဉ်ကြော ခြောက်ကြောအဖြစ် စီမံဖန်တီးခြင်းမျိုးသည် ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ယာဉ်ထိခိုက်မှုတို့ကို ဖြစ်ပေါ်လာစေနိုင်သည်။**




**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

ကားလမ်းဘေးဝဲ၊ ယာရှိ ရေနုတ်မြောင်းများကို လုံလောက်သည့် အကျယ်အဝန်းနှင့် စောက်အနက်အတိုင်း ဖောက်လုပ်ထားခြင်း မရှိခဲ့လျှင်လည်း မိုးသည်းထန်စွာ ရွာသွန်းသည့်အခါ ကားလမ်းမပေါ် ရေများလျှံတက်လာပြီး ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်တို့ကို ဖိတ်ခေါ်ရာရောက်မည်ဖြစ်သည်။

**ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးအပိုင်း၌လည်း မီးပွိုင့်များကို ထိန်းချုပ်ရာတွင် စနစ်တကျဖြစ်စေရန် အရေးကြီးသည်။ သာမန်အခြေအနေမျိုး၌ လမ်းဆုံနှစ်လမ်းခွ မီးပွိုင့်များတွင် ယာဉ်လမ်းကြောင်း တစ်ဖက်ကို စက္ကန့် ၅၀ ထက် ကျော်လွန်၍ ပိတ်ထားခြင်းသည် ယာဉ်မောင်းသူများကို စိတ်ဖိစီးမှု ဖြစ်စေသလို ယာဉ်ကြောပိတ်ဆို့ခြင်းကိုလည်း ဖြစ်ပွားလာစေနိုင်သည်။**

အချိန်အတိုင်းအတာ တစ်ခုထက်ပို၍ ယာဉ်လမ်းကြောင်းများကို ပိတ်ဆို့ထားခြင်းသည် မီးပွိုင့်ကို ဖြတ်သန်းမောင်းနှင်ရန် စောင့်ဆိုင်းနေကြသော မော်တော်ကားများအတွက်သာမက လမ်းသွယ်နှင့် လမ်းကျဉ်းများသို့ ကွေ့ဝင်မောင်းနှင်လိုသော ကားများနှင့် လမ်းသွယ်၊ လမ်းကျဉ်းများမှ လမ်းမကြီးပေါ်သို့ တက်ရောက်လိုသော ကားများကိုပါ အခက်အခဲဖြစ်ပေါ်စေသည်။

သို့ဖြစ်၍ လမ်းဆုံလမ်းခွ မီးပွိုင့်များတွင် သာမန်အခြေအနေမျိုး၌ ယာဉ်လမ်းကြောင်းတစ်ဖက်ကို စက္ကန့် ၅၀ ခန့် မကျော်လွန်အောင်သာ စောင့်ဆိုင်းစေခြင်း၊ ယာဉ်အသွားအလာ များပြားလွန်းသော အလုပ်တက်၊ အလုပ်ဆင်းအချိန်မျိုးများ၌ ယာဉ်လမ်းကြောင်း တစ်ဖက်ကို ၇၅ စက္ကန့်ထက် မကျော်လွန်အောင်သာ ရပ်တန့်စောင့်ဆိုင်းစေခြင်းတို့သည် ဆိုးရွားစွာ ယာဉ်ကြောပိတ်ဆို့ခြင်းကို ရှောင်ရှားနိုင်လိမ့်မည် ဖြစ်သည်။

ယာဉ်ကြောစီးဆင်းမှု မြန်ဆန်သွက်လက်စေရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးသည် အများပြည်သူအားလုံးနှင့် သက်ဆိုင်နေသော ကိစ္စကြီးတစ်ရပ်ဖြစ်သည့်အတွက် ယာဉ်ထိန်းရဲသည် ထူးခြားသည့်အခြေအနေ တစ်စုံတစ်ရာမရှိဘဲ မီးပွိုင့်၏ အလိုအလျောက် ထိန်းချုပ်မှုဖြင့် ပုံမှန်သွားလာနေသော ယာဉ်လမ်းကြောင်းများကို မိမိသဘောဖြင့် ထပ်မံကန့်သတ် တားဆီးခြင်းမျိုးကို မပြုလုပ်သင့်ပေ။ မီးပွိုင့်များ၌ ယာဉ်ထိန်းရဲ၏ သဘောဖြင့် ထိန်းချုပ်ကန့်သတ်ခြင်းမျိုးသည် ဆိုးရွားသော ယာဉ်ကြောပိတ်ဆို့မှုကြီးများကို ဖြစ်ပွားလာစေနိုင်သည်။

**အလားတူပင် ချိန်နှုန်းပြမီတာ (Timer) တပ်ဆင်ထားသော မီးပွိုင့်များ၌ မီးစိမ်းပြချိန်နှုန်း (Green Timer) ဖွင့်ပေးထားချိန်တွင် မည်သည့်အကြောင်းနှင့်မျှ သုညမရောက်မီကြားဖြတ်၍ မီးဝါနှင့် မီးနီပြခြင်းများကို မပြုလုပ်သင့်ပေ။ ယင်းလုပ်ရပ်မျိုးသည် ယာဉ်အများအပြား ထပ်ဆင့်တိုက်မိမှုနှင့် အသက်ဆုံးရှုံးမှုတို့ကို ဦးတည်စေနိုင်သည်။**

လမ်းဆုံလမ်းခွများတွင် စောင့်ကြည့်ကင်မရာ(CCTV) များတပ်ဆင်ထားသော မီးပွိုင့်အချင်းချင်း ချိတ်ဆက်ထားသည့် ကွန်ရက်စနစ်ဖြင့် ထိန်းချုပ်သော အလိုအလျောက် လုပ်ဆောင်နေမှုကို လူအင်အားဖြင့် ဝင်ရောက်စွက်ဖက် ထိန်းချုပ်နေခြင်းသည်လည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းအရင်း တစ်ရပ်ဖြစ်သည်။

ကွန်ရက်စနစ်ဖြင့် ချိတ်ဆက်ထားသော မီးပွိုင့်များအား အလုပ်လုပ်ဆောင်စေသော ထိန်းချုပ်ကိရိယာများကို ဝင်ရောက်ကိုင်တွယ်ခြင်း မပြုသော်လည်း မီးပွိုင့်အနီပြနေချိန်၌ ယာဉ်များကို သွားလာစေခြင်း၊ မီးပွိုင့်အစိမ်းပြနေချိန်၌ ယာဉ်များကို ရပ်တန့်ထားစေခြင်း စသောလုပ်ရပ်များသည်လည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်လာစေနိုင်သည့် အကြောင်းများ ဖြစ်ကြသည်။

လမ်းဆုံလမ်းခွနှင့် မီးပွိုင့်ဧရိယာများ မဟုတ်စေကာမူ ပုံမှန်မောင်းနှင်သွားလာနေကြသော ယာဉ်အမျိုးမျိုးတို့ကို အကြောင်းတစ်စုံတစ်ရာဖြင့် ၁၅ စက္ကန့်ထက်ကျော်လွန်အောင် ရပ်တန့်စောင့်ဆိုင်းနေစေခြင်းမျိုးသည်လည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် ယာဉ်အသွားအလာများသော လမ်းမကြီးများ၊ မြို့လယ်ခေါင်နှင့် ဆင်ခြေဖုံးဒေသ တိုက်ရိုက်ဆက်သွယ်ထားသည့် အဓိကကျသော လမ်းမကြီးများစသည်တို့တွင် ပုံမှန်မောင်းနှင်သွားလာနေသောယာဉ်များကို အကြောင်းတစ်ခုခုဖြင့် တားဆီးရပ်တန့်ထားစေခြင်းများသည် စက္ကန့်ပိုင်းအတွင်းမှာပင် ယာဉ်ကြောပိတ်ဆို့မှုကြီးကို ဖြစ်ပေါ်လာစေနိုင်သည်။

ယာဉ်ကြောစီးဆင်းမှု ချောမွေ့စေရေးအတွက်

*စာမျက်နှာ ၁၉ သို့*

# သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်မီးလင်းရေးဆွေးနွေး



**သာစည် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်သည် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ယာယီအမှုဆောင်အရာရှိချုပ် ဦးစိန်ဝင်းမြင့်၊ မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာ ဦးမွန်အောင်ဇေတို့နှင့်အတူ ဇွန် ၃၀ ရက်က သာစည်မြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ကျေးရွာ (၈၇) အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာမီးလင်းရေး ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးလျှပ်စစ်ဝန်ကြီးက ယခုလို သာစည်မြို့သို့ လာရောက်ရခြင်းမှာ မြို့နယ်အတွင်းရှိ ပြည်သူများ၏ အခက်အခဲကို ဖြေရှင်းပေးရန်နှင့် လိုလားမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာများတွင် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်လျက် ရှိပါကြောင်း ယခုလိုတွေ့ဆုံချိန်တွင် ရင်းနှီးပွင့်လင်းစွာဖြင့် မိမိတို့၏အခက်အခဲများကိုတင်ပြကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# နမ့်ဆန်မြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာသင်တန်းပို့ချ

**နမ့်ဆန် ဇူလိုင် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၏စီစဉ်မှုဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းပို့ချခြင်း အခမ်းအနားကို ဇွန် ၂၇ ရက်က ဒေသဦးစီးရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဒေသကော်မရှင်ဥက္ကဋ္ဌ ဦးစံအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးထင်လင်းအောင်က သင်တန်းပို့ချရာတွင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် အသက် ၁၈ နှစ်ပြည့်သူများအနေဖြင့် မိမိရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲရုံးများသို့ သွားရောက်ကာ မိမိအမည်စာရင်းပါ/မပါ သတ်မှတ်ရက်အတွင်း ကြိုတင်သွားရောက်ကြည့်ရှုထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများကိုလည်းကောင်း အဆင့်ဆင့်ပညာပေး ပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ရပ်/ကျေးစာရေးများတက်ရောက်ပြီးသင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

*စာမျက်နှာ ၁၈ မှ*

တည်ဆောက်ဖောက်လုပ်ထားသည့် အဝိုင်းများ၌ အဝိုင်းကိုပတ်၍မောင်းနှင်လာနေသောယာဉ်များကို အဝိုင်းပတ်လမ်းကြောင်းပေါ်၌ တားဆီးရပ်တန့်ထားစေခြင်းမျိုးသည်လည်း ယာဉ်ကြောပိတ်ဆို့မှုကို ဖိတ်ခေါ်နေသောလုပ်ရပ်မျိုးဖြစ်သည်။ အလားတူပင် လမ်းဆုံလမ်းခွ၊ မီးပွိုင့်၊ အဝိုင်း စသည်တို့မှ မီတာ ၁၅၀ အတွင်း၌ မော်တော်ကားများကို ရှောင်တခင်ရပ်တန့်စစ်ဆေးခြင်းမျိုးသည်လည်း ယာဉ်ကြောပိတ်ဆို့မှုသာမက ယာဉ်အန္တရာယ်ပါ ဖြစ်ပွားစေနိုင်သည်ကို သတိပြုသင့်ကြသည်။

အကွေ့ယာဉ်ကြောမှ တည့်တည့်မောင်းနှင်သွားသောယာဉ်များ၊ ကွေ့ကြောမဟုတ်ပါဘဲ ဖြတ်ကွေ့သော ယာဉ်များ၊ မီးပွိုင့်ဧရိယာ၌ အစွန်ဆုံးယာဉ်ကြောကို ကျော်လွန်ပြီး စည်းကမ်းမဲ့စွာ လမ်းပြောင်းပြန်ကျော်တက်မောင်းနှင်သောယာဉ်များ၊ အမြဲလမ်းဖွင့်ထားသောယာဉ်ကြော(Ever Green Lane) ၌ ပိတ်ဆို့ရပ်တန့်ထားသောယာဉ်များကို အရေးမယူဘဲ ဥပေက္ခာပြုထားခြင်းသည် ဆိုးရွားသော ယာဉ်တိုက်မှုကြီးများနှင့် အသက်ဆုံးရှုံးမှုများကို ဖြစ်ပွားစေနိုင်သည်။

ထို့အတူပင် လူကူးမျဉ်းကျားရှိပါလျက် မျဉ်းကျားမှ ဖြတ်မကူးဘဲ စည်းကမ်းမဲ့စွာ လမ်းဖြတ်ကူးသူများနှင့် မျဉ်းကျားဧရိယာ၌ အရှိန်ပြင်းစွာ မောင်းနှင်သော ယာဉ်များကို ချက်ချင်းအရေးယူဆောင်ရွက်မှု မရှိခြင်းသည်လည်း ယာဉ်တိုက်မှုများကို ဖိတ်ခေါ်သကဲ့သို့ ရှိနေသည်။ ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးနှင့် ပတ်သတ်သောတားမြစ်ကန့်သတ်ချက်များကို ဖောက်ဖျက်သူများအားအစဉ်တစိုက် အရေးမယူခြင်းသည် အမိန့်နှင့် ညွှန်ကြားချက်များကို မထီမဲ့မြင်ပြုစေရန် အားပေးအားမြှောက်ပြုသကဲ့သို့ ဖြစ်စေသည်။

ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ကြရာတွင် ယာဉ်ထိန်းရဲများသည် စက်တပ်ယာဉ်နှင့် စက်မဲ့ယာဉ်တို့၏ သဘောတရားကိုကောင်းစွာ နားလည်သိရှိထားရန်လိုအပ်သည်။ အရှိန်ဖြင့် မောင်းနှင်သွားလာနေသော ကားတစ်စီးကို ကြိုတင်အချက်မပြဘဲ ရုတ်တရက် ရပ်ခိုင်းခြင်းသည် အန္တရာယ်မည်မျှ ကြီးမားသည်ကို စက်ယန္တရား၏ သဘောတရား၊ အင်နားရှား၏ သဘောတရားများဖြင့် ချိန်ထိုးကာ သိရှိထားသင့်သည်။ အလားတူပင် မြင်ကွင်းကွယ်ရာမှထွက်၍ ရုတ်တရက်တားဆီးစစ်ဆေးခြင်းသည် ယာဉ်မောင်းသူအတွက်သာမက မိမိတို့ကိုယ်တိုင်အတွက်ပါ အသက်အန္တရာယ်ရှိသည်ကို သတိချပ်သင့်သည်။

ယာဉ်လမ်းကြောင်း စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ ဟောင်ကောင်ကျွန်း၏ Traffic Control System များထဲက နမူနာကောင်းတစ်ခုကို အတုယူသင့်ကြသည်။ ဟောင်ကောင်ရှိလမ်းများ၏ ထူးခြားချက်တစ်ရပ်မှာ လမ်းဆုံမီးပွိုင့်ဧရိယာအားလုံးတွင် လမ်းအကျယ်အဝန်းသည် အတူတူပင်ဖြစ်သည်။ မည်သည့် လမ်းဆုံ၌မဆို လမ်းဖြတ်ကူးသူသည် သာမန်အားဖြင့် ၉ စက္ကန့်အတွင်း လမ်း၏ အခြားတစ်ဘက်သို့ ရောက်ရှိနိုင်သည်။ လမ်းဆုံတိုင်းတွင် မျက်မမြင်များကို အဖော်မပါဘဲ လမ်းကူးနိုင်ရန် စီစဉ်ပေးထားသည်။

**မီးပွိုင့်က မျက်နှာချင်းဆိုင် ယာဉ်လမ်းကြောင်း နှစ်ဖက်ကို ပိတ်လိုက်ပြီးသည်နှင့် ကျန်မျက်နှာချင်းဆိုင် ယာဉ်လမ်းကြောင်းများမှ ယာဉ်များသည် ချက်ချင်းထွက်ခွင့်မရသေးဘဲ ၁၈စက္ကန့်ကြာသည်အထိ ရပ်စောင့်ကြရသည်။ ၁၈ စက္ကန့်အချိန်ကို မီးပွိုင့်၏ အချက်ပေးခေါင်းလောင်းက နရီချက်မှန်မှန် တီးပေးနေသည်။ မျက်မမြင်တစ်ယောက်သည် နရီချက်မှန်မှန် တီးပေးနေသည့် ထိုအသံကို နားထောင်ပြီး ၁၈စက္ကန့် မပြည့်မီအချိန်အတွင်း အန္တရာယ်ကင်းစွာဖြင့် လမ်းဖြတ်ကူးနိုင်သည်။**

ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးစနစ် ပြည့်စုံကောင်းမွန်သော နည်းပညာနှင့် တည်ဆောက်ပြုပြင်မှုများကို အကျိုးရှိစွာ အသုံးချရန် လိုအပ်သလို . . ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက်လည်း လက်တွေ့ကျကျအလုပ်ဖြစ်နိုင်သော ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ကာ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးအတွက် အရည်အသွေးမြှင့်တင်ပေးခြင်းနှင့် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း နည်းလမ်းများကို ကျင့်သုံးသွားကြရမည်သာဖြစ်ပေသည်။ ။


## 'ပ'သုံးလုံးဝါတွင်းရဟန်းတော်များ ဝိပဿနာသင်တန်း

'ပ'သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်၏ (၄၇)ကြိမ်မြောက် ဝါတွင်းရဟန်းတော်များ ဝိပဿနာပညာသင်တန်းကို ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်မှစ၍ သီတင်းကျွတ်လဆန်း ၈ ရက်အထိ အပတ်စဉ် ဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၃း၃၀နာရီအထိ သင်တန်းဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းလျှောက်လွှာများကို (ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်) နောက်ဆုံးထားပြီး လျှောက်ထားနိုင်ကြောင်း၊ အချက်အလက်များကို ဝိပဿနာပညာတက္ကသိုလ်၊ ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ကွက်သစ်(၂)လမ်း၊ အမှတ် ၂၈၈၊ သုံးလွှာ(ခေါင်း ရင်းခန်း)တိုက်ခန်းအား ဦးအောင်နိုင်၊ ဒေါ်မေစိုးထွေးတို့ထံမှ ဝယ်ယူရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ ကြော်ငြာသည့်ရက်မှစ၍ နှစ်ပတ်အတွင်း မည်သူမဆို ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဝယ်ယူမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်စန်းစန်းဝေ ၇/သဝတ(နိုင်)၀၉၅၀၂၀**
**ဖုန်း-၀၉-၂၅၄၂၆၆၁၈၁**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ **ဦးအောင်မင်း** TKA ၀၂၂၂၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများသိစေရန် ကြေညာလိုက်ပါသည်။ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက် အမှတ်(၇၂၂)၊ မြေကွက်လိပ်စာ ယခင် (၇၂၂) ကျောင်းစုမြေနီ(၇)လမ်း အနောက် အလျား၄၀' × အနံ၆၀' ဧရိယာ (၀. ၀၅၅)ဧက၊ (စတုရန်းပေ ၂၄၀၀)၊ နှစ်(၆၀)မြေငှားဂရန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်း TKA ၀၂၂၂၂၁ ဖြင့် ယနေ့တိုင် မှတ်သားထားရှိပြီး၊ ယနေ့တိုင် သက်ရှိထင်ရှားရှိနေသူ ဦးအောင်မင်း တစ်ဦးတည်းအမည်ပေါက်လျက်ရှိနေပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်း၏ ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်နေထိုင်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ပုဇွန်တောင် ဦးမြင့်အောင် (စဉ်-၆၈၉၄) [တရားလွှတ်တော်ရှေ့နေ]**
**အမှတ်(၂၂)၊ ပထမထပ်၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09 73102127, 09 25020096**

## Myanmar Noble College

ဒုတိယအကြိမ်မြောက် Higher National Diploma ဘွဲ့နှင်းသဘင်

ကျင်းပမည့်အစီအစဉ်

❋ Myanmar Noble College တွင် ၂၀၁၂ ပညာသင်နှစ်၊ ၂၀၁၃ ပညာသင်နှစ်များတွင်တက်ရောက်သင်ကြားခဲ့သည့်ကျောင်းသား/ကျောင်းသူများ၏ Pearson BTEC HND Diploma ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်သွားမည်ဖြစ်ပါသည်။

- နေ့ရက် ။ ။ ၂၉.၇.၂၀၁၅ (ဗုဒ္ဓဟူးနေ့)
- အချိန် ။ ။ (၁၀:၀၀ - ၁၂:၀၀)နာရီ
- နေရာ ။ ။ Shwegandamar Grand Ball Room (ဂန္ဓမာလမ်း နှင့်ဝေဇယန္တာလမ်းထောင့်၊ ရန်ကုန်)

❋ ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်များတွင် မြန်မာအမျိုးသားဝတ်စုံ၊အနောက်တိုင်းဝတ်စုံအပြည့်အစုံဝတ်ဆင်၍တက်ရောက်ရပါမည်။

❋ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့်ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်လက်မှတ်များအား (၁၃.၇.၂၀၁၅ မှ ၂၄.၇.၂၀၁၅)ရက်အတွင်းကျောင်းသားရေးရာဌာနသို့ကိုယ်တိုင်လာရောက်၍ထုတ်ယူကြရမည်။

အသေးစိတ်အစီအစဉ်များအား - ကျောင်းသားရေးရာဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ဖုန်း - ၀၁-၂၂၀၄၇၆ ၊ ၀၉ - ၇၃၁၆၃၉၇၅ ၊ ၀၉-၇၈၀၆၃၉၅၇၇

# ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေရဲ့ ရာသီအကြိုလှုပ်ရှားမှု

■ မိုးမြင့်လင်းလက်

၂၀၁၅-၂၀၁၆ ပရီမီယာလိဂ် ဘောလုံးရာသီအတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေတဲ့ ထိပ်တန်းအသင်းတွေဟာ လာမယ့်ရာသီမှာ ချန်ပီယံဖလားသိမ်းပိုက်နိုင်ရေးအတွက် ဦးတည်ကြိုးစားနေကြပြီဖြစ်ပါတယ်။ ဒါ့အပြင် ခြေစမ်းပွဲခရီးစဉ်တွေလည်းရှိနေတာမို့ လောလောဆယ်မှာ ကစားသမားသစ်တွေခေါ်ယူရေး၊ စာချုပ်သစ်ထပ်မံချုပ်ဆိုပြီး ကစားသမားတွေကို ဆက်လက် ထိန်းသိမ်းနိုင်ရေးတို့ကိုလည်း ကြိုးစားနေသလို အသင်းကထွက်ခွာမယ့် ကစားသမားတွေကို စိစစ်ခွင့်ပြုနေပါတယ်။ လာမယ့်ရာသီ အစကတည်းက အကောင်းဆုံးပုံစံရဖို့ ကြိုးစားပြင်ဆင်နေတဲ့ ထိပ်တန်းအသင်းတွေရဲ့ အခြေအနေကိုကြည့်ရင် အပေါ်ယံငြိမ်သက်နေပေမယ့် လှုပ်လှုပ်ခတ်ခတ်ရှိနေတာအမှန်ပါပဲ။




### မန်ယူ

ရီးရဲမက်ဒရစ်နောက်ခံလူ ရာမို့စ်ကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူဖို့ ကြိုးစားနေတဲ့ မန်ယူဟာ ပီအက်စ်ဗွီအသင်းက ဒီပေးကိုတော့ရအောင်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် ကလီဗာလေကိုလည်း အဲဗာတန်အသင်းကို ပြောင်းရွှေ့ခွင့်ပြုခဲ့ပါတယ်။ ဒါ့အပြင် စပို့တင်းလစ္စဘွန်းကို အငှားချထားတဲ့ နာနီ၊ ရီးရဲမက်ဒရစ်ကို အငှားချထားတဲ့ ဟာနန်ဒက်ဇ်တို့ ပြန်ရောက်ဖို့ ရှိနေပါတယ်။ ရာသီအကြို ဘောလုံးပွဲစဉ်တွေအဖြစ် ဇူလိုင် ၁၈ ရက်မှာ နိုင်ငံတကာချန်ပီယံရှစ်ဖလားပွဲအဖြစ် မန်ယူနဲ့ ကလပ်အမေရိက၊ ဇူလိုင် ၂၁ ရက်မှာ မန်ယူနဲ့ ဆန်ဂျို့စ်၊ ဇူလိုင် ၂၅ ရက်မှာ မန်ယူနဲ့ ဘာစီလိုနာ၊ ဇူလိုင် ၃၀ ရက်မှာမန်ယူနဲ့ ပီအက်စ်ဂျီ စတဲ့ပွဲတွေဆင်နွှဲဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ ရလဒ်ကောင်းအောင် နည်းပြဗန်ဟားလ် ကြိုးစားပြင်ဆင်နေပြီဖြစ်ပါတယ်။

### ချယ်လ်ဆီး

သော်ဂန်ဟာဇက်က ဂလာဘတ်၊ ကာကူတာက ဆီဗီလာအသင်းတွေကို ပြောင်းရွှေ့သွားပေမယ့် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကတော့ ပါရာနန်စီက နာသန်၊ ဗီတိုရယ်အသင်းက မာနီကာတို့ကို ခေါ်ယူထားပါတယ်။ ဩစတြေးလျနဲ့ ထိုင်းတို့မှာ ခြေစမ်းပွဲတွေကစားခဲ့ပြီး နိုင်ငံတကာချန်ပီယံရှစ်ဖလားပြိုင်ပွဲ ပွဲစဉ်တွေကို ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ ဇူလိုင် ၂၃ ရက်မှာ ချယ်လ်ဆီးနဲ့ နယူးယော့ခ်ရက်ဘူးလ်၊ ဇူလိုင် ၂၅ ရက်မှာ ချယ်လ်ဆီးနဲ့ ပီအက်စ်ဂျီ၊ ဇူလိုင် ၂၉ ရက်မှာ ချယ်လ်ဆီးနဲ့ ဘာစီလိုနာ၊ ချယ်လ်ဆီးနဲ့ ဖီအိုရင်တီးနားတို့ ပွဲတွေယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ ဒါ့အပြင် ကွန်မြူနတီဒိုင်းပွဲစဉ်အဖြစ် ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ပွဲလည်း ကစားဖို့ရှိနေတာမို့ ချယ်လ်ဆီးဟာ ရာသီအကြိုအဖြစ် ပွဲတွေကစားဖို့ တန်းစီနေပါတယ်။

### မန်စီးတီး

မန်စီးတီးအသင်းဟာ အသင်းမှ နက်စတာဆစ်၊ ဘိုယာတာ၊ လမ်းပတ်တို့ ထွက်သွားပေမယ့် ဗလင်စီယာကို အငှားချထားတဲ့ နီဂရီဒိုပြန်ရောက်လာတာကလွဲပြီး ကစားသမားအသစ်ခေါ်ယူရေးကို ပြင်ဆင်နေဆဲပဲရှိပါတယ်။ စတာလင်းကိုခေါ်ယူဖို့အတွက် ပြောင်းရွှေ့ကြေးညှိနှိုင်းနေဆဲဖြစ်ပြီး ကျန်တဲ့ကစားသမားသစ်တွေခေါ်ယူရေးကြိုးစားနေဆဲပဲရှိပါတယ်။ မန်စီးတီးဟာ ဇူလိုင် ၂၁ ရက်မှာ ရိုးမား၊ ဇူလိုင် ၂၄ ရက်မှာ ရီးရဲမက်ဒရစ်အသင်းတွေနဲ့ နိုင်ငံတကာ ချန်ပီယံဖလားပွဲ ကစားဖို့ပြင်ဆင်နေတာကလွဲပြီး ကြီးကြီးမားမားပြောင်းလဲမှုမရှိတဲ့ အနေအထားရှိနေပါတယ်။

### အာဆင်နယ်

ဇူလိုင် ၁၅ ရက်မှာ ဘာကလေ အာရှဖလားပွဲအတွက် ပြင်ဆင်နေတဲ့ အာဆင်နယ်အသင်းဟာ စင်ကာပူXI အသင်းနဲ့ကစားဖို့ အသင့်ရှိနေပြီဖြစ်ပါတယ်။ ဇူလိုင် ၁၈ ရက်မှာ အဲဗာတန် သို့မဟုတ် စတုတ်အသင်းနဲ့ ကစားဖို့ရှိနေပြီး ဇူလိုင် ၂၅ ရက်မှာ အမ်းမရိတ်စ်ဖလားပွဲအတွက် လိုင်ယွန်အသင်းနဲ့ ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ ဒါ့အပြင် ကွန်မြူနတီဒိုင်းအတွက် ဩဂုတ် ၂ ရက်မှာ ချယ်လ်ဆီးနဲ့ ရင်ဆိုင်ရမယ့်ပွဲကလည်း ရာသီကြိုကာလမှာ အခက်ခဲဆုံးပွဲတစ်ပွဲဖြစ်လာပါလိမ့်မယ်။


### လီဗာပူး

လာမယ့်ဘောလုံးရာသီမှာ မျှော်လင့်ချက်ကြီးကြီးမားမားထားရှိနေတဲ့ လီဗာပူးတို့ကတော့ ဘန်လေမှ ဒန်နီအင့်စ်၊ မန်စီးတီးမှ မီလ်နာ၊ ဘော်လ်တန်မှ ဘော်ဒန်၊ ဟော့ဖန်ဟိန်းမှ ဖာမီနို၊ ချာလ်တန်မှ ဂျိုးဂိုမက်ဇ်တို့ကို ခေါ်ယူအားဖြည့်ထားပြီဖြစ်ပါတယ်။ အဲဒီကစားသမားတွေထဲမှာ ဟော့ဖန်ဟိန်းမှ ဂျိုးဂိုမက်ဇ်ကို ပြောင်းရွှေ့ကြေး ပေါင် ၄၁ သန်းပေးပြီး ခေါ်ယူထားပြီဖြစ်တာမို့ ဒီနှစ်မှာ လီဗာပူးဟာ မျှော်လင့်ချက်ကြီးမားနေပြီဖြစ်ပါတယ်။ ရာသီအကြိုခြေစမ်းပွဲတွေအဖြစ် ဇူလိုင် ၁၄ ရက်မှာ ထိုင်း All Star အသင်း၊ ဇူလိုင် ၁၇ ရက်မှာ ဘရစ်ဘာနီအသင်း၊ ဇူလိုင် ၂၀ ရက်မှာ အဒယ်လိုင်ဒီအသင်း၊ ဇူလိုင် ၂၄ ရက်မှာ မလေးရှားXI အသင်း၊ ဩဂုတ် ၁ရက်မှာ ဟယ်ဆင်ကီအသင်းတွေနဲ့ ကစားဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ။

## ရာမို့စ် မန်ယူကိုရောက်နိုင်မလား

ဆာဂျီရာမို့စ်ဟာ ရီးရဲမက်ဒရစ်နောက်တန်းမှာ ခြေစွမ်းပြကစားနေတဲ့သူပါ။ သူ့ကို မန်ယူက ပေါင် ၂၈ ဒသမ ၆ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၉ နှစ်အရွယ် ရာမို့စ်ဟာ ၂၀၁၇ ခုနှစ်မှာ ရီးရဲမက်ဒရစ်နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကုန်ဆုံးမှာဖြစ်တဲ့အတွက် စာချုပ်ထပ်မံချုပ်ဆိုဖို့ ကမ်းလှမ်းမှုမရှိတာကြောင့် အသင်းမှထွက်ခွာလိမ့်မယ်လို့ မန်ယူကယုံကြည်ထားပါတယ်။ စပိန်ကစားသမား ရာမို့စ်ဟာ ဘာနေဗျူးကလပ်နဲ့ ပွဲပေါင်း ၄၄၅ ပွဲ ပါဝင်ကစားခဲ့သူပါ။ လာမယ့်ရာသီမှာ နောက်တန်းခံစစ်အတွက် စိတ်ချရတဲ့ ရာမို့စ်ကို အရခေါ်ယူဖို့ မန်ယူနည်းပြကြီး ဗန်ဟားလ်က လိုလားနေတယ်လို့ ဆိုပါတယ်။ ရာမို့စ်ဟာ ၂၀၀၅ ခုနှစ်က ဆီဗီလာမှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၄ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ အက်သလက်တီကိုအသင်းကို အနိုင်ယူရာမှာ ချေပဂိုးသွင်းယူခဲ့သူဖြစ်ပါတယ်။ သူဟာ စပိန်အသင်းမှာလည်း ၁၂၈ ပွဲ ပါဝင်ကစားခဲ့ပြီး ယူရို ၂၀၀၈၊ ယူရို ၂၀၁၂ နဲ့ ၂၀၁၀ ကမ္ဘာ့ဖလားများ ဆွတ်ခူးရာမှာ ပါဝင်ကစားခဲ့သူလည်းဖြစ်ပါတယ်။ နောက်တန်းအတွက် စိတ်ချရတဲ့ ရာမို့စ်ကို မန်ယူအရခေါ်ယူနိုင်မလားဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။





## ပီတာဆက်ချ် အာဆင်နယ်သို့ရောက်ပြီ

အာဆင်နယ်ဟာ ချယ်လ်ဆီးဝါရင့်ဂိုးသမားကြီး ပီတာဆက်ချ်ကို ပေါင် ၁၀ သန်းနဲ့ စာချုပ်လိုက်ပါပြီ။ စတမ်းဖို့ဘရစ်မှာ ၁၁ နှစ်ကြာ ကစားခဲ့တဲ့ ပီတာဆက်ချ်ကို အာဆင်နယ်က လေးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာပါ။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပီတာဆက်ချ်ဟာ ပြီးခဲ့တဲ့ရာသီက ဘယ်လ်ဂျီယံဂိုးသမားတီဘောက်ကော်တွိုက်စ်ရောက်လာပြီးနောက် ပရီမီယာလိဂ်ပွဲခုနစ်ပွဲသာကစားခဲ့ရတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးမှာ ပွဲထွက်ကစားခွင့် ဆုံးရှုံးသွားတဲ့အတွက် အသင်းမှထွက်ခွာခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်ကတော့ ပီတာဆက်ချ်ကို တစ်ပတ်ပေါင် တစ်သိန်းနဲ့ လေးနှစ်စာချုပ်ထားပါတယ်။ လာမယ့်ရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ အကောင်းဆုံးပွဲထွက်လာမယ့် အနေ အထားရှိနေပါတယ်။ ပီတာဆက်ချ်ဟာ ကျွန်တော်အချိန်ကာလကြာမြင့်စွာ စောင့်ကြည့်ခဲ့ရတဲ့ အကောင်းဆုံးဂိုးသမားဖြစ်ပါတယ်။ သူအကောင်းဆုံးကစားနိုင်မယ်လို့ ယုံကြည်ပါတယ်လို့ နည်းပြအာစင်ဝင်ဂါးက ဆိုပါတယ်။ ပီတာဆက်ချ်ဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးဂိုးသမားတွေထဲက တစ်ဦးပါလို့ အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးကဆိုပါတယ်။ ကမ္ဘာမှာ အကောင်းဆုံး ဂိုးသမားထံမှ သင်ယူဖို့ အခွင့်အရေးရတဲ့အတွက် ဝမ်းမြောက်မိပါတယ်လို့လည်း အာဆင်နယ်လက်ရှိဂိုးသမား ဝိုချက်က ဆိုပါတယ်။

## အိမ်ရှင်ချီလီ ချန်ပီယံဆုနဲ့နီးပြီ



အိမ်ရှင်ချီလီအသင်းအနေနဲ့ လက်ရှိကျင်းပနေတဲ့ ကိုပါအမေရိကဖလားဆွတ်ခူးနိုင်ဖို့ လက်တစ်ကမ်းအလိုရောက်ရှိလို့သွားပါပြီ။ ချီလီအသင်းဟာ ပီရူးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ၂၈ နှစ်တာအတွက် ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲတက်ရောက်သွားခဲ့ပါပြီ။ ချီလီအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကိုတော့ ကျူပီအာတိုက်စစ်မှူးဟောင်း အီဒူယာဒိုဗားဂတ်စ်က သွင်းယူပေးခဲ့ပါတယ်။ ချီလီအသင်းဟာ ကိုပါအမေရိကဖလားကို ရအောင်ကြိုးစားနေခဲ့ပေမယ့် နှစ်ပေါင်း ၉၉ နှစ်အတွင်းမှာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမရှိဘူးလို့ ဆိုပါတယ်။ ချီလီဟာ ဗိုလ်လုပွဲမှာ အာဂျင်တီးနား သို့မဟုတ် ပါရာဂွေးနဲ့ ကစားရမှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဆီမီးအထိ တက်နိုင်ခဲ့တဲ့ ပီရူးအသင်းဟာ ဒီနှစ်မှာလည်း ဆီမီးအဆင့်အထိသာ တက်ရောက်နိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာတော့ အိမ်ရှင်ချီလီအနေနဲ့ အာဂျင်တီးနားနဲ့တွေ့နိုင်မယ့်အနေအထားရှိပါတယ်။ အိမ်ရှင်ပရိသတ်ရဲ့ အားပေးမှုနဲ့ ချီလီအသင်းဟာ မျှော်မှန်းထားတဲ့အတိုင်း ဖလားဆွတ်ခူးသွားနိုင်ပါတယ်။ ချီလီအသင်းဟာ ဖလားရခဲ့မယ်ဆိုရင် နှစ်ပေါင်း ၁၀၀ ပြည့်ခါနီးမှာ ကိုပါအမေရိကဖလားကို ဆွတ်ခူးနိုင်ခြင်းဖြစ်ပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။

အင်တာနက်ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှဖြစ်မယ်

Sat & Sun 11 July

# ဂုဏ်ထူးဦးအောင်ခိုင်

Basic English Speaking

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ အလုပ်ဝင်လိုသူ နှင့် ကုမ္ပဏီ၊ ဘဏ် ဝန်ထမ်းများအတွက် ဖွင့်ပါပြီ။

ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Certificate in Travel & Tourism
City College of San Francisco

၂၇၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၆၆၇၃၉၊ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လေး ၉/လဝန(နိုင်)၀၃၂၁၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

Quality Products
UPT
Serving People

အမျိုးသားစာပေဆုရှင်ကြီး

# ဦးဖေသိန်း

B. Sc. Engg. Electrical

လျှပ်စစ်ပညာကျွမ်းပြုဆရာကြီး ကိုယ်တိုင်ကျွမ်းကျင်တဲ့ပညာရှင် တိုင်းတပါးသားအားကိုးခြင်းမရှိ လုပ်ငန်းသက်တန်း၃၄နှစ်ကျော်ရှိ

ရပ်ကွက်၊ကျေးရွာ၊စက်ရုံသုံး ထရန်(စ)ဖေါ်မာကြီးများထုတ်လုပ်ရောင်းချနေတာ ၁၄နှစ်ရှိခဲ့ပါပြီ၊သရီးဖေ့(စ)စလုံးကျွိုင်လောင်ပြီးပြန်လာတာမရှိသေးပါဘူး။ 6.6/0.4 KV, 11KV/ 0.4 KV, 33/0.4KV အရွယ်စုံထုတ်လုပ်နေပါတယ်။ ရောင်းချတဲ့အလုံးတိုင်း အင်အားပြည့်ထွက်ရှိကြောင်း ဝယ်ယူသူရှေ့မှာ နာရီများစွာစမ်းပြပေးပါတယ်၊ ၁၀%ဝန်ပိုပြီးလည်းစမ်းပြပါတယ်၊မည်သည့်နိုင်ငံလုပ်မည်သည့်တံဆိပ်ပဲဖြစ်ဖြစ် 50 KVA မှ 1500 KVA အတွင်း ပြုပြင်ပေးပါတယ်။ ထရန်(စ)ဖေါ်မာ အကြိမ်ကြိမ်လောင်တဲ့နေရာကိုကွင်းဆင်းလေ့လာပြီး ပြဿနာရဲ့အကြောင်းအရင်းကို စစ်ဆေးဖေါ်ထုတ်ပြုပြင်ပေးတယ်။ Tel.01-561868,577404,095019348

# Congratulations

We extend our gracious welcome and cordial congratulations

on the auspicious opening of

**OCBC Bank**

## "OVERSEA-CHINESE BANKING CORPORATION"

Yangon Branch in Myanmar on 2nd July 2015.

We are fully confident that your world renounced banking services and expertise will take Myanmar's financial sector to the global level.

Chairman
and Board of Directors
**KBZ BANK LTD.**

သင့်လုပ်ငန်းအတွက် အသင့်တော်ဆုံး လမ်းညွှန်ကို ရွေးချယ်ပါ

YOUR INDUSTRY, YOUR DIRECTORY




စီးပွားရေးနယ်ပယ်တစ်ခုချင်းစီအတွက် သီးသန့်ထုတ်လုပ်ထားပြီး တိကျပြည့်စုံသော လိပ်စာများ၊ သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်ရှိ သိထားသင့်သော အချက်အလက်များနှင့် အကြံပြုချက်များ ပါဝင်သည်။

2015-16 ထွက်ပြီ

Tel: 373254, 245358 Ext: 810-819 Email: ydg.adv@gmail.com

HOTLINE 01-8619277

# ကူးစက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိရှိရန်လို

**ရန်ကုန် ဇူလိုင် ၁**

မိုးရာသီ ကျောင်းဖွင့်ကာလတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ကူးစက်ရောဂါခံစားရသော ကလေးငယ်များအဖို့ တစ်နှစ်လျှင် နာမကျန်းဖြစ်ခြင်းမှ ပြန်လည်နာလန်ထူနိုင်ရန် ကျောင်းတက်ရန် ရှစ်ရက်ခန့် ကျောင်းပျက်လာသဖြင့် မှန်ကန်သော ကျန်းမာရေးအလေ့အထကောင်းများကို ကျောင်းဖွင့်ခါစကာလတွင် ပြုလုပ်လေ့ကျင့်ရန် လိုအပ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကလေးအထူးကုဆရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးတာဝန်ခံက ပြောကြားသည်။

မိုးရာသီတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများသည် ကျောင်းနေစအရွယ်ကလေးငယ်များတွင် အများဆုံးဖြစ်ပွားတတ်ပြီး နှစ်စဉ် ကလေးသူငယ် ၄၉၀၀၀ မှာ အသက်ငါးနှစ်မပြည့်မီ ကူးစက်ရောဂါကြောင့် သေဆုံးနေကြရသည်။

မိုးရာသီ၌ အများဆုံးဖြစ်ပွားသည့် ကူးစက်ရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်ကြပြီး နိုင်ငံတကာတွင်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါသည် အသက်ငါးနှစ်အောက်ကလေးများ သေဆုံးခြင်း၏ ဒုတိယအကြီးမားဆုံး အကြောင်းအရင်းဖြစ်ကြောင်း သိရသည်။

မိသားစုအများစုမှာ ရောဂါကူးစက်ပြန့်ပွားခြင်း မရှိစေရန် ကြိုတင်ကာကွယ်တားဆီးခြင်းဆိုင်ရာ ဗဟုသုတနည်းပါးလျက်ရှိကြောင်း၊ မမြင်ရသည့် ရောဂါပိုးမွှားများ ကိုယ်ခန္ဓာအတွင်း ဝင်ရောက်ခြင်းများကိုကာကွယ်ရန် မှန်ကန်သော လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုကို နည်းစနစ်မှန်စွာ ပြုလုပ်ကြရန် ဒေါက်တာဒေါ်ခင်စောရီက ပြောကြားသည်။

လူမှုဖူလုံရေးအဖွဲ့ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲသူ ဒေါက်တာဒေါ်ဆန်းဆန်းအေးကလည်း "ငါးနှစ်အောက်ကလေးတွေရဲ့ ကျန်းမာရေးကို အလေးပေးဆောင်ရွက်ကြပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ မွန်ပြည်နယ်တွေမှာ လေ့လာတွေ့ရှိချက်တွေအရ မိသားစုဝင်ငွေကနေ ကျန်းမာရေးအတွက် အသုံးပြုတာက ၂၀ရာခိုင်နှုန်းကနေ ၃၀ရာခိုင်နှုန်းအထိ ရှိတယ်။ ကုန်ကျစရိတ်မှာ ကုသမှု၊ ဆေးဝါးစရိတ်နဲ့ သွားလာစရိတ်၊ ကုသစဉ်နေထိုင်စရိတ်တွေ ပါဝင်ပါတယ်။ ထို့အတူ ကျန်းမာရေးထိခိုက်လာရင် အလုပ်အကိုင်ပျက်ကွက်ပြီး သွားလာနေထိုင်မှုစရိတ်တွေက မြင့်တက်နေတယ်"ဟု ပြောကြားသည်။

ကုန်ကျစရိတ်သက်သာရေး၊ အချိန်မကုန်စေရေးနှင့် ရောဂါခံစားရမှုမှ ကင်းဝေးစေရေးအတွက် အလွယ်ကူဆုံးနည်းလမ်းတစ်ခုဖြစ်သော လက်ဆေးခြင်း အလေ့အထနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အထကောင်းများကို ကျောင်းများတွင် မျှဝေသည့်နည်းတူ အိမ်များတွင်လည်း ဆောင်ရွက်ထားသင့်ကြောင့် ဒေါက်တာဒေါ်ခင်စောရီက တိုက်တွန်းသည်။

ယမန်နှစ်က ကမ္ဘာပေါ်ရှိ ကလေးများအားလုံးတွင် ဝမ်းပျက်ဝမ်းလျှော ရောဂါကို ၄၅ ရာခိုင်နှုန်း၊ အဆုတ်ရောင်ရောဂါကို ၂၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးခြောက်သိန်းမှာ အဆိုပါရောဂါနှစ်မျိုးကြောင့် အသက်ဆုံးရှုံးလျက် ရှိနေကြောင်း သိရသည်။

"မိုးရာသီမှာ အအေးမိတာ၊ ချောင်းဆိုးတာနဲ့ ဖျားနာတာ၊ အရေပြားရောဂါတွေ အများဆုံး ဖြစ်နေပါတယ်။ လက်ကိုမှန်မှန်ကန်ကန်ဆေးခြင်းကနေ ၄၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်တာကို ကျွန်မတို့ သုတေသန အချက်အလက်တွေအရ သိရှိထားပါတယ်။ ဒါကြောင့် ကာကွယ်ပေးသင့်တယ်"ဟု ကျန်းမာရေးဆိုင်ရာ ပညာပေးအစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများတွင် လှည့်လည်ဆောင်ရွက်ပညာပေးစဉ် ဒေါက်တာ ဒေါ်ခင်စောရီက ပြောကြားသည်။

**သွန်းဝသန်**

# ပိုင်ရှင်မဲ့သစ်ခွဲသားများ ဖမ်းဆီးရမိ

**ပြည် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ သူရဲတန်းကြိုးဝိုင်း အကွက်အမှတ် (၃၁)၌ ပိုင်ရှင်မဲ့သစ်ခွဲသား ရှစ်တန်ကျော်ကို ဇွန် ၂၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများက သူရဲတန်းကြိုးဝိုင်းသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်ရာ အကွက်အမှတ် (၃၁)၌ စကားဝါသစ်ခွဲသား ၉၀ ချောင်း၊ အလေးချိန် ၈ ဒသမ ၅၂၆၈ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ ဖမ်းဆီးရမိသည့် ပိုင်ရှင်မဲ့သစ်များကို ပန်းတောင်းမြို့နယ် ဖောင်းကန်ရပ်ကွက်ရှိ သစ်တောစခန်းသို့သယ်ယူခဲ့ပြီး သစ်တောနည်းဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းလွင်(ပြည်)**

# မီးကြွင်းမီးကျန်မှ လောင်ကျွမ်းမှုဖြစ်၍ နေအိမ်ခုနစ်လုံးမီးလောင်

**စစ်ကိုင်း ဇူလိုင် ၁**

စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာ၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းမှု ဇွန် ၂၉ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ပြီး နေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဇီးချောင်းကျေးရွာနေ တောင်သူဦးစိုးလွင်၏ နေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကြောင့် နေအိမ် ခုနစ်လုံးအပြင် စပါးတင်း ၅၀ လည်း မီးလောင်ကျွမ်းဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ စစ်ကိုင်းမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်လေးစီးနှင့် ရေသယ်ယာဉ်တစ်စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လာရောက်ငြိမ်းသတ်ခဲ့ပြီး နေအိမ်ခုနစ်လုံးရှိ အိမ်ထောင်စုကိုးခုမှ မီးဘေးဒုက္ခသည် ၃၃ ဦးအား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က လိုအပ်သည့် အကူအညီများ ပေးထားကြောင်းနှင့် မီးစတင်လောင်သည့် အိမ်ရှင် ဦးစိုးလွင်အား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# လားဟူလူငယ်ဘောလုံးပြိုင်ပွဲ ကျိုင်းတုံ၌ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် နေထိုင်ကြသည့် လားဟူတိုင်းရင်းသား လူမျိုးများမှ ထူးချွန်သော လားဟူတိုင်းရင်းသား လူငယ်အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ လားဟူတိုင်းရင်းသား ကျေးရွာလူထုများ အားကစားကို စိတ်ပါဝင်စားလာစေရန်နှင့် လားဟူတိုင်းရင်းသား ဘောလုံးကလပ်အသင်း ထူထောင်သွားရန်အထိ ရည်ရွယ်၍ ကျိုင်းတုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လားဟူနှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ လူငယ်ဌာနတို့ပူးပေါင်းပြီး လားဟူနှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ လူငယ်ဌာန(ဖလား) အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇွန် ၂၉ ရက် ညနေ ၃ နာရီက မြို့နယ် အားကစားကွင်းတွင် ပြုလုပ်သည်။



ဖွင့်ပွဲတွင် လားဟူလူငယ်ဌာန အတွင်းရေးမှူး ဦးကီးဒိုက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် လားဟူလူငယ်ဘောလုံးအသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စုနှစ်စုခွဲကာ ဇူလိုင် ၈ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ တစ်ဝက်ကျော်ထုတ်ပေးပြီးဖြစ်

**ဂန့်ဂေါ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မေလကုန်ပိုင်းက စတင်ထုတ်ချေးပေးလျက်ရှိကာ ဇွန်လကုန်ပိုင်းတွင် ချေးငွေစုစုပေါင်း၏ တစ်ဝက်ကျော်ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

မိုးရာသီချေးငွေအဖြစ် ဂန့်ဂေါမြို့နယ်အတွင်းရှိ တောင်သူများအား စုစုပေါင်း ကျပ်သိန်းပေါင်း ၁၇၂၉၀ ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မေလကုန်ပိုင်းမှ ဇွန် ၂၉ ရက်အထိအတွင်း ကျေးရွာ ၅၄ ရွာရှိ အစုအဖွဲ့ ၁၄၅၀ မှ တောင်သူ ၄၃၀၁ ဦးအား စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံတစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ရာ စပါး ၁၁၃၂၄ ဧကနှင့် နှမ်း ၁၁၃၉၉ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၃၆၀၃ ဒသမ ၈၀ သိန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ချေးငွေများကို ကျေးရွာပေါင်း ၆၅ ရွာမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသော တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။လုပ်ငန်းအားလုံး(သို့)လုပ်ငန်းတစ်ခုစီအလိုက် တင်ဒါတင်သွင်းနိုင်ပါသည်။

| စဉ် | အမျိုးအမည် | အမျိုးအစား | အရေအတွက် |
|---|---|---|---|
| ၁ | ရေသန့်စက် | RO 400GPD(Reverse osmosis Drinking Water System,Capacity;400GPD,1000 Lit Tank(2), 1st Filter 20",5M Filter,2nd Filter 20" Active Carbon,3rd 20"1M Filter,4th Filter RO (100 GPD)Membrane x 4nos,5th Filter Taste and odor removal | ၁ |
| ၂ | စက်ကိရိယာများ | Crimping Tools | ၅ |
| | | RAM DDR 3-2 GB | ၅၀ |
| | | UBIQUITI Nano Station LOCO M2 Acesspoint | ၆ |
| ၃ | ရုံးသုံးစက်ကိရိယာများ | Desktop Computer Dell(Memory 4 GB,HDD 500 GB, Processor Intel Core i7) | ၆၀ |
| | | Digital Oscilloscope(200MHZ)(20.4 Analog Channel) | ၄ |
| | | Digital White Board | ၂ |
| | | UPS (Power Tree)(650 VA) | ၆၀ |
| ၄ | ရုံးသုံးပရိဘောဂများ | Computer Table (မလေးရှားကြိတ်သား) | ၁၀၀ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါရှိသည့်ရက်မှစတင်၍ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)တွင် ရောင်းချမည်ဖြစ်ပြီး ၄င်းအိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၅ ရက် ရုံးချိန်အတွင်းတွင် ဥက္ကဋ္ဌ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)သို့ လိပ်မူ၍ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၂-၂၂၁၅၅၊ ၂၂၁၅၆၊ ၀၉-၂၀၀၀၉၄၇၊ ၀၉-၂၅၆၆၂၉၉၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့၊ ကွန်ပျူတာတက္ကသိုလ် (ပခုက္ကူ)**



## အမည်ပြောင်း

ဦးဝင်းမောင်နိုင်၏ သားနှင့်သမီး မရမ်းကုန်းမြို့နယ် အလက(၅) Grade 9(A) မှ မောင်စောနိုင်အား မောင်ခေးနိုင်ဟု လည်းကောင်း၊ Grade 9 (C) မှ မအေးသန္တာအား မသန်းဌေးဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါ။



## မိဘအမည်မှန်

ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ အမက (စက်ခေါင်းရုံး) စတုတ္ထတန်းမှ မရည်မွန်အောင်၏ မိဘအမည်မှန်မှာ ဦးသန်းအေးနှင့် ဒေါ်သန်းအေး ဖြစ်ပါကြောင်း။

**ဦးသန်းအေး ၁၀/ပမန(နိုင်)၀၃၉၅၅၄**
**ဒေါ်သန်းအေး ၁၀/ပမန(နိုင်)၀၃၉၅၅၅**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၆၇၂၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုးအိတာ ၁၀/ပမန(နိုင်)၁၅၅၃၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံမြို့)**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ မြေကွက်/ဦးပိုင်အမှတ် (၄ရ^ဓ၊ ၄၇^န)၊ ဧရိယာ ၀ဒသမ၀၂၀ ဧကရှိ ဦးအီတီအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးအီတီ ၉/ပမန(နိုင်)၀၅၃၀၆၂ (ဘ)ဦးအီလူမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၃၇၁၂၆ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသိန်း ၅/မရန(နိုင်)၀၀၄၀၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၅၄၅၄ Multi L/T P/U(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးပိုင် ၁၂/ပဇတ(နိုင်)၀၃၀၁၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၁၈၅၈ Feiling 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဟိန်းအောင် ၇/ပခန(နိုင်)၃၄၄၆၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူး (ပဲခူး)**


သွေးသည် အသက်

# Congratulations

We extend our gracious welcome and cordial congratulations

on the auspicious opening of

UOB 大華銀行 "UNITED OVERSEAS BANK"

Yangon Branch in Myanmar on 2nd July 2015.

We are fully confident that your world renounced banking services and expertise will take Myanmar's financial sector to the global level.

Chairman
and Board of Directors
**KBZ BANK LTD.**



M.E.S Affiliated Centre

edexcel
Approved Center No: 93081

## CHINDWIN COLLEGE

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများအတွက် INTERNATIONAL FOUNDATION COURSE

**ချင်းတွင်းကောလိပ် ဆိုတာ**

- ၂၀၀၇ခုနှစ်မှာ မြန်မာနိုင်ငံကို Higher National Diploma ဆိုတဲ့ Vocational Diploma ကို ပထမဆုံး ယူဆောင်လာခဲ့တဲ့ ကောလိပ်ဖြစ်တယ်
- Pearson PLC UK Certified HND Training Center ဖြစ်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းရဲ့ Affiliated Training Center လဲဖြစ်တယ် တက္ကသိုလ်ဝင်တန်းအောင်ပြီးရင် ချင်းတွင်းမှာ International Foundation Course တက်နိုင်တယ်
- ချင်းတွင်းက IFC ပြီးရင် ချင်းတွင်းမှာဘဲ HND ဆက်တက်နိုင်သလို စင်္ကာပူမှာ ရှိတဲ့ ချင်းတွင်းရဲ့ partner college တွေမှာ HND ကိုဖြစ်စေ၊ UK တက္ကသိုလ် ပထမနှစ်ကို ဖြစ်စေ ဆက်လက်တက်ရောက်နိုင်တယ်
- ချင်းတွင်းမှာ တက်ရင် ရတဲ့ HND certificate ဟာ Pearson PLC UK က ပေးတဲ့ certificate ဖြစ်တဲ့အတွက် HND ပြီးရင် UK University of Sunderland, University of Hertfordshire, Sheffield Halam University, Coventry University တို့ရဲ့ နောက်ဆုံးနှစ်ကို တိုက်ရိုက် တက်ရောက်နိုင်တယ်
- ချင်းတွင်းမှာ တက်ရင်ရတဲ့ HND certificate ကို UK တက္ကသိုလ် ဒုတိယနှစ်အောင်တာနဲ့ ညီမျှတယ်လို့ နိုင်ငံတကာ တက္ကသိုလ် ၄၀ ကျော်က အသိအမှတ်ပြုထားတယ်
- ချင်းတွင်းက HND ပြီးပြီး UK Bachelor ဘွဲ့ရပြီးသူ ၄၀၊ လက်ရှိ နောက်ဆုံးနှစ် တက်နေသူ (၆၈) ဦး ရှိနေတယ်

ဇူလိုင်တန်းခွဲအတွက် ဖွန်လမကုန်မီ ကြိုတင်ငွေသွင်း သူများအတွက် Discount ရှိပါသည်။

**Yangon** - No.(75), Thein Phyu Road (Lower Block), Botahtaung Township. ☎ 01 - 298 137, 297 673
- 1st Floor, New Sin Ma Lite Market, Corner of Kyi Myin Taing Kanar & Hantharwaddy Road.
**Mandalay** - Corner of (77x78)st & (31x32)st, Sebal Building, Greatwall Condo Complex. ☎ 02 - 741 79, 682 49

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
## MYANMAR MERCANTILE MARINE COLLEGE

Bayint Naung Road, Kamayut Tsp., University P.O,Yangon, Myanmar, Tel:95-1-539464, 539465

Email:mmmc@mptmail.net.mm, Fax:95-1-513448

### ကြော်ငြာစာ

၁။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်း ဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ (လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၁၄-၈-၂၀၁၅ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet (CD/44) Diploma in Nautical Studies/ Dip:N.S. သင်တန်းအမှတ်စဉ်(၁၀)
- (ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet (CE/42) Diploma in Maritime Technology/ Dip:Mar.Tech သင်တန်းအမှတ်စဉ်(၁၀)

၂။ ပညာအရည်အချင်းကန့်သတ်ချက်
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး (၄၂၀)ရှိရမည်။

၃။ အသက်နှင့်အခြားကန့်သတ်ချက်
- (က) ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် (၁၉)နှစ်ထက် မကျော်လွန်စေရ။
- (ခ) အရပ်အမောင်း ၅ ပေ ၄ လက်မ အနည်းဆုံးရှိရမည်။
- (ဂ) ကိုယ်အလေးချိန် ၁၀၀ ပေါင် အနည်းဆုံးရှိရမည်။
- (ဃ) ရင်အုပ် ၃၂ လက်မ နဂိုအနေအထား အနည်းဆုံးရှိရမည်။
- (င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ ပဏာမရွေးချယ်မှု
လျှောက်ထားသူများ၏ တက္ကသိုလ်ဝင် စာမေးပွဲရမှတ်အရ အများအနည်း အစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့်အရေအတွက်ရရှိသည်အထိ စိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-
- (က) နားစစ်ဆေးခြင်း
- (ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း
- (ဂ) မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှုရှိ/မရှိစစ်ဆေးခြင်း)
- (ဃ) စိတ်ရောဂါနှင့်မူးယစ်ဆေးသုံးစွဲမှုရှိ/မရှိစစ်ဆေးခြင်း

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-
- (က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
- (ခ) အမည်
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဃ) မွေးနေ့သက္ကရာဇ်
- (င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်/ခုံအမှတ်/မြို့နယ်/တိုင်း/ဘာသာရပ် အလိုက်ရရှိသည့်အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်
- (ဆ) အဘအမည်နှင့်အလုပ်အကိုင်
- (ဇ) အမိအမည်နှင့်အလုပ်အကိုင်
- (ဈ) နေရပ်လိပ်စာအပြည့်အစုံ
- (ည) ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာ

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
- (က) လိုင်စင်ဓာတ်ပုံ (၂)ပုံ
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။
- (ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။)
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း။ (မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)
- (င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်။ (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများပူးတွဲတင်ပြရမည်)
- (စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့်မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၈။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသောလျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသား ဖော်ပြထားသော လျှောက်လွှာများနှင့်အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ် သင်တန်းကြေး ၄၂၀၀၀ိ/-၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေ ကျောင်းသားအဖြစ် (၁)နှစ်တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလို မာလက်မှတ် (Diploma in Nautical Studies/ Diploma in Maritime Technology)နှင့် ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းပြီးဆုံးခြင်းလက်မှတ် (Mercantile Marine Nautical/ Engineering Cadet Training Course Completion Certificate) များ အပ်နှင်းပေးပါမည်။

၁၃။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်း၊ မခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်း ပြုမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သည့် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်ရက်တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ ဖုန်း-၅၃၉၄၆၄၊ ၅၃၉၄၆၅ လိုင်းခွဲ-၁၂၀တို့တွင် စုံစမ်းမေးမြန်းနိုင်သည်။

**ကျောင်းအုပ်ကြီး**
**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

---

## နည်းပညာတက္ကသိုလ်(ပုသိမ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ပုသိမ်)အတွက် အောက်ဖော်ပြပါ Office Equipment ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Desktop Computer Dell (Core i7) | ၉ စုံ |
| (ခ) | Digital Multifunction Copier(Canon iR 2520) | ၁ လုံး |
| (ဂ) | UPS (Power Tree) (650 VA) | ၉ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ပုသိမ်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၉-၅၂၀၂၉၆၇၊ ၀၉-၂၅၆၀၈၁၆၇၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ နည်းပညာတက္ကသိုလ်(ပုသိမ်)**

---

## နည်းပညာတက္ကသိုလ်(ထားဝယ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ နည်းပညာတက္ကသိုလ်(ထားဝယ်)မှ အောက်ဖော်ပြပါ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| 1 | Desktop Computer Dell (Memory 4GB, HDD 500 GB, Processor Intel Core i7) | ၉ လုံး | |
